
www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

# [illegible]

# သတို့သား

## အလိုရှိသည်

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

## အခန်း (၁)

ထည် ဝါခမ်းနားသော်လည်း တိတ်ဆိတ်ငြိမ်သက်၍နေသော ကျက်သရေဆောင်ခန်းမ ...။

ရွှေရော သွင်းကုန်ထုတ်ကုန်ကုမ္ပဏီကြီး၏ အကြီးအကဲ ... ဒါရိုက်တာအဖွဲ့ဝင်များ၊ အစုရှယ်ယာရှင်များ၊ ဝန်ထမ်းများ အားလုံး ထိုခန်းမအတွင်း၌ တိတ်ဆိတ်ငြိမ်သက်လျက် တစ်စုံတစ်ရာကို မျှော်လင့်စောင့်စားနေကြသည်။

ဒီနေ့ဟာ ... ကုမ္ပဏီအတွက် အပြောင်းအလဲတစ်ခု၊ အားလုံးအတွက် စိတ်လှုပ်ရှား ဆန်းကြယ်ဖွယ်ကောင်းလှသော အပြောင်းအလဲတစ်ခုနှင့် ရင်ဆိုင်ရမည့်နေ့။

အားလုံးရဲ့စိတ်ထဲမှာ ဤကုမ္ပဏီ၏အစုရှယ်ယာ အများဆုံးပိုင်ရှင် သူဌေးလည်းဖြစ်ပြီး ဥက္ကဋ္ဌလည်းဖြစ်သော "**ဒေါ်ဒေဒီ ဒေဒွာဦး**" ကို အထူးသတိရနေမိကြသည်။

သက်ပိုင်ရဲ့စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ဒေဝီနှောင်းမှာ ... ရုပ်ရည်က အကျည်းတန်လှသလောက် ဘဝမှာလည်း အထီးကျန်ဆန်လှသည်။

ငွေကြေး၊ စည်းစိမ်၊ ရာထူး၊ ဂုဏ်ဒြပ် အစစအရာရာ ပြည့်စုံလှသော်လည်း လင်ပစ်မ,ဖြစ်ခဲ့ရသော ဒေါ်ဒေဝီနှောင်း၏ ဘဝမှာ ပျော်ရွှင်မှုတို့ ဆိတ်သုဉ်းခဲ့ရသည်။

အရယ်အပြုံး ကင်းမဲ့ကာ အလုပ်ထဲမှာပဲ စိတ်ကို ဒုံးဒုံးချ မြှုပ်နှံခဲ့ရသည်။

အလုပ်နှင့်ပင် စိတ်ကိုဖြေ ...

အလုပ်နှင့်ပင် စိတ်ကို ထွက်ပေါက်ပေးခဲ့ရသည်။

သို့သော် ...

လင်နှင့်သမီးကလေးရဲ့ သတင်းကိုတော့ အဆက်မပြတ် နားစွင့်စုံစမ်းခဲ့သည်။

တစ်ယောက်တည်း ပစ်ထားခဲ့သည့် အချိန်မှစ၍ အထီးကျန်ဆန်လွန်းလှသော ဖြေဆည်မရ လွမ်းဆွတ်မှုဒဏ်ကို ခံစားရင်း စီးပွားရေး၌သာ စိတ်ရောကိုယ်ပါ ပင်ပန်းကြီးစွာ မြှုပ်နှံခဲ့သည့်ဒဏ်နှင့် ခြေကုန်လက်ပန်းကျချိန်၌ သမီးကလေးကို ပြန်ရှာတွေ့ခဲ့သည်။

သို့သော် ...

ရက်စက်ခါးသီးလွန်းသည့် ကံကြမ္မာက သမီးလေးနှင့် ပြန်တွေ့ချိန်မှာ ဒေါ်ဒေဝီနှောင်းက အိပ်ရာပေါ်မှာ ...။





ဘဝသက်တမ်းရဲ့ နောက်ဆုံးအချိန်ကို ရောက်ခဲ့ပြီ။

ကိုယ့်လို အကျည်းတန်ရုပ်ရည်နှင့် မဟုတ်ဘဲ နတ်သမီးလေးတစ်ပါးလို နုဖပ်ချောမွတ်နိုင်လွန်းသော သမီးလေးကို မှုန်သီသောမျက်လုံးများဖြင့် ငေးရီကာ ဖအေ်တူသမီးလေးပါလားလို့ ကျေနပ်ကြေကွဲခဲ့ရသည်။

ဘာပဲဖြစ်ဖြစ် ဒေါ်ဒေဝီနှောင်း ကျေနပ်နိုင်ခဲ့ပြီ။

တမလွန်ခရီးကိုလည်း စိတ်ချလက်ချ သွားနိုင်ပြီ။

မိန်းမသားတန်မဲ့ အပင်ပန်းခံ ဦးဆောင်ရှာဖွေခဲ့သော စည်းစိမ်တွေကို သမီးလေးလက်ထဲ ပျော်ပျော်ကြီး လွှဲအပ်ပြီးသည့်နောက် ...

"ကွန်လွန်သွားခဲ့ပြီဖြစ်တဲ့ ဥက္ကဋ္ဌကြီး ဒေါ်ဒေဝီနှောင်းရဲ့နေရာမှာ သမီးဖြစ်သူ **မျက်သားမြ** ကို ကုမ္ပဏီဥက္ကဋ္ဌရာထူးကို တရားဝင် လွှဲအပ်ပေးပါတယ် ခင်ဗျာ"

ကုမ္ပဏီ၏ရှေ့နေကြီး **ဦးအာကာမောင်** ကြေညာအပြီးမှာ ဒါရိုက်တာအဖွဲ့ဝင်များနှင့် ဝန်ထမ်းများအားလုံးက "မျက်သား



www.burmeseclassic.com

www.burmeseclassic.com



ပြာ'' ကို အကဲခတ်သည်။

ဝင်းမွတ်ကြည်ဝင်းသော အသားအရေနှင့် ရွှေရုပ်လှလှကလေးလို နုဖပ်ချောမွတ်နေသော ဥက္ကဋ္ဌအသစ်ကလေးကို ကြည့်ရင်း အားလုံး တညီတညွတ်တည်း မှတ်ချက်ချလိုက်မိကြသည်မှာ ...

အမေနဲ့ တခြားစီပဲ ... ဟူသော မှတ်ချက်ပင်။

မျက်သားပြာက ...

''မင်္ဂလာပါ''

ဆိုသော နှုတ်ခွန်းဆက်စကားဖြင့် အားလုံးကို အပြုံးဖြင့် နှုတ်ဆက်သည်။

''ကျွန်မ မေမေ့ရဲ့ကိုယ်စား ရွှေရောကုမ္ပဏီရဲ့အကျိုးစီးပွားကို လက်ရှိထက် ပိုပြီးတိုးတက်အောင်, ကြီးပွားအောင် ကြိုးစားသွားမှာပါ၊ ရွှေရောက မေမေ့ရဲ့အသက်မို့ ကျွန်မအတွက်လည်း ကိုးကွယ်ရာတစ်ပါးပါပဲ၊ ရွှေရောနဲ့ ကျွန်မနဲ့ လူကြီးမင်းတို့အားလုံးနဲ့ တစ်သားတည်းဖြစ်ရပါစေမယ်လို့ ကျွန်မ ကတိပြုပါတယ်''

အပြောလေးက ညက်သည်မို့ အားလုံးမှာ ငြိမ်သက်နေမိကြသည်။

တစ်သားတည်း ဖြစ်ရပါစေ့မယ်ဆိုသော စကားကြောင့် ရှေ့နေပြီး ဦးအာကာမောင်က ပြုံးလိုက်မိသည်။





ဒီကောင်မလေးက သူ့ပင် စကားမသင်ပေးရ။

ခုတော့ ရှေ့နေကပင် သူ့မဆီမှ စကားပြန်သင်ရတော့မည့်ပုံ။

''လောလောဆယ်တော့ လူကြီးမင်းတို့ကို ကျွန်မက မေတ္တာရပ်ခံစရာတစ်ခု ရှိပါတယ် ... အဲဒါက ကျွန်မမှာ မေမေမှာထားခဲ့တဲ့ ကိုယ်ရေးကိုယ်တာကိစ္စတစ်ခု အရေးတကြီး ဆောင်ရွက်စရာ ရှိနေပါတယ်''

အားလုံးမှာ ငြိမ်သက်နေရာမှ နည်းနည်း စိတ်ဝင်စားလာကြသည်။

မေမေမှာထားခဲ့တဲ့ ကိုယ်ရေးကိုယ်တာကိစ္စတစ်ခု ...။

ကိုယ်ရေးကိုယ်တာဆိုတာကြောင့် နည်းနည်း လှုပ်လှုပ်ရှားရှား ဖြစ်သွားကြသည်။

မျက်သားပြာကလည်း ဒါကို သိသည်လေ။

စကားကို ခဏ ဆိုင်းငံ့ထားလိုက်သည်။

အားလုံးကိုသိထားသော ရှေ့နေကြီးကတော့ လျှို့ဝှက်ပြုံးတစ်ခု ပြုံးထားမိသည်။

''အဲဒါကြောင့် ...''

စကားကို ပြန်စလျှင် မျက်သားပြာက ရှေ့စားပွဲဝိုင်းတစ်မှာ ထိုင်လျက်ရှိသော ကောင်လေးတစ်ယောက်ဆီ အကြည့်ပို့ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"လောလောဆယ် ကုမ္ပဏီရဲ့ အလုပ်ကိစ္စအဝဝကို ကျွန်မရဲ့ အတွင်းရေးမှူးမလေး မြရိပ်ထင် နဲ့ ခဏလွှဲထားမှာ ဖြစ်ပါတယ်၊ ဒါကြောင့် လူကြီးမင်းတို့အနေနဲ့ လောလောဆယ် အခြေအနေမှာတော့ ကုမ္ပဏီရဲ့ ဆောင်ရွက်ရန်အရေးကိစ္စအားလုံးကို ကျွန်မရဲ့ကိုယ်စား မြရိပ်ထင်က ဆောင်ရွက်ပေးမှာ ဖြစ်ပါတယ်"

မျက်သားပြာ စကားခဏရပ်နားလိုက်စဉ် မြရိပ်ထင်က အားလုံးရှေ့ မြင်သာအောင် မတ်တတ်ထရပ်ပြသည်။

"ကျွန်မရဲ့အတွင်းရေးမှူး မြရိပ်ထင်ပါ၊ စီးပွားစီမံနဲ့ ကျောင်းပြီးထားပါတယ်၊ စာရင်းကိုင်, အတွင်းရေးမှူး, ကွန်ပျူတာနဲ့ တရုတ်, ဂျပန်, အင်္ဂလိပ်, ပြင်သစ် လေးဘာသာ အရေးအပြော ကျွမ်းကျင်ပါတယ်"

အားလုံးရဲ့စိတ်ထဲ တစ်မျိုးပဲဟုသောအတွေးတော့ ဝင်သွားရသည်။

မျက်သားပြာမှာ ကိုယ့်ကိုယ်ကိုယ်ဂုဏ်မဖော်လို၍ပဲလား၊

ကိုယ့်ထက်နိမ့်ပါးသော လက်အောက်ငယ်သားကိုပဲ ဂုဏ်ဖော်ချီးပင့်ချင်၍ပဲလား ...၊

ကိုယ့်ရဲ့ ပညာအရည်အချင်းတွေကိုတော့ မထုတ်ဖော်ဘဲ အတွင်းရေးမှူးမလေးရဲ့ ပညာအရည်အချင်းတွေကိုသာ ထုတ်ဖော်ပြောဆိုသွားတာ ဘာကြောင့်ပါလိမ့်။





ဒါမှမဟုတ် ...

သူမကတော့ အမေဖြစ်သူက ကုမ္ပဏီဥက္ကဋ္ဌမို့ အလိုအလျောက် ရာထူးရရှိလိုက်သူမို့ ထုတ်ဖော်ပြောဆိုစရာ မလိုဘူးလို့ပဲ တွက်ဆလိုက်လေသလား။

ဒါမှမဟုတ် ...

ခုမှပဲ သူမနှင့်အတူ ဤကုမ္ပဏီထဲ ဝင်ရောက်လာခဲ့သော အတွင်းရေးမှူးမကလေးကို ဆင်ဖြူတော်မိုပြီး ကြံစုပ်သူဟု အထင်သေးမခံချင်၍ပဲလား။

မြရိပ်ထင်ဟူသော မျက်သားပြာရဲ့ အတွင်းရေးမှူးမကလေးကတော့ဖြင့် အားလုံးရဲ့ စိတ်ဝင်စား ဂရုစိုက်မှုမှာ ငြိမ်သက်တိတ်ဆိတ်စွာပင်။

ရုပ်ရည်ကလေးမှာ မျက်သားပြာကဲ့သို့ နုဖပ်ဝင်းမွတ်၍ မနေသော်လည်း၊ သာမန် ရွက်ကြမ်းရေကျို ကြည့်ကောင်းရုံ အသားညိုကလေးသာ ဖြစ်သော်လည်း ...ပညာနှင့် လိုက်ဖက်တင့်တယ်သော စူးရှသည့်မျက်ဝန်းကလေးများတော့ ရှိသားပဲလို့ ဘုန်းမြက်ကျော် က ဝေဖန်လိုက်မိသည်။

လက်ရှိးက လူတစ်ယောက်ကို ကြည့်လိုက်ပြီဟေ့ ဆိုလျှင် မျက်လုံးကိုသာ အဓိကထားပြီး စူးစိုက်ကြည့်မိသူ ဖြစ်သည်။

ကြည့်မိလျှင်လည်း သာမန်ကာလျှံကာမဟုတ်။



www.burmeseclassic.com

www.burmeseclassic.com



ဖျတ်ခနဲဆိုသည့် အခိုက်အတန့်ကလေးအတွင်းမှာပင် တစ်ဖက်လူရဲ့ မျက်ဝန်းအိမ်ကို နက်နက်ရှိုင်းရှိုင်း ကြည့်လိုက်မိပြီးသည်ချည်း။

မြရိပ်ထင်ရဲ့ မျက်ဝန်းများမှာ စူးရှထက်မြက်သလောက် လျှို့ဝှက်ရင့်ကျက်သည်။

ဘဝကို ခက်ခဲပင်ပန်းစွာလည်း ဖြတ်သန်းခဲ့ရမည့် မျက်ဝန်းမျိုး။

မြရိပ်ထင်မှာ ရုပ်ရည်ကသာ မထင်ရှားလှသော်လည်း မျက်ဝန်းများမှာတော့ စူးရှတောက်ပသည်။

ညဥ့်ဦးယံကြယ်ပွင့်များလို တလက်လက်တောက်ပနေသော မျက်ဝန်းများကို ကြည့်ရင်း ဝေဖန်မိခိုက် . . .

အမှတ်မထင် . . .

ဘုရားရူး . . . ဝါကယ့်ကို အမှတ်မထင်ပါ။

မြရိပ်ထင်ရဲ့ မျက်ဝန်းရူးရူးလေးများမှာ သူနှင့် ဖျတ်ခနဲ ခလုတ်တိုက်ဆုံစည်းမိသွားသည်။

နဂိုရူးသော မျက်ဝန်းရူးရူးလေးများမှာ မီးများပင် ခုပဲ ထပွင့်တော့မလို ပို၍ ရူးလက်သွားခဲ့သည်။

ဘာလဲဟ . . .

သူကြည့်တာကို ရိုင်းတယ်များ ထင်သွားလို့လား။

စိတ်ဝင်စားလို့ ကြည့်တယ်လို့များ မထင်နဲ့ ကလေးမရေ





. . . ဆိုသော အထာမျိုးဖြင့် မထိတရိပြုံးလျက် ဆတ်ခနဲ မျက်နှာလွှဲလိုက်မိသည်။

ဝေးဝေးသို့ မလွှဲဖြစ်။

ဒီတစ်ခါ လွှဲလိုက်မိတဲ့ မျက်ဝန်းများက မျက်သားပြာဆီသို့။

နာမည်နှင့်လိုက်အောင် မျက်သားလေးများကတော့ ပြာပါရဲ့။

ဒါပေမဲ့ . . . မျက်သားပြာရုံလေးနဲ့တော့ နာမည်တစ်ခုပညတ်ဖို့ မထိုက်တန်လှဘူး ထင်သည်။

အင်း . . . ဒီမိန်းကလေးရဲ့ မျက်ဝန်းများကလည်း တစ်မျိုးပင်။ မြရိပ်ထင်လို လျှို့ဝှက်သောမျက်ဝန်းများ မဟုတ်။ ဟန်ဆောင်ထားသော မာယာမျက်ဝန်းများ။

သူ ခွဲခြမ်းစိတ်ဖြာဖို့ ကြိုးစားဆဲ မျက်သားပြာကလည်း ခပ်စူးစူးပြန်ကြည့်လျှင် ဒုက္ခပဲဟု စိတ်ထဲမှညည်းမိကာ မသိမသာ ပ[illegible]းတွန့်မိလျက် ချက်ချင်း မျက်နှာလွှဲလိုက်ရသည်။

ဒီတစ်ခါတော့ ရှေ့မှ စားပွဲမျက်နှာပြင်ကြီးဆီကိုသာ ပြုံးကြည့်နေလိုက်တော့သည်။

အဲဒီမျက်လုံးတွေကို စူးစမ်းစိုက်ကြည့်တတ်တဲ့ အကြည့်ကိုလည်း ဖျောက်မှပါ။ ရအောင် ဖျက်မှ။

"ဟုတ်ကဲ့ . . . အားလုံးကို ကျေးဇူးတင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟိုက် ...

ဒေါ်မျက်သားပြာက ကျေးဖူးတောင်တင်ပြီးပြီ။

ဘာတွေ ပြောသွားပါလိမ့်။

သူ့မှာ မိန်းကလေးနှစ်ယောက်ရဲ့ မျက်ဝန်းများကို စူးစမ်းလိုက်မိတာနှင့်ပင် ဥက္ကဌကြီး ဘာတွေပြောလို့ ပြောသွားမှန်းပင် မသိလိုက်ရ။

ကျွတ် ... မတတ်နိုင်။

သူ ပခုံးများတွန့်လိုက်မိစဉ် ...

သူ့ပေါ်ကို စူးစူးရှရှလေး ဝဲနေသော မျက်ဝန်းလေးနှစ်စုံကို မသိလိုက်ရ။ ဒါဟာ ရွှေရောကုမ္ပဏီရဲ့ အပြောင်းအလဲဖြစ်သလို သူ့အတွက်လည်း ဘဝနှင့်ချီရသော အပြောင်းအလဲတစ်ခု ဖြစ်နိုင်ပါသည်။

## အခန်း (၂)

"သမီး ... မေမေရှာပေးခဲ့တဲ့ ဟောဒီစည်းစိမ်ပေါ်မှာ သမီးတစ်ဘဝစာလုံး မတောင့်မတ မကြောင့်မကြ လိုတရနေနိုင်တယ်ဆိုပေမယ့် သမီးဘဝအတွက် နွေးထွေးပျော်ရွှင်မှုကို ပေးနိုင်မယ့်အဖော်တော့ လိုသေးတယ် သမီး"

ညှိုးဖျော့လျက်က သမီးအတွက် မာန်တင်းထားရှာသော မေမေ့ကို မကြည့်ရက်။

မေမေကတော့ မမောနိုင်အောင် မှာဆဲ ...။

အနှစ်နှစ် အလလက စုဆောင်းသိမ်းဆည်းထားခဲ့သော စကားလုံးများကို ရင်ဘတ်ထဲမှ ဖွင့်လှစ်ခြွေချလို့ နေခဲ့သည်။

"သမီးကို မေမေ တစ်ခုမေးမယ် ... တစ်ခုတည်း။ သမီးဘဝအတွက် အရမ်းအရေးကြီးတဲ့မေးခွန်းမို့ မေမေ့ကို မညာဘဲ အမှန်အတိုင်း ဖြေပါ"



www.burmeseclassic.com

www.burmeseclassic.com



အသက်ပင် မရှူမိဘူး ထင်သည်။

မေမေမေးမည့်မေးခွန်းကို ရင်ထဲမှ အလိုအလျောက် ခံစားမိသဖြင့် သိနှင့်နေသလိုပင်။

''သမီးမှာ ချစ်သူရှိသလား''

မေမေမေးပုံမှာ တစ်လုံးချင်း။

ခုမှပင် ဟူးခနဲ လေများမှုတ်ထုတ်မိကာ . . .

''မရှိပါဘူး မေမေ''

''ဟုတ်ပြီ . . . သမီးမှာ ချစ်သူရှိခဲ့ရင် သမီးစိတ်တိုင်းကျ မေမေက စီစဉ်ပေးမလို့ပါပဲ၊ ခု သမီးမှာ ချစ်သူမရှိဘူးဆိုတော့ သမီးဘဝအတွက် မေမေက အစီအစဉ်ချပေးရတော့မှာပေါ့''

မသက်မသာ သက်ပြင်းခိုးရှိုက်လိုက်မိသည်။ တကယ်တော့ မေမေကြိုတင်စိတ်ကူးတာနှင့်ပြီးသား ဖြစ်မှာပါ။

''သမီးလည်း အသက်နှစ်ဆယ်ရှိပြီ၊ ပညာလေးလည်း အတန်အသင့် တတ်ပြီ၊ မေမေရှာဖွေပေးခဲ့တဲ့ စည်းစိမ်တွေလည်း ရှိတယ်၊ ဒါပေမဲ့ သမီးဘဝမှာ သမီးကို နှလုံးသားအစစ်နဲ့ ချစ်ပြီး လက်တွဲဖေးမပေးနိုင်မယ့်သူတော့ လိုတယ်၊ အဲဒီလူဟာ ဦးဆောင်နိုင်မယ့်သူဖြစ်တာထက် အဓိက,က အစစအရာရာ သမီးကို နားလည်နိုင်မယ့်သူ ဖြစ်ဖို့ပဲ''

မေမေ့မျက်လုံးတွေ ညှိုးရော်နွမ်းလျလို့ နေတာကို သူမ နားလည်လို့နေခဲ့သည်။





မေမေ့နှလုံးသားက အကျည်းတန် ကြေကွဲခဲ့ရသည် မဟုတ်ပါလား။

''သမီးဘဝရှေ့ရေးအတွက် မေမေ ရှေ့နေကြီးကို အသိပေးပြီး အားလုံး အစီအစဉ်ဆွဲထားတယ်''

သူမ မျက်လုံးပြူးသွားတော့ မေမေပြုံးသည်။

''မစိုးရိမ်ပါနဲ့ သမီးရယ် . . . သမီးအတွက် အကောင်းဆုံး ရွေးချယ်ခွင့်ရအောင် မေမေ စီစဉ်ပေးခဲ့မှာပါ''

ကုမ္ပဏီကြီးတစ်ခုလုံးကို ဦးဆောင်နိုင်သော မေမေက သမီးအတွက် ချမှတ်ပေးခဲ့သည့် အစီအစဉ်မှာလည်း အကွက်စေ့လှသည်။

အဲဒီတုန်းက ရှေ့နေကြီးဆီမှ မေမေ့အစီအစဉ်များကို ကြားကြားချင်းမှာ သူမ ကိုယ့်နားကိုယ် မယုံကြည်နိုင်အောင် ဖြစ်ခဲ့ရသည်။

''ဟင်''

ခနဲ အာမေဋိတ်သံအကျယ်ကြီး ထွက်သွားခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးကလေးများ ပြူးကျယ်ဝိုင်းစက်ကာ နှုတ်ခမ်းလေးကိုလည်း လက်ဝါးဖြင့် သတိလက်လွတ် ဖိပိတ်ထားလိုက်မိသည်။

ရှေ့နေကြီးမျက်နှာကို ကြောင်အမ်းစိုက်ငေးမိသွားသည်မှာလည်း အကြာကြီး။

ရှေ့နေကြီးက သူမရဲ့ ဖရိုဖရဲဖြစ်သွားပုံကို ပြုံးကာ. . .

"ဘာဖြစ်လို့လဲ သမီးရဲ့ . . . သမီးကြည့်ရတာ အရမ်းစိတ်လှုပ်ရှားသွားပုံပဲ၊ ဘာတွေစိတ်လှုပ်ရှားစရာများ တွေ့လို့လဲ"

ရှေ့နေကြီးက စကားစ,တော့မှ သူမ သတိပြန်ဝင်လာခဲ့သည်။

"စိတ်လှုပ်ရှားရုံတင်လား ဘဘရယ် . . . သမီး ရှော့ခ်ရသွားတာ၊ အရမ်းကို လန့်သွားတာပဲ . . . တကယ်ပြောတာ"

သူမ အမှန်အတိုင်း ဝန်ခံလိုက်တော့ ရှေ့နေကြီးက သဘောတကျ ရယ်ပါသည်။

"ဘာကို လန့်သွားတာလဲ သမီးရဲ့ . . . ပြောစမ်းပါဦး"

"ဒါမျိုး . . . ဒါမျိုးဆိုတာ မဖြစ်နိုင်ဘူး ဘဘရယ်၊ လုံးဝ မဖြစ်နိုင်တာဘဲ၊ မြန်မာနိုင်ငံမှာ ဒါမျိုးအဖြစ်အပျက်ဆိုတာ တစ်ခါမှ မဖြစ်ခဲ့ဖူးသေးတာပဲ . . . လုံးဝ မဖြစ်နိုင်တာ"

"ဘယ်တုန်းကမှ မဖြစ်ခဲ့ဖူးပေမယ့် သမီးလက်ထက်မှာ ဖြစ်နိုင်တာပဲ၊ မဖြစ်နိုင်ဘူးဆိုတာ လောကမှာ ရှိမှမရှိတဲ့အရာပဲ





သမီးရဲ့"

"အို . . . ဘဘရယ် ဒီ . . . ဒီကိစ္စကြီးက . . . ဟင့်အင်း . . . ဘယ်နည်းနဲ့မှ မဖြစ်နိုင်ပါဘူး"

"ကဲ . . . ဘဘကို မဖြစ်နိုင်ပါဘူးဆိုတဲ့ဆင်ခြေကို အကြောင်းပြချက်ခိုင်ခိုင်လုံလုံနဲ့ တင်ပြစမ်း"

ဘဘက ရှေ့နေပြော ပြောပြီ။

ဒါ တရားသူကြီးရှေ့ အစစ်ခံရတဲ့ တရားရုံးမှ မဟုတ်ဘဲ။ သူမ ဘယ်လိုအကြောင်းပြချက် အကိုးအကားနဲ့ ဆင်ခြင်တက်ရမှာလဲ။

"ဟင့်အင်း . . . ဟင့်အင်း"

လို့ ဆံပင်လေးများ လွင့်ဝဲအောင် ခေါင်းခါငြင်းဆန်ရုံကလွဲပြီး မဖြစ်နိုင်ဘူးဆိုတာကို ဒါ ထက်ပိုခိုင်လုံအောင် သူမ မရှင်းပြတတ်။

"သမီးရယ် . . . သမီးမေမေက သမီးကိုချစ်လွန်းလို့ အကောင်းဆုံးဖြစ်အောင် စီစဉ်ပေးခဲ့တာပါ"

"အကောင်းဆုံး . . . ဟုတ်လား ဘဘ"

သူမ ဆတ်ခနဲ မျက်နှာမော့ကာ ပြန်မေးလိုက်သည်။

"အကောင်းဆုံးဆိုတာ ဘာလဲ ဘဘ၊ ကြီးကျယ်မှ, ခမ်းနားမှ အကောင်းဆုံးလား၊ ဂျာနယ်ထဲထည့်မှ အကောင်းဆုံးလား၊ အင်တာနက်ပေါ် တင်မှ အကောင်းဆုံးလား၊ ဒါဟာ



www.burmeseclassic.com

www.burmeseclassic.com



ကုန်ပစ္စည်းထုတ်လုပ်ရောင်းချမှုမှ မဟုတ်ဘဲ ဘဘရဲ့"

ပြောရင်းမှ သူမရင်ထဲ လှိုက်တက်၍လာသည်။

ဘာရယ်မသိဘဲ ခါးသီး၍ လာခဲ့သည်။

"ဒီကိစ္စတွေကို မီဒီယာတွေမှာ ဖော်ပြရလောက်အောင် သမီးက ဘာလဲ ဘဘရဲ့"

"သမီးမေမေက သမီးကိုချစ်လွန်းလို့ ..."

"အို ... အမေတစ်ယောက်က သူ့သမီးကို တကယ် ချစ်ရင် လူတွေ ပိုင်းဝေဖန်ကြမယ့်အလုပ်မျိုး, မေးငေါ့ခံရမယ့် အလုပ်မျိုးကို စီစဉ်ပါ့မလား ဘဘရဲ့"

"ဟဲ့ ... ဘယ်လိုပြောလိုက်တာလဲ ကလေးမရဲ့"

ဘဘ ထိတ်ထိတ်ပျာပျာ ဟန့်တားတော့မှ ကိုယ့်ကိုယ်ကိုယ် စကားများသွားပြီဆိုတာ သိလိုက်ပြီး ပြန်ငြိမ်လိုက်မိသည်။

"ညည်းအမေ ညည်းကို တကယ်ချစ်,မချစ်ဆိုတာ ကျိန်တွယ်ပြောရင် ညည်း ဘုရားအဆူဆူ စူးသွားလိမ့်မယ် ... သိရဲ့လား၊ ညည်းကိုချစ်လွန်းလို့ သေငယ်ဇောနဲ့ ဗုန်းဗုန်းလဲကျတဲ့အထိအောင် မတွေ့တွေ့အောင်ရှာပြီး အားတင်းပြီး စောင့်ရှာတာ"

နွမ်းလျသည့်ကြားက ချစ်ခြင်းမေတ္တာဖြင့် တလက်လက် တောက်ပခဲ့ရှာသော မေမေ့မျက်ဝန်းများကို အာရုံထဲ ပြန်မြင်ယောင်လာမိသည်မို့ သူမ ဖျတ်ခနဲ ခေါင်းငုံ့ချလိုက်မိသည်။





သိပ်ကို မှားယွင်းတဲ့ စကားတစ်ခွန်းကို ဆိုလိုက်မိချေပြီ။

"သမီးအတွက်, သမီးအတွက်ဆိုတဲ့ ဇောနဲ့ ညည်း ဆယ်သက်စားမကုန်အောင် ရှာဖွေခဲ့တာပဲ၊ မိန်းမသားတန်မဲ့ ယောက်ျားတွေနဲ့ ရင်ပေါင်တန်းပြီး စီးပွားရှာခဲ့တာ၊ အရွယ်နဲ့မမျှတဲ့ ပင်ပန်းမှုတွေကြောင့် ညည်းအမေ စောစောစီးစီး ..."

"တော်ပါတော့ ဘဘရယ်"

စိုလက်သော မျက်ဝန်းများဖြင့် သူမ ဘဘကို တားမိပါချေပြီ။ ခုနက စိတ်လိုက်မာန်ပါပြောလိုက်မိသမျှ ရင်ထဲ ကျဉ်နေမိသည်။

"ဘယ့်နှယ့် ... ယုံရဲ့လားဟင် ကလေးမ ... ညည်း အမေ ချစ်တာကို"

"ဟင့်အင်း ဘဘရယ် ... အဲလို မပြောပါနဲ့ ... သမီး မှားသွားပါတယ်"

"အေး ... ညည်းအမေက ညည်းကိုချစ်လွန်းလို့ ညည်း ဘဝအတွက် အစစအရာရာ ထောင့်စေ့နေအောင်, လိုလေသေး မရှိအောင် စဉ်းစားပြီးစီစဉ်ခဲ့တာ၊ ညည်းက ဘာကို လက်မခံချင်တာလဲ"

ဘဘက တစ်ကျော့ပြန်မေးခွန်းဖြင့် စည်းရုံးရေးတိုက်စစ် ပြန်ဆင်ကာ ပြန်ချေပြီ။

ဒီတစ်ခါတော့ စိတ်လိုက်မာန်ပါ မပြောရဲတော့။



www.burmeseclassic.com

www.burmeseclassic.com



လေပြေလေးဖြင့် ...

"ဘဘရယ် အင်တာနက်ပေါ် တင်ရလောက်အောင်"

"ဘာလဲ ... သိပ်ကြီးကျယ်တာပဲလို့ ညည်းပြောချင်ပြန်ပြီလား"

သူမ ခေါင်းလေး မသိမသာညိတ်ကာ ငြိမ်သက်နေမိသည်။

"ခေတ်ပညာတတ်တစ်ယောက်ဖြစ်ပြီး ညည်းဒီလောက်တောင် ..."

ဘဘက ပြစ်တင်စကားကို ရှေ့မဆက်။ သူမဘဝကို သတိရလိုက်မိလို့ ဖြစ်နိုင်သည်။

ခေတ်ပညာတတ် ဆိုပေမယ့် သူမက တောင်ပေါ်မြို့ငယ်လေးတစ်မြို့ရဲ့ စိုက်ခင်းတစ်ခုထဲမှာပဲ ရှင်သန်ကြီးပြင်းခဲ့ရတာ။

တိုးတက်ထည်ဝါလွန်းလှတဲ့ ရန်ကုန်မြို့ကြီးကို ဘဘခေါ်တော့မှ ရောက်လာခဲ့ဖူးတာ ဖြစ်သည်။

"အေး ... ညည်းအမေကတော့ နိုင်ငံခြားအဆက်အသွယ်တွေနဲ့ စီးပွားရေးလုပ်နေခဲ့တော့ နိုင်ငံတကာအမြင်ရှိတယ်၊ ခေတ်ရှေ့ရောက်တယ်"

"သမီးကတော့ ခေတ်ရှေ့မရောက်ချင်ပါဘူး ဘဘရယ်၊ အေးအေးလေးပဲ နေချင်ပါတယ်"





လေပြေလေး ထပ်ထိုးကြည့်လိုက်မိပြန်သည်။

မျက်မှန်ထူထူအောက်မှ ဘဘရဲ့မျက်လုံးကြီးများ ပြုံးလာသည်။

"ဒီမှာ ကလေးမ"

ဘဘက လေသံပြတ်နှင့် ခေါ်သည်။

"ရှည်ရှည်ဝေးဝေး မပြောတော့ဘူး၊ ဘာပဲဖြစ်ဖြစ် ညည်းအမေကို ညည်း ... မှတ်ကဲ့, မေမေစီစဉ်ခဲ့တဲ့အတိုင်း ဖြစ်ရပါစေ့မယ်မေမေလို့ ကတိပေးခဲ့တယ်မဟုတ်လား"

ဘုရားရေ ...

သူမ တကယ် မျက်လုံးပြူးရချေပြီ။

မေမေ နောက်ဆုံးမတင်းအောင် သူမ ကတိပေးခဲ့မိသည် မဟုတ်ပါလား။

"ဟို ... ဟို ... အဲဒီတုန်းက သမီး မေမေ့ရဲ့အစီအစဉ်ကို အသေးစိတ်မှ မသိခဲ့တာ"

"ဘာပဲဖြစ်ဖြစ် ကတိဟာ ကတိပဲ ကလေးမ၊ ဒီမှာ ညည်းပြောခဲ့တဲ့ စကားလုံးအတိအကျကို ငါက စာနဲ့မှတ်တမ်းတင်ထားတာ"

ဘဘက စာရွက်တစ်ရွက် ဆွဲထုတ်ပြသည်။

လုပ်ချလိုက်ပြန်ပြီ။

"တွေ့တယ်နော် ... နှုတ်တစ်ရာ စာတစ်လုံးတဲ့"



www.burmeseclassic.com

www.burmeseclassic.com



သူမ ပြန်ပြောစရာ ဆင်ခြေဆင်လက် အကြောင်းပြ ချက် စကားတစ်လုံးမှ ရှာမတွေ့တော့ပြီ။

"ကဲ ... ဘာမှပြောမနေနဲ့တော့၊ ညည်းအမေ အစီ အစဉ်အတိုင်း လှုပ်ရှားဖို့ စတင်ပေတော့၊ လိုအပ်တာ ငါ အားလုံး ကူညီဝိုင်းဝန်းပေးမယ်"

ဘာဘရှေ့နေကြီးဆီမှ တစ်ချက်လွှတ်ရာဇသံ။

မေမေက ပါဝါကုန် လွှဲအပ်ထားခဲ့သည်ဆိုတော့လည်း သူမ မလှုပ်ရှားဝံ့။

သို့သော် ငုံစုံပစ် ငြိမ်ခံနေလို့တော့ ဘယ်ဖြစ်မလဲ။

အဆိပ်ကလေးတော့ နည်းနည်းဖြစ်ဖြစ် ပစ်လွှတ်လိုက် ချင်သေးသည်မို့။

"အိုကေ ... မေမေ့အစီအစဉ်အတိုင်း သမီးနေပါ့မယ်"

ဘာဘက မျက်နှာကြီး ဝင်းပသွားလျက် ...

"ပြီးရောပေါ့ သမီးရယ်"

"အိုး ... လွယ်လွယ်နဲ့တော့ ဘယ်ပြီးပါ့မလဲ ဘာဘရဲ့၊ မေမေ့ရဲ့အစီအစဉ်က ခေတ်ရှေ့ပြေးတယ်ဆိုပေမယ့် ရိုးစင်းလွန်း ပါတယ်"

ဘာဘရှေ့နေကြီး ပြုံးနေရာမှ မျက်လုံးပြူးသွားသည်။

"ဟေ ... ညည်းက ဘာတွေ အဆန်းထွင်ချင်သေးလို့ လဲ"





"ဒီလိုလေ ... ဘာဘရဲ့"

ဘာဘက မျက်လုံးပြူးကြီးနှင့် သူမကို စိတ်ဝင်တစား ကြည့်သည်။ သူမကလည်း ဆရာကြီးဟန်အပြည့်ဖမ်းထားသော ညစ်ကျယ်ကျယ်မျက်နှာပေးနှင့် သူမရဲ့ရှေ့ဦးနောက်ထဲက လျှပ် တစ်ပြက်ထုတ်လာသော အစီအစဉ်တစ်ခုကို တိုးတိုးကလေး ပြောပြလိုက်သည်။

"..................."

သူမရဲ့စကားဆုံးလျှင် ဘာဘရှေ့နေကြီးမှာ မျက်လုံးများ ပြူးရုံသာမက ပါးစပ်ပါ အဟောင်းသား ဖြစ်သွားတော့သည်။

"ဘယ်လိုလဲ ... ကောင်းတယ်မဟုတ်လားဟင် ဘာဘ ... ဟင်း ဟင်း"

"ညည်းက ငါ့ကို ကောင်းလား,မကောင်းဘူးလား မေး တာမှမဟုတ်ဘဲ၊ ကောင်းတယ်မဟုတ်လားဆိုတာ အတည်ပြု စေလိုခြင်း ... တစ်နည်းအားဖြင့် လုပစ္စာစည်းရုံးခြင်း တစ်မျိုး ပဲ"

"ဘာပဲဖြစ်ဖြစ် သမီးကတော့ မေမေ့အစီအစဉ်အတိုင်း လှုပ်ရှားရမယ်ဆိုရင် သမီးအစီအစဉ်ကိုပါ ထည့်သွင်းဖြည့်စွက်မှ ဖြစ်မှာနော် ဘာဘ"

သူမက ခါးကျဉ်ကျဉ်လေးပေါ်မှာ နွဲ့နွဲ့ကလေး လက် ထောက်လျက် ခေါင်းကလေးလှုပ်ကာလှုပ်ကာနှင့် ဘာဘကို [illegible]



www.burmeseclassic.com

www.burmeseclassic.com



ချင်အောင် ညစ်ကျယ်ကျယ်အမူအရာကလေး လုပ်နေလိုက်သည်။

ဘဘက လက်ကြီးနှစ်ဖက် အပေါ်မြှောက်ကာ ...

"အင်းပါ အင်းပါ ... ညည်းကို ငါ လက်မြှောက်ပါတယ် ရွှေဉာဏ်ရှင်ကလေးရယ်"

'ရွှေဉာဏ်ရှင်' ဆိုသည့် ဘဘရဲ့ ရွဲ့စောင်းတင်စားဂုဏ်ကို သူမက မေးစေ့ကို လက်ညှိုးနှင့်ပွတ်လျက် တငဲငဲ လုပ်နေလိုက်သည်။

အင်း ... အတော့်ကို ကြည့်ကောင်းဦးမယ့်ပွဲပဲ။

စိတ်ဝင်စားစရာ ကောင်းလှသလို စိတ်လှုပ်ရှားဖို့လည်း အတော်ကောင်းဦးတော့မှာပဲ ... လို့ ရှေ့နေကြီး ဦးအာကာမောင်က တွေးလိုက်မိသည်။

## အခန်း (၃)

ထို့နောက် ...

"ရွှေရော" ကုမ္ပဏီရဲ့ အစုရှယ်ယာဝင် အများဆုံးပိုင်ရှင်လည်း ဖြစ်သော၊ ဥက္ကဋ္ဌလည်း ဖြစ်သော ဒေါ်မျက်သားပြာ၏ နားလည်မှုပေး၍ လက်တွဲဖေးမ,နိုင်သူ ဘဝကြင်ဖော် သတို့သား အလိုရှိသည် ဆိုသော ပွင့်လင်းပြတ်သားလှသော ကြော်ငြာမှာ သတင်းစာ၊ ဂျာနယ်များအသီးသီး၌ ရေပန်းအစားဆုံး သတင်းတစ်ခု ဖြစ်လာခဲ့သည်။

အင်တာနက်ပေါ်လည်း တင်လိုက်သောအခါ သူတကာတို့၏ နှုတ်ခမ်းများ၌ မျက်သားပြာဆိုသည့်မိန်းမမှာ စိတ်ဝင်စားအခံရဆုံး၊ ပေါ်ပြူလာအဖြစ်ဆုံး မိန်းမတစ်ယောက် ဖြစ်လာခဲ့ရသည်။

"အိုး ... ဘဝကြင်ဖော် အလိုရှိသည် ... ဆိုတာများ



www.burmeseclassic.com

www.burmeseclassic.com



ကြော်ငြာရဲတယ်လို့ ဒီအမျိုးသမီးဟာ ရှုးသွပ်နေလို့ပဲ ဖြစ်ရမယ်''

အဲသလို ဝေဖန်သံတွေလည်း ပြန်ကြားခဲ့ရပါသည်။

''ဒါဟာ စွန့်စားတဲ့ ရှုးသွပ်မှုပဲကွ၊ သူ့ရဲ့ ရှုးသွပ်မှုက အကျိုးအမြတ်မရှိဘူးလို့ ဘယ်သူလောင်းရဲမလဲ''

''............''

''ရဲတင်းလိုက်တာနော်။ မိန်းမတန်မဲ့ ဒီလိုကြော်ငြာမျိုး ထည့်ရဲတာ အတော်မျက်နှာပြောင်တိုက်လို့ပဲ''

အရှက်မရှိဘူးလို့ ပြောမချရုံတမယ်ပါပဲ။

''ဒီလိုမျိုး ကြော်ငြာထည့်ရတယ်ဆိုရင်တော့ ဒီမိန်းမဟာ သူ့ကိုယ်ပိုင်အရည်အချင်း, အစွမ်းအစ မရှိလို့ဘဲ ဖြစ်ရမယ်၊ ငွေကြေး ဘယ်လောက်ပဲချမ်းသာသော်လည်း သူ့မှာ ချွတ်ယွင်းချက်တစ်ခုခုတော့ ရှိရမယ်၊ ဥပမာ ...ရုပ်သိပ်ဆိုးလို့ပဲ ဖြစ်ဖြစ်, အသက်ကလည်း ကိုယ့်နည်းကိုယ့်ဟန်နဲ့ အစုံထုတ်လို့ မဖြစ်နိုင်တော့တဲ့ အရွယ်မို့လိုပဲ ဖြစ်ဖြစ်ပေါ့''

အဲသလို အားမနာစတမ်း ဝေဖန်ကြသူတွေမှာ မီဒီယာတွေမှတစ်ဆင့် နောက်ဆက်တွဲအဖြစ် ...

မျက်သားပြာဆိုတဲ့ အမျိုးသမီးရဲ့ရုပ်သွင်ကို ဖော်ပြလိုက်တဲ့အခါမှာတော့ ...

ဝင်းမွတ်စိုပြည်နေတဲ့ အသားအရေ ပြာလဲ့လဲ့ မျက်သားတွေ၊ လုပလွန်းတဲ့မျက်ဝန်းကလေးနဲ့ နှုတ်ခမ်းကြည်စင်နေတဲ့ အလှ





ကြောင့် ပြောမိတဲ့ ကိုယ့်ဝေဖန်ချက်တွေအတွက် အားတုံ့အားနာ ဖြစ်သွားရလေတော့သည်။

မီဒီယာတွေမှတစ်ဆင့် ကြော်ငြာချက်မှာ ဘယ်လောက်တောင် ထိရောက်လိုက်သလဲဆိုရင် ...

ရက်ပိုင်းအတွင်းမှာတင် အယောက်လေးထောင်လောက် သူမရဲ့ ဘဝကြင်ဖော်ဖြစ်လိုကြောင်း အဆိုပြုလာခဲ့သည်။

အင်တာနက်ပေါ်၌ နေ့စဉ်လို များပြားတိုးပွားလာခဲ့သော ယောကျ်ားထုကြီးကို ကြည့်ကာ မျက်သားပြာ ရင်ဘတ်ကလေး ဖိလိုက်မိသည်။

''ဘုရား ဘုရား ...ကြောက်ခမန်းလိလိပါပဲလား''

မျက်သားပြာ ရင်ဘတ်ဖိရင်းက အတွင်းရေးမှူးဖြစ်သော မြရိပ်ထင်ကို လှည့်ကြည့်ကာ တိုင်တည်သလိုဖြင့် ပြောလိုက်မိသည်။

မြရိပ်ထင်ကိုယ်တိုင်လည်း စကရင်(မ်)ကို တစ်လှည့် မျက်သားပြာကိုတစ်လှည့် ကြည့်ကာ မျက်နှာမကောင်းချင်။

''အယောက် လေးထောင်တောင်''

ဟု လက်ကလေး လေးချောင်းထောင်ကာ တုန်လှုပ်ဟန် ပြသည်။

''ဘယ်လိုယောကျ်ားတွေပါလိမ့်''



www.burmeseclassic.com

www.burmeseclassic.com



ဟုလည်း စိတ်ညစ်ညူးသွားရသလို ရေရွတ်သည်။

ပြီးမှ မျက်သားပြာရဲ့ နုဖပ်ဝင်းမွတ်နေသော မျက်နှာကလေးကို တစ်ချက်ကြည့်ကာ ...

"အင်းပေါ့နလေ ... ရုပ်ကလေးကလည်းလှ, ဆယ်သက်လောက် စားမကုန်တဲ့ စည်းစိမ်တွေနဲ့ဆိုတော့ မက်လာကြမှာပေါ့"

မြရိပ်ထင်က တွေးတွေးဆဆကလေး ညည်းညူသည်။

မျက်သားပြာက စားပွဲခုံကို တဒေါက်ဒေါက် ခေါက်နေရင်းက မျက်မှောင်ကလေးကြုတ်ကာ ...

"မက်မောကြတာ၊ အင်း ... တချို့ကလည်း မင်းပြောသလို အခြေမဲ့အနေမဲ့ ရုပ်တွေပါတယ်"

"သိုက်သမားတွေ"

"မှန်တယ် ... အဲဒီလိုလူတွေလည်း ပါတယ်၊ ဒါပေမဲ့ တချို့ကလည်း အခြေရှိပြီးသားလူတွေ၊ ဖန်ချင်လို့ မဟုတ်သူတွေလည်း ပါတယ်ကွ"

"သူတို့ကရော ဘာလို့ လာဆက်သွယ်တာလို့ မျက်သားထင်လဲ"

မျက်သားပြာက ရွှေရောင်ဖောင်တိန်လေးကို ခဏကိုက်ကာ စဉ်းစားပြီးမှ ...

"ရှေးလူကြီးတွေပြောသလို ရွှေ ရွှေချင်းထပ်တော့ မြတ်





တယ်ဆိုသလို စည်းစိမ်နှစ်ခုပေါင်းပြီး ပွားချင်လို့လည်း ဖြစ်နိုင်တာပဲနော်"

"ဖြစ်နိုင်ပါတယ်၊ ဒါပေမဲ့ အရိပ်ပြောရဲတယ် ... အဲဒီလေးထောင်လုံးမှာ အချစ်ပါမယ့်သူ တစ်ယောက်မှ ရှိမှာမဟုတ်ဘူး၊ အားလုံးက အကျိုးလိုလို့ ညောင်ရေလောင်းချင်သူတွေချည်းပဲ၊ ရုပ်ကလေးလည်း လှ, စည်းစိမ်လည်း ပြည့်စုံ, အဘက်ဘက်က လိုလေသေးမရှိတဲ့ မိန်းကလေးတစ်ယောက်ကို အသုံးချချင်လို့ မဟုတ်လို့ သူတို့မှာ တခြားဘာရည်ရွယ်ချက်များ ရှိမှာတဲ့လဲ"

"အသုံးချချင်လို့"

မျက်သားပြာက မျက်လုံးလေး တမင်ပြူးပြကာ ထိတ်လန့်တကြား ဖြစ်သွားသလို ပြန်မေးသည်။

"ဟုတ်တယ် ... အဲဒါ အသုံးချချင်ရုံသက်သက်ပဲ၊ အလှလည်း ကြည့်လို့ရတယ်၊ ပြီးတော့ ..."

"ပြီးတော့"

မျက်သားပြာ တမင် စကားထောက်ပေးပေမယ့် မြရိပ်ထင်က စကားမဆက်ဘဲ ပခုံးလေးပဲ တွန့်ပြကာ ...

"မူးရင်လည်း ရှုလို့ရတယ်ကွာ၊ မောရင်လည်း ဖျော်သောက်လို့ ရသေးတယ် ...ကဲ"

"ဟင် .. သံပုရာသီးပေါ့၊ ဘဝကလည်း ဆိုးလိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



မျက်သားပြာ မျက်နှာကလေး ရှုံ့မဲ့ထားသောကြောင့် အသံကတော့ ရယ်ချင်ပက်ကျိ။

မြရိပ်ထင် မျက်စောင်းဝင့်သည်။

"သား ရွှေအိုးထမ်းတဲ့ကိန်း မြင်ချင်လို့ပါ ... လို့ တင်စားလိုက်ပါတော့လား"

မျက်သားပြာ ပြုံးစိစိကလေး ပြောသည်။

မြရိပ်ထင်ရဲ့ ဝင့်ထားသောမျက်စောင်းက ပိုပြီးပြင်းထန်လာသည်။

"ဘာပဲဖြစ်ဖြစ် ... တစ်ယောက်ယောက်ကိုတော့ ရွေးချယ်ရမှာပဲ"

မျက်သားပြာမျက်နှာကို ငေးရီကြည့်ကာ မြရိပ်ထင် တွေးဆဆ ပြောမိပြန်သည်။

"ဒါပေါ့ ... အယောက်လေးထောင်လုံးနဲ့ လက်ထပ်ဖို့မှ မဖြစ်နိုင်တာ"

မျက်သားပြာ ရပ်တည်ကလေးနှင့် အရွှန်းဖောက်ပြန်သည်။

မြရိပ်ထင် ဒီတစ်ခါတော့ မျက်စောင်းထိုးရုံတင်မကတော့ ... နေရာမှပါ ဆတ်ခနဲ ထ,လိုက်ချေသည်။

ဒီလောက်အရေးကြီးတဲ့ ကိစ္စတစ်ခုကို ရယ်စရာလုပ်နေနိုင်တာ အံ့သြသည်။





ဘဝတစ်ခုလုံးအတွက် သေရေးရှင်ရေး အရေးကြီးတဲ့ အိမ်ထောင်ရေးကိစ္စကို ကစားစရာလိုများ သဘောထားနေလေသလား။

အရိပ် ချာခနဲလှည့်ကာ ထွက်လာခဲ့သည်။

အခန်းဝမှာ ဖိုင်ကလေးတစ်ဖိုင်ကိုင်ကာ ရပ်နေသော ဘုန်းလက်ရုံးကို ဘွားခနဲ တွေ့လိုက်ရသည်။

"ရှင်က ဘာလုပ်နေတာလဲ"

အရိပ် ... မျက်သားကို မကြည့်သည့်အရှိန်နှင့် ဘုန်းလက်ရုံးကိုပါ မဆီမဆိုင် လေသံမာမာနှင့် မေးလိုက်မိသည်။

လက်ရုံးကလည်း ဗလာချိုကြီး လေသံမာနှင့် လာဟစ်တာကို အံ့သြရင်း တင်းသွားရသည်။

"မတ်တတ်ရပ်နေတာလေ"

ခပ်ရွဲ့ရွဲ့ကလေးပဲ ပြန်ဖြေလိုက်သည်။

"ရပ်နေတာ မြင်တယ်၊ ဒီအခန်းရှေ့မှာ ရပ်နေတာ တွေ့လို့ ဘာလုပ်ဖို့ရပ်နေတာလဲလို့ မေးနေတာ"

"ဒေါ်မျက်သားပြာကို အလုပ်ကိစ္စမေးစရာရှိလို့ ရပ်နေတာပေါ့ဗျ ... ဒီမှာ ဖိုင်မတွေ့ဘူးလား"

လက်ရုံး ညာဘက်လက်ထဲမှာကိုင်ထားသော ဖိုင်ကို ဘယ်ဘက်လက်နှင့် တဖတ်ဖတ် ရိုက်ပြလိုက်သည်။

အရိပ် ဖိုင်ကို မျက်စောင်းကလေး ခဲကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ခုန ကျွန်မနဲ့ မျက်သားပြောတဲ့စကားတွေ ကြားလိုက်လား"

လက်ရုံး ပခုံးတွန့်လိုက်မိသည်။

ဟင့်အင်း ... မကြားလိုက်ပါဘူးလို့ ငြင်းရင်လည်း လိမ်ရာကျမည်။

ဟုတ်တယ် ... ကြားလိုက်ပါတယ်လို့ အမှန်အတိုင်း ဝန်ခံလျှင်လည်း ကလေးမက ဗလာချီ မဲဦးမည်။

ဒီတော့ အာပတ်လွတ်အောင် ...

"တမင် ရပ်နားထောင်လိုက်တာတော့ မဟုတ်ပါဘူး"

"ဘာပဲဖြစ်ဖြစ် ... ရှင် အကုန်ကြားလိုက်တာပေါ့"

"ကျွတ်"

ဘာတွေဖြစ်နေမှန်းမသိသော အတွင်းရေးမှူးကို လက်ရုံး စိတ်ပျက်လက်ပျက် "ကျွတ်" ခနဲ စုတ်သပ်လိုက်မိသည်။

"ခင်ဗျားတို့ပြောနေတာတွေ ကျွန်တော် လုံးဝ စိတ်မဝင်စားဘူး ... သိပြီးလား။ မိန်းကလေးတွေ စကားပြောတာ မဆုံးသေးခင် ဝင်ရမှာအားနာလို့ စကားဆုံးတဲ့အထိ ရပ်စောင့်နေတာ၊ ဘာမှ မထင်နဲ့"

သူ မာမယ်မကြီးခင် ကိုယ်က ဦးအောင် ကြိုမာလိုက်ပြီး ပခုံးချင်း မသိမသာ တိုက်ပစ်ခဲ့လျက် အခန်းထဲ ဝင်လိုက်သည်။





အခန်းထဲမှာ တစ်ယောက်တည်း ပြုံးစိစိဖြစ်နေသော မျက်သားပြာကို တွေ့လိုက်ရလျှင် တစ်ယောက်ကတော့ သုန်မှုန်တင်းမာလျက်၊ တစ်ယောက်ကတော့ ပြုံးစိစိဖြစ်နေတာမို့ သူ စိတ်ရှုပ်ထွေးသွားရသည်။

ကာယကံရှင်ဖြစ်သော မျက်သားပြာက သူ့ကိစ္စအတွက် ပေါ့ပေါ့ပါးပါးကလေးပင် ပြုံးစိနေနိုင်သလောက် ...

ဘေးလူဖြစ်သော မြရိပ်ထင်က ဘာလို့ ဒီလောက် ဝင်ရောက်စွက်ဖက် တင်းမာနေရတာလဲ ...။

သူ့စိတ်ထဲက ရှုပ်ထွေးမှုကို ဒေါ်မျက်သားပြာက ရိပ်မိသိရှိလျက် ပါးနပ်စွာ အဖြေပေးလေသည်။

"အရိပ်နဲ့ကျွန်မက ငယ်ငယ်ကတည်းက သူငယ်ချင်းတွေလေ"

"ဩော်"

ဒါကြောင့်လည်း ဒေါ်မျက်သားပြာက အတွင်းရေးမှူးဆိုတာထက် နေရာပေးလွန်းပြီး ဟိုကောင်မလေးကလည်း ကိုယ်ရေးကိုယ်တာကိစ္စထဲကိုပါ ဝင်စွက်ဖက်ရဲနေတာ ဖြစ်မှာပေါ့။

"မေမေက ပြန်ခေါ်လို့ ကျွန်မ ခုလို ကောင်းစားတော့ မခွဲနိုင်လို့ သူ့ပါ အပါခေါ်လာခဲ့တာ"

သူ ခေါင်းတဆတ်ဆတ်ညိတ်နေမိသည်။

"ကျွန်မနဲ့သူက နှစ်ကိုယ့်တစ်စိတ်လေ ... ကျွန်မဘ



www.burmeseclassic.com

www.burmeseclassic.com



မှာ သူမရှိလို့ မဖြစ်ဘူး''

ကိုယ့်ဥက္ကဋ္ဌက ပြောနေလို့သာ သူ အားနာသမှုနှင့် နားထောင်ပေးနေခဲ့သော်လည်း တကယ်တမ်းမှာ ဒီအမျိုးသမီး နှစ်ယောက်လုံးကို သူ စိတ်မဝင်စား။

သူတို့နဲ့ပတ်သက်သောကိစ္စတွေကိုလည်း စိတ်မဝင်စား။

အထူးသဖြင့် ...

အင်တာနက်မှာ ကြော်ငြာထားသော ဒေါ်မျက်သားပြာရဲ့ကိစ္စကို သူ လုံးဝ စိတ်မဝင်စား။

ယောကျ်ားတစ်ယောက်ရဖို့ အင်တာနက်ထဲတောင် ထည့်ကြော်ငြာရဲသော သတ္တိကိုတော့ သူ ကျွတ်သည်။ အန်တီနှောင်းသမီးဆိုတော့ အန်တီနှောင်းလို ထက်မြက်နေတာလား။

အန်တီနှောင်းက နိုင်ငံတကာအမြင်ရှိသည့် ခေတ်ရှေ့ပြေးလွန်းသူလေ။

ထူးချွန်ထက်မြက်လှသော အမျိုးသမီးတစ်ယောက် ဖြစ်ပြီး ဝန်ထမ်းများအပေါ်လည်း နားလည်နိုင်လွန်းသူ၊ သဘောကောင်းလွန်းပြီး မိသားစုလို နွေးထွေးစွာ ဆက်ဆံတတ်သူဖြစ်သည်။

ဒေါ်မျက်သားပြာဟာလည်း မအေတူသမီးပီသစွာ ... သဘောကောင်းသူပဲ ဖြစ်သည်။

အသက်ကလေး ငယ်ငယ်ရွယ်ရွယ်နဲ့ ဥက္ကဋ္ဌရာထူး ရခဲ့





သည့်တိုင် ထောင်လွှားမောက်မာခြင်းမရှိ။

အောက်ခြေက တက်လာခဲ့ပေမယ့် ဘဝမမေ့တာကို အားလုံးက ချီးကျူးကြသည်။

''ကျွန်တော် အိတ်စ်ပို့ (Export) ကိစ္စလေး မေးစရာရှိလို့''

သူ ဖိုင်ကိုဖွင့်ကာ လာရင်းကိစ္စပြောရန် စကားစလိုက်သည်။

''ဩော် ... ခဏလေး၊ အရိပ်ပြန်လာတဲ့အထိ စောင့်လိုက်ပါလား၊ ကျွန်မ ကိစ္စလေး ရှိနေသေးလို့''

သူ သတိမထားမိတာ ကြာပြီ။

ကုမ္ပဏီ စ,ရောက်ကတည်းက အလုပ်ကိစ္စ အတော်များများကို ဒေါ်မျက်သားပြာမှာ မြရိပ်ထင်နှင့်သာ လွှဲတတ်သည်။

အလုပ်ကိစ္စများအပေါ် စိတ်ဝင်စားမှုမှာလည်း မြရိပ်ထင်လောက် မလေးနက်။

ကုမ္ပဏီအတွက် အရေးကြီးသော ဆုံးဖြတ်ချက်မှန်သမျှကိုလည်း မြရိပ်ထင်ဆီကသာ ဆန္ဒတောင်းခံတတ်သည်။

ဒီမိန်းကလေးနှစ်ယောက် ရောက်လာခဲ့ပြီးမှ ကုမ္ပဏီလည်း ပိုပြီး လှုပ်ရှားသက်ဝင်လာသလိုပဲဟု သူတွေးမိသည်။

လောလောဆယ်တော့ နှုတ်ခမ်းထော်ထော်ထူထူနှင့် စူ



www.burmeseclassic.com

www.burmeseclassic.com



ပုပ်သုန်မှုန်နေသော မိန်းကလေးရဲ့ ပြန်အလာကို သူ စောင့်ရဦးမည်လေ။

## အခန်း (၄)

အခုတလော ကုမ္ပဏီမှာ အလုပ်ကိစ္စသာမက မျက်သားပြာရဲ့ လက်တွဲဖော်ရွေးချယ်ပွဲကိစ္စကပါ ကြားဝင်ဖောက်ပြီး စည်ကားသက်ဝင်နေတော့သည်။

အထူးသဖြင့် မြရိပ်ထင်နှင့် ရွှေနေကြီး ဦးအာကာမောင်မောင်တို့မှာ ထိုကိစ္စအတွက် မျက်သားပြာထက်ပင် လှုပ်ရှားပင်ပန်းနေတာ တွေ့ရသည်။

တကယ်တော့ ရွှေနေကြီးမှာ သူ့ဦးလေးအရင်းခေါက်ခေါက်ပဲ ဖြစ်သည်။

ဦးလေးမှာ ဒေါ်ဒေဝီနှောင်းအပေါ် ဆွေမျိုးရင်းများလို သဘောထားသည်မို့ သည်မိသားစုနှင့်ပတ်သက်သော အရေးကိစ္စမှန်သမျှမှာ စိတ်ရောကိုယ်ပါ မြှုပ်နှံတတ်သည်။

ပြီးတော့ ...



www.burmeseclassic.com

www.burmeseclassic.com



ဦးလေးက ရှေ့နေပီသစွာ လျှို့ဝှက် သိပ်သည်းတတ်သူ တစ်ယောက်လည်း ဖြစ်သည်။

ခုလည်းကြည့် ...

မျက်သားပြာရဲ့ ခင်ပွန်းလောင်းရွေးချယ်ပွဲမှာ ကာယကံရှင်ဖြစ်သော မျက်သားပြာက ပြုံးစိစိကလေးနှင့် တည်ငြိမ် ပေါ့ပါးနေသလောက် ဦးလေးနှင့် မြရိပ်ထင်ကတော့ မျက်စိနောက်လောက်အောင် လှုပ်ရှား ပျာယာခတ်လို့နေသည်။

"တက်နေဝန်းကုမ္ပဏီက အမ်ဒီ (M.D) လေးက မဆိုးပါဘူးနော်၊ ရုပ်ကတော့ အတော်မိုက်တယ် ... AWAKE ကားထဲက ဇာတ်လိုက်လိုရုပ်မျိုး၊ တကယ့် ရိုးသားဖြူစင်တဲ့ရုပ်ကလေးနဲ့ အရမ်း ချိုင်းဒစ် (Childish) ဖြစ်တယ်"

"အို ... ကလေးမသာရုပ်နဲ့ တွဲလိုက်ရင် ကိုယ်က အိုကြီးအိုမရုပ် ထွက်သွားမှာလည်း တွေးဦး၊ ရိုးသားဖြူစင်တဲ့ ရုပ်ကလေးတွေက ဂျစ်တစ်တစ်, ဆောင့်ကြွားကြွားနိုင်တတ်တာလည်း မမေ့နဲ့၊ လုပ်ချင်ရင် တစ်ဖွတ်ထိုး လုပ်တတ်တယ်"

မျက်သားပြာရဲ့ အဆိုတင်သွင်းမှုကို မြရိပ်ထင်က သုံးကိုးလောက် ဆက်တိုက်သွင်းပြီး ပွဲသိမ်းပစ်လိုက်တာမို့ အမ်ဒီ သချိုဦးရဲ့ စီဗွီဖောင် (C.V Form) လေးမှာ မျက်သားပြာရဲ့ လက်ချောင်းလေးများထဲမှ အမှိုက်ခြင်းထဲသို့ လွင့်ခနဲ။

"အင်ဂျင်နီယာ မြညီမြင့်အေး ကရော၊ သွားရှည်ရှည်





လေးတွေနဲ့ ယုန်ကလေး ကျနေတာပဲ ... ချစ်စရာလေး"

"သမီးမျက်သားပြာ ... လူတစ်ယောက်ကို အပေါ်ယံကြည့်ပြီး ဆုံးဖြတ်ချက်စောလို့ မရဘူး၊ သူဟာ မိန်းကလေးတစ်ယောက်နဲ့ လက်ထပ်ဖို့စီစဉ်ပြီးမှ ပျက်ဖူးတယ်၊ နောက်ကြောင်း မရှင်းဘူး"

သွားပြန်ရော ... အင်ဂျင်နီယာ ...

အမှိုက်ခြင်းထဲကို ...။

"ဒီတစ်ယောက်ကရော ... ဒေါက်တာညွှန့်ဆင်းညို တဲ့၊ နာမည်လေးကတော့ နုးညံ့တယ်၊ ရုပ်ရည်ကလေးကလည်း ဆရာဝန်ပီသစွာသော တည်ကြည်ခံ့ညားမယ့်ပုံပဲ"

"အင်း ... နွမ်းပါးမယ့်ပုံပဲ၊ အင်္ကျီအဖြူက မဲနယ်ရောင်ပေါက်နေတယ်"

"မှန်တယ် ... ရှည်မှန်းချက်ကလည်း နိုင်ငံခြားသို့ ပညာတော်သင်သွားပြီး အထူးကုဘွဲ့ ရယူရန်တဲ့"

"ဒါဆို"

"သေချာတယ် ... အထူးကုတစ်ယောက်ဖြစ်ရန် လေ့ကားထစ်အဖြစ် အသုံးချဖို့"

"ကဲ"

ဆရာဝန်ကလေးလည်း အမှိုက်ခြင်းထဲကို ...။

"နောက်တစ်ယောက်က"



www.burmeseclassic.com

www.burmeseclassic.com



"**စန္ဒာဗ္ဗာ** . . . တဲ့၊ အဲ . . . နတ္ထွားကြီး၊ ကပြားလေး တော့"

"သမီးရေ . . . ကပြားဆိုတာ လူမျိုးခြားသွေး တစ်ဝက် ရောထားတာပဲ"

"လူမျိုးခြား, ဘာသာခြားတော့ စဉ်းစားမနေပါနဲ့တော့"

"အသိုင်းအဝိုင်းကတော့ တောင့်မယ်ပုံပဲ အရိပ်ရဲ့"

"တော်ပါတော့ မျက်သားရယ် . . . ထည့်လိုက်ပါတော့ အမှိုက်ခြင်းထဲကို"

ကပြားကလေးလည်း ယခင်လမ်းကြောင်းအတိုင်း။

"အဲ . . . ဒါကတော့ **ကျိုးသမ္ဘာ** တဲ့၊ ရေးဟောင်းပစ္စည်း ကလေး ထင်ပါရဲ့ . . . ရုပ်ရည်ကလည်း အတော်ရင့်ကျက် တည် ကြည်မယ့်ပုံပဲ"

မျက်သားက ဓာတ်ပုံကို မျက်မှောင်လေးကုတ်ကြည့်ပြီး အဆိုတင်သွင်းလိုက်ပြန်သည်။

ရွှေနေကြီးက ခေါင်းကို ခပ်လေးလေး ယမ်းခါပြသည်။

"မျိုးရိုးက မြင်းကပါရွာက တဲ့"

"ဘာဆိုင်လို့လဲ ဘဘရဲ့"

"ဩော် သမီးရယ် . . . သူ့ဘိုးဘွားဘီဘင် အစဉ် အဆက်က ဘုရားကျွန်တွေလေ . . . ကျိန်စာမိခဲ့တဲ့ မျိုးရိုးတွေ တဲ့ကွယ်"





"ရှင် . . . ဘုရား ဘုရား"

မျက်သားပြာ ထိတ်လန့်တကြား လွှတ်ချလိုက်မိသည်။

သည်လိုနှင့် . . .

ဥပဓိ မကောင်းသော . . .

မျိုးရိုး မခံ့ညားသော . . .

အသိုင်းအဝိုင်း အင်အားမရှိသော . . .

ငွေကြေးပြည့်စုံမှု မရှိသော . . .

ပညာရေး၌ အားနည်း၍နေသော . . .

ကာယဗလ အားကိုးလောက်ဖွယ်ရာမရှိသော . . .

အနုတ်လက္ခဏာ 'သော' ပေါင်းများစွာနှင့် အယောက် လေးထောင်သော ယောကျ်ားများမှာ တစ်ယောက်ပြီးတစ် ယောက် အမှိုက်ခြင်းထဲ ခုန်ဆင်းခဲ့ကြရသည်။

နောက်ဆုံး ဆန်ခါတင် ကျန်ရစ်ခဲ့သည့်မှာ . . .

**ရှင်းရန်ဇေး** –

**မင်းဆောက်စံ** –

**သုတာဇောင်** –

**သုဂုနိစ** . . . တို့ လေးယောက်ပဲ ဖြစ်သည်။

ဒီလေးယောက်ကတော့ 'ပယ်ချစရာ ပြစ်ချက်လည်း ရှာမတွေ့သလို . . .

အရည်အချင်းတွေကလည်း နှိုင်းယှဉ်၍မရအောင် လေး



www.burmeseclassic.com

www.burmeseclassic.com



ယောက်သား မတိမ်းမယိမ်း ဖြစ်နေခဲ့သည်။

ဘဘရှေ့နေကြီး၊ မျက်သားပြာနှင့် မြရိပ်ထင်တို့ သုံးယောက်စလုံး သဘောတူညီကြသည့် လေးယောက်လည်း ဖြစ်သည်။

"တိုက်တိုက်ဆိုင်ဆိုင် လေးထောင်ထဲက ရွေးချယ်လိုက်တာ လေးယောက်ပဲ ကျန်တယ်"

"တစ်ထောင်ကို တစ်ယောက်နှုန်း"

"အင်း ... ခက်တာပဲ ... ဘယ်သူ့ကို ရွေးရမလဲမသိဘူး"

"လေးယောက်လုံးနဲ့ လက်ထပ်လို့ကလည်း မဖြစ်"

"တယ် ... ဒီကလေးမ ... ပြောသင့်မှန်းမသိ, မပြောသင့်မှန်း မသိ"

ဘဘ မျက်နှာတည်ကြီးနှင့် ဟန့်တော့ ... မျက်သားပြာ ဖော်ပုကာ လျှာလေးတစ်လစ် ထုတ်သည်။

လေးယောက်လုံးက ရုပ်ရည်ကလည်း အမိုက်စား၊

ပညာအရည်အချင်းကလည်း မြင့်၊

အသိုင်းအဝိုင်း မြင့်၊

မျိုးရိုးကောင်း၊ အဘက်ဘက်က လိုလေသေးမရှိတော့ တစ်ယောက်တည်းကို ရွေးချယ်ဖို့ကို ဘဘ၊ မျက်သားနှင့်အရိပ်တို့ သုံးခေါင်းဆိုင်ကြရတော့သည်။





"လူချင်းတွေ့ရင် သေသေချာချာ အကဲခတ်ကြည့်ရမှာပဲ"

"တစ်ဘဝစာ လက်တွဲဖို့ဆိုတာ တစ်နာရီလောက်အကဲခတ်ကြည့်ရုံနဲ့ ရပါ့မလား"

"ယောကျ်ားမာယာ မန်ကျည်းကိုးပင် ဆိုလား"

"မိန်းမတွေက မြစ်လို ကွေ့ကောက်သတဲ့၊ ယောကျ်ားတွေက တောင်လို ..."

"နိမ့်မြင့်သတဲ့လား"

"ဘယ်ကလာ ... အဝေးက ကြည့်တော့ ပြာလွင်နေပြီး အနီးကြည့်ရင် စိမ်းကားသွားရောတဲ့"

"ဟုတ်တယ် ... ချစ်သူဘဝတုန်းကသာ ဟန်နီ, ဟန်နီနဲ့ ယုယကြင်နာပြီး လက်လည်းထပ်ပြီးရော မင်းလုံး ငါလုံးနဲ့ အစွယ်တွေ ဖြီးပြတော့တာပဲတဲ့"

"အရိပ် ... နင်နဲ့ငါ နှစ်ယောက်ပေါင်းပြီး ယောကျ်ားဋီကာ ထုတ်ရအောင်"

"ဖြစ်ပါ့မလား ... ငါတို့မှ အိမ်ထောင်မကျဖူးသေးတာ"

"အို ... လူပျိုကြီးတွေတောင် မိန်းမ မကောင်းကြောင်း စာအုပ်ရေးသေးတာ"

"တော်တော်နဲ့စပ်တဲ့ လူပျိုကြီးမို့လို့ ဖြစ်မှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ပြောရင်း ပြောရင်းက မျက်သားနှင့်အရိပ်တို့ မာန်ပါလာတော့သည်။

"ဟဲ့ ဟဲ့ ကလေးမတွေ ... ငါက ယောကျ်ားဆိုတာလည်း သတိရစမ်းပါဦး"

ရှေ့နေကြီး အသံကျယ်ကျယ်နှင့် ဖြတ်ပြောတော့မှ နှစ်ယောက်သား ဖက်တွေကိုယ်စီ ပုမိကြတော့သည်။

"ကန်တော့ ကန်တော့နော် ဘဘ၊ ဘဘက ယောကျ်ားဆိုတာ မေ့သွားလို့"

"ဘာ"

တောင်းပန်မိခါမှ ပိုဆိုးသွားရသော အဖြစ်။

"ဟုတ်ဘူး ... ဘဘရှိတာ မေ့သွားလို့လို့ ပြောချင်တာ ... ဟုတ်တယ်နော် အရိပ်"

"ဟဲ ဟဲ ... ဟုတ်တယ် ဘဘ ... ခုနက စကားက ဘဘ နားကြားလွဲသွားတာ"

"တော် တော် ... ဒီကိစ္စ ညည်းတို့ဘာသာ ဆက်စဉ်းစားကြတော့၊ ကြာကြာဆက်နေရင် တောင်စိမ်းစိမ်းတွေပေါ်ရော၊ မန်ကျည်းပင်တွေပေါ်ရော ငါတက်ရတော့မယ်၊ ငါ့ဘာသာ လက်ဖက်ရည်သွားသောက်တော့မယ်"

သားရေအိတ် မည်းပြားပြားကြီးကို ဆွဲကာ ဘဘ ဦးအာကာမောင်တစ်ယောက် ဆတ်တောက် ဆတ်တောက်နဲ့ ထွက်





သွားတော့သည်။

ဘဘ ထွက်သွားတော့မှ နှစ်ယောက်သား တခွိခွိ ကျိတ်ရယ်မိကြသည်။

"ဘဘတော့ တော်တော်တင်းသွားပုံပဲ"

"မေ့သွားတာကိုး ... ဘယ်တတ်နိုင်ပါ့မလဲ"

"ကဲ ... ခုနက ဒေတာ (Data) ပြန်ဆက်ကြမယ် ... လုပ်"

"ဟိုလေးယောက်နဲ့ မင်္ဂလာဆောင်ဖို့ကိစ္စ"

"လာပြန်ပြီ"

"မဖြစ်နိုင်ဘူးလို့၊ တစ်ယောက်တည်းကို ဘယ်လိုရွေးချယ်မလဲ"

"တစ်ရက်လောက် ခေါ်တွေ့ အကဲခတ်ရုံနဲ့လည်း လုံလောက်မယ်လို့ ငါတော့မထင်ဘူးနော် မျက်သား"

"စဉ်းစားပါဦး အရိပ်ရယ်"

အရိပ် မျက်မှောင်ကြီးကြုတ်ကာ မျက်ခုံးနှစ်ခုကြားက အတွန့်ကြီးထဲကို လက်မ၊ လက်ညှိုး နှစ်ချောင်းညှပ်လျက် အသည်းအသန် စဉ်းစားသည်။

"ဒီ ... ဒီလိုဆိုရင်ရော မျက်သား"

အကြံရသည်နှင့် အရိပ် ဝမ်းသာအားရ ထ,အော်သည်။

"ဘယ်လိုလဲ ... ဘယ်လိုလဲ"



www.burmeseclassic.com

www.burmeseclassic.com



မျက်သားကလည်း အားတက်သရော ခေါင်းလေး ရှေ့ထုတ်ကာ ပြန်မေးသည်။

"တစ်ယောက်ကို တစ်လလောက် အနားခေါ်ထားပြီး အနီးကပ် အကဲခတ်ရင်ရော"

"ဟား ... သိပ်ကောင်းတာပေါ့"

မျက်သား ဖျောက်ခနဲမြည်အောင် လက်ဖျစ်ထ,တီးသည်။

"ဒါပေမဲ့"

မျက်သား စောဒကတက်ဖို့ ပါးစပ်ကလေး ပြင်သည်။

"ပြော"

"အနားခေါ်ထားဖို့က အန္တရာယ်မကြီးလွန်းဘူးလား"

"နင့်ဘိုးအေ ... ကုမ္ပဏီမှာပေါ့ဟဲ့"

"အေး ... ဒါဆိုရင်တော့ မဆိုးဘူး"

"ကုမ္ပဏီမှာ တစ်လလောက်စီ ခေါ်ထားလိုက်ရင် နင်ရယ်, ငါရယ်, ဘဘရယ် သုံးယောက်လုံး အေးအေးဆေးဆေး အကဲခတ်လို့ရတယ်၊ ပြီးတော့ ကုမ္ပဏီအပေါ် သူတို့ ဘယ်လောက်စိတ်ဝင်စားမှုရှိလဲ, စီးပွားရေးအမြင် ဘယ်လောက်ရှိလဲ, သူတို့ရဲ့အရည်အချင်းကိုပါ တစ်ပြိုင်နက်တည်း သိနိုင်တယ်"

"ကောင်းမှကောင်း။ ဒီထက်ပိုကောင်းတာက တစ်လလောက် နီးနီးကပ်ကပ်နေလိုက်ရရင် တစ်ယောက်နဲ့တစ်ယောက်





သံယောဇဉ်တွေလည်း တိုးပွားလာနိုင်တယ်၊ အချစ်တွေလည်း မွေးဖွားနိုင်တယ်၊ လေးယောက်ထဲက ဖူးစာရှင်အစစ်ကို ရှာတွေ့နိုင်တယ်"

"ဖူးစာရှင် အစစ်"

တိုးတိုးကလေးရေရွတ်ပြီး အရိပ် ... မျက်သားပြာရဲ့ ကြည်စင်ဝင်းမွတ်နေသည့် မျက်နှာကလေးကို ငေးရီနေမိသည်။

မျက်သားကိုယ်တိုင်လည်း ...

"ဖူးစာရှင်အစစ်" လို့ သံယောင်လိုက် ရေရွတ်လိုက်မိပြီး တိတ်ဆိတ်နေမိတော့သည်။

ဘယ်လောက် ရင်မောစရာ ကောင်းလိုက်ပါသလဲ။

နဖူးမှာ တကယ်ပဲ စာပါလာခဲ့ရင်လည်း အကောင်းသား။

ဒါဆို အင်တာနက်ပေါ်တောင် တင်စရာမလို ... အလွယ်တကူ ရှာတွေ့နိုင်မယ် ထင်ပါရဲ့။

ခုတော့ ရင်မောလိုက်ရတာ။

သူတို့လေးယောက်မှာ ဘယ်သူကများ သူမအတွက် အချစ်ဆိုတာကို နှလုံးသားထဲ တစ်ပါတည်း ဆောင်ကြဉ်းလာခဲ့မှာလဲ။

ဖြစ်နိုင်လျှင်တော့ နှလုံးသားစစ်စစ်ထဲက အချစ်စစ်စစ်ဖြင့် ရောက်လာမည့် သတိုးသားကိုပဲ သူမက လိုချင် တင်းမက်



www.burmeseclassic.com

www.burmeseclassic.com



ပါသည်။

ခေါင်းကို မော့လှန်ကာ သက်ပြင်းရှိုက်လိုက်မိသည်။

တစ်စုံတစ်ယောက်ဆီမှာတော့ အချစ်ပါလာပါစေလို့ ဆုတောင်းကြည့်ချင်ပါသည်။

## အခန်း (၅)

"ရှင် ဘယ်သူ့ကို အရင်ဆုံးတွေ့မှာလဲ"

သူမ သက်ပြင်းကလေး ရှိုက်မိပြန်သည်။

စာရွက်လွတ်တစ်ရွက်ကိုဆွဲယူကာ လေးပိုင်းညီမျှအောင် တိတိရိရိ ဖြတ်လိုက်ပြီး ...

ရှင်းရန်ဝေ ...

မင်းဆက်စံ ...

သုတအောင် ...

သူရိန်ခ ...

ဆိုသည့် နာမည်လေးခုကို ရေးကာ စာရွက်ပိုင်းလေး တစ်ခုစီကို လိပ်လိုက်သည်။

မဲလိပ်လေး လေးလိပ်ဖြစ်လာလျှင် ဖလားငယ်လေးထဲ ထည့်မွှေပြီး ...



www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးလေးမှိတ်လျက် တစ်လိပ်ကို ဆတ်ခနဲ ဆွဲယူလိုက်သည်။

"ဘယ်သူလဲလို့ မြန်မြန်ဖွင့်ကြည့်ပါဦး"

သူမ ဖြည်းဖြည်းကလေး မဲလိပ်ကို ဖွင့်လိုက်သည်။

သူရိန်ခ ...။

"သူရိန်ခ ...တဲ့"

မဲလိပ်လေးရဲ့ ဆုံးဖြတ်ရွေးချယ်ချက်အရ သူမ ပထမဆုံး တွေ့ဆုံရမည့်သူက သူရိန်ခ ...ဆိုပါလား။

ရှင့်ဆီမှာ ကျွန်မအတွက် အချစ်ဆိုတာကြီး ပါလာမှာလား ကိုသူရိန်ခ ...စောင့်ကြည့်ရသေးတာပေါ့။



## သူရိန်ခ နှင့် ...

ကုမ္ပဏီထဲ စ,ဝင်လာသည့်ပုံကိုက တစ်စက်ကလေးမှ ရှုံ့တိုးရှန့်တန့် ဖြစ်မနေ။

ဝင်ထွက်သွားလာနေကျ နေရာတစ်ခုလို ပေါ့ပေါ့ပါးပါး အေးအေးဆေးဆေးပင်။

အရိပ်နှင့် မျက်သားတို့နှစ်ယောက်သား ဘယ်လိုလဲ ဆိုသည့်သဘော မျက်ခုံးများ မြင့်တက်သွားရသည်။

"ဘဘ ...သူ အရင်ကရော ကုမ္ပဏီကို ရောက်ဖူးသလား"

"အလုပ်ကိစ္စနဲ့လာတဲ့ ပါတနာတွေထဲမှာတော့ တစ်ခါမှ မတွေ့ဖူးဘူး"

"သူ့ကြည့်ရတာ သူ့အိမ်သူ့ရာ ကျနေတာပဲ"

ဘဘကို အလယ်မှာထားလျက် မျက်သားနှင့်အရိပ်တို့



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်သား ကျိတ်ပြောနေမိသည်။

"ညှို့သည်အနေနဲ့ လာလည်ဖူးတယ် ထင်ပါတယ်"

အနောက်မှာ စာရင်းများစစ်နေရာမှ ခပ်တိုးတိုး ဝင်ပြောတော့ လက်ရုံးကို နှစ်ယောက်သား ချာခနဲ လှည့်ကြည့်လိုက်မိကြသည်။

"ရှင် ... သူ့ကို တွေ့ဖူးသလား"

မျက်သားလှည့်မေးတော့ လက်ရုံးက ခေါင်းယမ်းပြသည်။

"ရှင်ပဲ ခုနကပြောတော့ ညှို့သည်အနေနဲ့"

"ဒီက ဝန်ထမ်းတစ်ယောက်ယောက်နဲ့ အသိမိတ်ဆွေဆိုရင် ညှို့သည်အနေနဲ့ သူ လာလည်နိုင်တာပေါ့"

သူ စာရင်းများ ငုံ့စစ်နေရာမှ မော့မကြည့်ဘဲ ပြန်ပြောသည်။

"ရှင့် အသိမိတ်ဆွေလား"

ဒီတစ်ခါ မေးသူက မြရိပ်ထင်။

လေသံက မယုံကြည်ဟန် အနည်းငယ်စွက်လာပြီမို့ သူ နည်းနည်းတင်းသွားရသည်။

"မတွေ့တောင် မတွေ့ဖူးပါဘူးလို့ ပြောပြီးပြီပဲ"

"မပြောပါဘူး"

"ဟုတ်တယ် ... ခေါင်းပဲ ခါပြတာ"





နှစ်ယောက်သား ညှပ်ပူးညှပ်ပိတ်ပြောတော့ လက်ရုံးကျွဲမြီးတိုသွားရသည်။

ဘယ်လို မိန်းကလေးတွေလဲကွ။

ညစ်ကျယ်ကျယ်နဲ့။

ခေါင်းညိတ် ခေါင်းခါတာကအစ လိုက်ကတ်သတ်နေပါလား။

"အဲဒီလူ ကုမ္ပဏီကိုဝင်လာတဲ့ပုံ မစိမ်းတာကို ခင်ဗျားတို့စဉ်းစားနေကြလို့ ခင်ဗျားတို့ မတွေးမိတဲ့အရာကို ကျွန်တော်က ထောက်ပြတာ၊ မနေနိုင် မထိုင်နိုင် လျှာဝင်ရှည်မိတာကိုက ကျွန်တော့်မှားပါတယ်"

လက်ရုံး ဖိုင်တွေကို ကောက်သိမ်းလိုက်ရင်း နှစ်ယောက်လုံးကို ခပ်စူးစူး စိုက်ကြည့်လိုက်ကာ ...

"ဖောင်တင်တဲ့ အယောက်လေးထောင်လုံးထဲမှာ ကျွန်တော့်အသိ, ကျွန်တော့်မိတ်ဆွေ, ဘော်ဒါ, သူငယ်ချင်း, ဆွေမျိုးတစ်ယောက်မှ မပါဘူး ... စိတ်ချလက်ချ ယုံလိုက်တော့"

စကားဆုံးတာနှင့် သူ ခပ်တည်တည်ပဲ လှည့်ထွက်လာခဲ့သည်။

ကြင်ဖော် ရွေးချယ်ပွဲ၊ ဘဝလက်တွဲဖော် ရွေးချယ်ပွဲ၊ သတို့သားလောင်း ရှာပုံတော်၊ ခေါင်းစဉ်အမျိုးမျိုး တပ်လျက် အဲဒီမိန်းကလေးနှစ်ယောက် ပျာယာခတ်လှုပ်ရှားနေတာ သူ့



www.burmeseclassic.com

www.burmeseclassic.com



မျက်စိထဲ စူးနေမိသည်။

ဘဘကပါ နေရာတကာ ကန့်လန့် ကန့်လန့်။

သူကတော့ အမေအရှိန်အဝါနှင့် ရောက်လာသော ကုမ္ပဏီကိစ္စတွေမှာ ဘဘတစ်ခုမှ အားမကိုးရသော မျက်သားပြ ကို ဥက္ကဋ္ဌအနေနှင့်လည်း အရှိအသေမပေးနိုင်။

သူမကိုယ်တိုင်ကိုက ဥက္ကဋ္ဌကြီးဆိုပြီး ဟိတ်ဟန်တွေ အိုဗာတင်းတွေဖျော်ပြီး မနေတတ်လို့လည်း ဖြစ်မှာပေါ့။

ဘာပဲဖြစ်ဖြစ် သူကလွဲလို့ ကုမ္ပဏီမှ ဝန်ထမ်းတွေအား လုံးကတော့ မာနမကြီးလို့၊ လှလို့၊ သဘောကောင်းလို့ဆိုပြီး ဗိုင်းချစ်နေကြတာပင်။

သူမတစ်ယောက်တည်းကိုသာမက အတွင်းရေးမှူး ဘဲ ရုပ်ဆိုးမလေးကိုပါ ချစ်နေကြသေးသည်။

အပေါ်နှုတ်ခမ်းက ထော်လန်လေးဖြစ်ကာ အောက် နှုတ်ခမ်းကလည်း ထူထူတွဲတွဲလေး ဖြစ်နေသေးသော မျက်ပေ တုန်းနှင့်ကောင်မလေးကို သူက ဘဲရုပ်ဆိုးလေး ဒေါ်နယ်ဒတ်ခ် ဟု နာမည်ပြောင်ပေးထားပါသည်။

တစ်ယောက်က ဒေါ်နယ်ဒတ်ခ်ဆိုတော့ မျက်သားပြာ ပြာနှင့်တစ်ယောက်က ကာရန်လည်းကိုက်၊ တွဲဖက်လည်း ညီ အောင် ပူစီကာတ်ပေါ့။

သေချာပါသည်။





ဒေါ်နယ်ဒတ်ခ်နှင့် ပူစီကာတ်လေးနှစ်ယောက်သား သူ့ အတင်းပြောရင်း ကျွန်ရစ်ခဲ့ကြမည်ဆိုတာ . . .။

"ပုံစံကိုက ကြွပ်ဆတ်ဆတ်နဲ့၊ သူ့ဘာသာ မမေးဘဲ ဝင်လျှာရှည်ပြီးတော့"

"ပြောသွားတဲ့ပုံက သူ့အမျိုးတစ်ယောက်မှ မပါဘူး ဆိုတော့ ဒီကိစ္စကို သူ လုံးဝ အားမပေးဘူး, မတိုက်တွန်းဘူး ဆိုတဲ့ သဘော"

"သူ လုံးဝ စိတ်မဝင်စားဘူးလို့ ဗလာချီကြီး ရင့်သွား တာ"

"ဒါ . . . ကိုယ့်ကုမ္ပဏီက ဥက္ကဋ္ဌရဲ့ အရေးအကြီးဆုံး လူမှုရေးကိစ္စပဲကွ . . . ဒါမျိုး ပြောစရာလား"

နှစ်ယောက်သား သူရှိန်ခကို စိတ်မဝင်စားနိုင်ကြတော့ ဘဲ ဘုန်းလက်ရုံးကိုသာ အခဲမကျေ ဝေဖန်နေမိကြတော့သည်။

"အဲဒီကလေးက အဲ့လိုပဲ၊ စကားပြောရင် မပြေပြစ် တတ်ဘူး၊ တမင်ပြောတာတော့ မဟုတ်ပါဘူး၊ သူမှန်တယ်ထင် ရင် ခေါင်းမာတယ်၊ မာနကြီးတယ်"

ဘဘဝင်ပြောတော့မှ နှစ်ယောက်သား ဘုန်းလက်ရုံး ဟာ ဘဘရဲ့ တူအရင်းခေါက်ခေါက်ကြီးဆိုတာ သတိပြန်ရမိ တော့သည်။

"အဲ . . . ဆောရီးနော် ဘဘ၊ ဘဘတူဆိုတာ မေ့သွား



www.burmeseclassic.com

www.burmeseclassic.com



လို့ ... ဘဘရှေ့တင် အတင်းတုတ်မိတယ်"

"ဒါပေမဲ့ ဘဘနဲ့ တခြားစီပါနော်"

နှစ်ယောက်သား အဖွင့်အပိတ်လေးတွေနှင့် ဘဘကို ပြန်ဖားရတော့သည်။

"ဒီကောင်က အလုပ်လုပ်တာတော့ အင်မတန် စေ့စပ်တာ၊ လာဘ်လည်းမြင်တယ်"

"အဲဒါတော့ ဟုတ်ပါတယ် ... အလုပ်မှာတော့ အရမ်းတိကျတာ"

"ဒေါ်ဒေဝီနှောင်းအားကိုးတဲ့ ကုမ္ပဏီဝန်ထမ်းတွေထဲမှာ လက်ရုံးက တစ်ယောက်အပါအဝင်ပေါ့"

"ဩော်"

မေမေကိုယ်တိုင်က အားကိုးခဲ့သည် ဆိုပါလား။

သူ့ရဲ့ အရောင်းမြှင့်တင်ရေးမန်နေဂျာဆိုတာ ဦးနှောက် အလွန်စားရသည့် ရာထူးနေရာပဲ ဖြစ်သည်။

မေမေကိုယ်တိုင်ကလည်း အားကိုးခဲ့သည်၊ သူကိုယ်တိုင် လည်း ထိုက်သင့်သောရာထူးရှိပါလျက် သူဟာ ဘာလို့ လက်တွဲဖော်ရွေးချယ်ပွဲမှာ မပါဝင်ခဲ့တာလဲ။

သူ့မှာ ဒီလောက်အခွင့်အရေးတွေ ရှိပါလျက်နဲ့ ...။

"သူ ဘာလို့ ဖောင်မတင်တာလဲ"

"စိတ်မဝင်စားလို့ နေမှာပေါ့"





"သူ့မှာ ချစ်သူရှိလားဟင် ဘဘ"

"မထင်ပါဘူး၊ သူ့ကြည့်ရတာ မိန်းမတွေကို စိတ်မဝင်စားဘူး"

"ဒါဆို ယောကျ်ားတွေကိုပဲ စိတ်ဝင်စားတာလား မသိဘူးနော်"

"ပုံစံကြည့်ရတာတော့ ကျားကျားလျားလျားပါ"

"သမီးက သူ့ကို ဝင်ပြိုင်စေချင်လို့လား"

သူ့တူကို နှိပ်ကွပ်နေတော့ ဘဘ မခံနိုင်တော့ပြီ ထင်သည်။ သာသာကလေး တိုက်စစ်ပြန်ဆင်လာသည်။

"နိုးပါ ဘဘရယ် ... ရန်ဖြစ်ရတာနဲ့ အသက်တောင် တိုသွားနိုင်တယ်"

ဘာပဲဖြစ်ဖြစ် ယောကျ်ားထုထဲမှာ လှုပ်ခတ်၍နေသော သတင်းထူးတစ်ရပ်ကို မတုန်လှုပ်တာ၊ စိတ်မဝင်စားတာ သူ့ရဲ့ မာနလည်း ဖြစ်နိုင်ပါသည်။

နုမွတ်ကြည်စင်ပြီး ထိုင်ငေးရလောက်တယ်ဆိုတဲ့ မျက်သားပြာရဲ့အလှက သူ့ကို ရင်မခုန်စေဘူးတဲ့လား။

မျက်သားပြာရဲ့ စည်းစိမ်ပစ္စည်းတွေက သူ့ကို မဆွဲဆောင်နိုင်ဘူးတဲ့လား။

"ဟိတ် ... သူရှိန်ခ တို့ဆီလာနေပြီ"

လက်ကုတ်ပြီး သတိပေးတာ ခံလိုက်ရတော့မှ သူမစိ



www.burmeseclassic.com

www.burmeseclassic.com



ဝိညာဉ်က ဘုန်းလက်ရုံးဆိုသော လူတစ်ယောက်ဆီမှနေ ရုန်းထွက်ကာ သူရိန်ခဆီ ပြန်ရောက်လာခဲ့သည်။

သူရိန်ခ အနားရောက်လာလျှင် ဘဘကပင် မိတ်ဆက်ပေးသည်။

"သမီးရေ ... ဒါက မောင်သူရိန်ခပါ"

ဟောလိဝုဒ်မင်းသားတစ်ယောက်လို ပြေပြစ်ချောမွေ့လွန်းနေသော သူရိန်ခကို မျက်သားမပွင့်တပွင့်ကလေး ပြုံးပြလိုက်ပါသည်။

ပွင့်လင်းစွာ၊ ဖော်ရွေလွန်းစွာ မပြုံးမိစေရ။ သိပ်လိုလားဖိတ်ခေါ်နေသလို ဖြစ်သွားလိမ့်မယ် ... တဲ့။ အရိပ်က စနစ်တကျ သင်ပေးထားသည်လေ။

"ဒါကတော့ မျက်သားပြာလေ"

"ဟုတ်ကဲ့ ... ကျွန်တော် သိပါတယ်"

တွမ်ခရုလို ပြတ်သားပါးလျားသောနှုတ်ခမ်းများက မျဉ်းဖြောင့်သဏ္ဍာန် ပြုံးရင်း လက်ကမ်းပေးသည်။

ထင်မှတ်မထားသည်မို့ မျက်သား ဟိုက်ခနဲ ဖြစ်သွားရသည်။

ပြန်လက်ဆွဲနှုတ်ဆက်လိုက်ရမလား ...။

ကုမ္ပဏီမှာ ပါတနာတွေနှင့် သည်လိုပဲ ယဉ်ကျေးမှုသဘောအရ လက်ဆွဲနှုတ်ဆက်နေကျမို့ သည်ဓလေ့ကို စိမ်း





မနေသော်လည်း ခုမှမြင်ဖူးသော လူတစ်ယောက်က နိုင်ငံရပ်ခြားမဟုတ်ဘဲ လက်ကမ်းပေးတာကတော့ နည်းနည်းလေး ရဲတင်းနေသယောင်။

မျက်သား မသိချင်ဟန်ဘဲ ဆောင်လိုက်ရမလား ...။

ဝေခွဲမရဆဲ အရိပ်ကို အကူအညီတောင်းသလို လှမ်းကြည့်လိုက်သည်။

အရိပ်ရဲ့ မျက်လုံးစူးစူးများက တင်းမာ၍သွားသည်မို့ ပြန်လက်ဆွဲ မနှုတ်ဆက်စေချင်တာ သိသာသည်။

ဘဘဆီကို မော့ကြည့်လိုက်တော့ နှုတ်ဆက်လိုက်ပါဆိုသောသဘော မသိမသာ ခေါင်းဆတ်ပြသည်မို့ အရိပ်စိတ်ဆိုးလည်း ခံတော့မည်ဆုံးဖြတ်ကာ လက်ဖျားလေးနှင့် ထိသည်ဆိုရုံ ပြန်ဆွဲလှုပ်ယမ်းလိုက်ရသည်။

"ကဲ ... ထိုင်ပါ၊ ကော်ဖီသောက်ရင်း စကားစမြည်ပြောကြတာပေါ့၊ မောင်သူရိန်ခ အချိန်ရတယ်မဟုတ်လား"

"အားတယ်လို့တော့ မဟုတ်ဘူးပေါ့ ဆရာရယ်၊ ဒါပေမဲ့ တစ်ဘဝစာလုံးအတွက် အရေးကြီးတဲ့ကိစ္စအတွက်ပဲ အချိန်ပေးနိုင်ရမှာပေါ့"

အလို့ ...

အဝင်လေးကတော့ ညက်ညောသား။

မျက်သား ပြုံးလိုက်မိစဉ် အရိပ်ကတော့ ... မြီးရှ



www.burmeseclassic.com

www.burmeseclassic.com



တစ်ဘဝလုံးစာ တနင့်တပိုး ပြန်ယူမှာမဟုတ်လားလို့ ဖြည့်စွက်တွေးနေမိသည်။

"ဒါက မျက်သားရဲ့ အတွင်းရေးမှူးလေ ...မြရိပ်ထင်တဲ့၊ မျက်သားရဲ့ စက္ကထေရီလည်း ဟုတ်တယ်, အချစ်ဆုံးသူငယ်ချင်းလည်း ဖြစ်တယ်"

မျက်သားက သူရိန်ခကို အရိပ်နှင့် မိတ်ဆက်ပေးလိုက်သည်။

သူရိန်ခက အသားညိုညို၊ မျက်ရစ်မပါ၊ မျက်လုံးအိမ်ကျဉ်းကျဉ်း၊ နှုတ်ခမ်းထူထူထော်ထော်နှင့် မြရိပ်ထင်ကို တစ်ချက်မျှ လျှမ်းခနဲသာ ကြည့်လိုက်လျက် ...

အင်း ...ဒေါင်းပျိုမကလေးအနားက ကျီးကန်းမကလေးပါလားလို့ တွေးလိုက်မိသည်။

ထိုကျီးကန်းမလေးက ထ,ကာ အားလုံးအတွက် ကရားထဲမှ ကော်ဖီများကို ငှဲ့ထည့်ပေးသည်။

"သုံးဆောင်ကြပါဦးရှင်"

ကော်ဖီခွက်များကို ဘယ်သူမှ ချက်ချင်း ယူမသောက်ကြသေး။

အငွေ့တထောင်းထောင်းထနေသော ကော်ဖီရနံ့မှာ သင်း၍နေသည်။

မျက်သားက ကော်ဖီသူရဲ၊ ကော်ဖီချစ်သူ။ ပြီးတော့





ကော်ဖီဆို ဒီလို အငွေ့တထောင်းထောင်းထပြီး ပူလောင်နေမှ အရသာ ပိုပြင်းသည်ဟု ထင်သူ။

သင်းနေသော အနံ့ကလေးကြောင့် အရမ်းသောက်ချင်နေပြီဖြစ်သော်လည်း ဝိုင်းထဲမှာ အသက်အကြီးဆုံးဖြစ်သော ဘဘက အရင် စမသောက်သေးသည်မို့ စိတ်ကို ထိန်းနေရသည့်အဖြစ်။

သို့သော် ...

စိတ်ဖြေသည့်အနေနှင့် အငွေ့တလူလူထနေသော ကော်ဖီခွက်ကလေးကိုတော့ စိုက်ငေးကြည့်နေမိသည်။

ဒါကိုပဲ သူရိန်ခက ဘယ်လို ထင်မှတ်သွားသလဲမသိ။

ကပျာကယာ ထကာ ...

"ခွင့်ပြုပါ ခင်ဗျာ"

ဆိုပြီး ကော်ဖီခွက် လက်ကိုင်နေရာကို သူ့အိတ်ထဲမှ တစ်ရှူးလေးထုတ်လျက် အထပ်ထပ်အခါခါ ပွတ်တိုက်နေလေတော့သည်။

မြတ်စွာဘုရား ...

ကော်ဖီခွက်က မသန့်လို့ စိုက်ကြည့်နေတယ်လို့ပဲ သဘောင့်သား ထင်သွားလေသလား မသိ။

ကော်ဖီခွက်ကို တိုက်ပေးပြီးတော့ တစ်ရှူးလေးကို လင်ပန်းထဲ ပစ်မထည့်။



www.burmeseclassic.com

www.burmeseclassic.com



အခန်းထောင့်က စားပွဲဆီ ထသွားကာ တခုတ်တယ စွန့်ပစ်သည်။

ပြီးတော့ ဘေစင်မှာ ဆပ်ပြာနှင့် အသေအချာ လက်သွားဆေးသည်။ လက်ဆေးပြီးတော့ သူ့အိတ်ထဲက လက်ကိုင်ပဝါထုတ်ကာ အသေအချာ ရေသုတ်သည်။ ပြီးတော့မှ ပြန်လာသည်။

ထိုင်ခါနီး ခုံကို တဖူးဖူးနှင့် လေမှုတ်သည်။ ဒီလောက်သန့်ရှင်းနေတဲ့အခန်းထဲမှာ ဘယ်မှာ ဖုန်မှုန့်ရှိနိုင်မလဲ။

ပြီးတော့ ...

အနည်းငယ် ပုံပျက်သွားသော အင်္ကျီကို ဆွဲချသည်။

ဘောင်းဘီကို ပေါင်လယ်လောက်နေရာမှ လက်ညှိုးလက်မ ကွေးကလေးနှင့်ညှပ်ကာ အပေါ်သို့ဆွဲတင်သည်။

ပြီးမှ ထိုင်တော်မူသည်။

မျက်သား သူ့ကိုကြည့်ရင်း တစ်ထိုင်တည်းတင် မူးနောက်ချင်သွားမိသည်။

တစ်မျိုးပဲ ...။ ဒီလူဟာ တစ်မျိုးတော့တစ်မျိုးပဲဟုသာ မှတ်ချက်ချမိသည်။

အရိပ်ကတော့ ဘယ်လို ဝေဖန်မယ်မသိ။





''အံမယ်လေးဟယ် ...ငါကတော့ လူကုံထံ ဟိုက်ကလပ်လေးထင်လို့၊ ဘယ်ဟုတ်မလဲ ...သကောင့်သားက သန့်ရှင်းရေး ဖိုးထောင်ကို မုန့်ဖိုးပေးပြီး ကြိုမေးထားတာတဲ့၊ မျက်သားပြောက အသန့်သိပ်ကြိုက်တယ်ဆိုလို့ သိသာထင်ရှားအောင်ကို သန့်ပြနေတာကိုး''

''ဟုတ်ပါ့ ...ငါက အသန့်သိပ်ကြိုက်တာ''

မျက်သားက သူမအခန်းကို လက်ညှိုးလေးယမ်းပြရင်း ကြွားသည်။

အဖုံးမပိတ်ရသေးသော နှုတ်ခမ်းနီတောင့်၊ ပေါ့ဒ်တခြား ဘူးတခြား မိတ်ကပ်ဘူးများ တင်ထားသော မှန်တင်ခုံက ဖုန်ထူကက်လျက် ...။

ခုတင်ခြေရင်းမှာ အင်္ကျီများ စုပုံလျက် ...။

အခန်းထောင့်မှာ အမှိုက်ခြင်းထဲမှ လျှံကျနေသော မုန့်ထုပ်အခွံများ ...။

''တွေ့လား ... သိပ်အသန့်ကြိုက်တာ''

''ဟုတ်ပါ့ ... စည်းကမ်းရှိချက်''

နှစ်ယောက်သား တဟားဟား အော်ရယ်ပစ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



တကယ်တမ်း အသန့်ကြိုက်တာက အရိပ်။

ကုမ္ပဏီတစ်ခုလုံးကို သန့်ရှင်းပြောင်လက်နေစေသူက အရိပ်။

ကိုယ်ပြောတာဆို မအောင်မြင်မှာစိုးလို့ မျက်သားပြော နာမည်ကို တမင်သုံးကာ ...

"ဖိုးထောင်နော် ... ဥက္ကဋ္ဌက အသန့်အရမ်းကြိုက်တာ တစ်နေ့သုံးခါ သန့်ရှင်းရေးလုပ် ... လစာတိုးပေးလိမ့်မယ်"

လို့ ပရိယာယ်နဲ့ ခိုင်းခဲ့တာ။

"ကြီးကျယ်မယ့်ပုံပဲနော် မျက်သား"

မျက်သားကို အရိပ်က သူ့ထင်ကြေးကိုလှမ်းပြောလိုက် သည်။

"ဟုတ်တယ် ... တချို့ကလည်း ကျွန်တော့်ကို ကြီးကျယ်တယ်လို့ ဝေဖန်ကြတယ်၊ ဘာဖြစ်လဲဗျာ ... ကျွန်တော့်နာမည်ကိုက သူရိန်ခပဲ၊ သူရိန်ဆိုတဲ့ နေမင်းကြီးကတောင် ခစားရမယ့်လူမျိုးပဲ မဟုတ်ဘူးလား"





"အံမယ်လေး ... ပူမြင်းလိုက်မယ့်အမျိုး"

လို့ မျက်သား တွေးလိုက်မိသည်"

"ဒါနဲ့ ကိုသူရိန်ခရဲ့လုပ်ငန်းက ဒီဇိုင်းဆွဲတာနော်၊ ပညာရှင်အလုပ်ပဲ၊ မျက်သား လေးစားပါတယ် ... ဘယ်လိုဒီဇိုင်းတွေ လက်ခံလဲဟင်"

"ဘယ်လိုဒီဇိုင်းမဆို ကျွန်တော် လက်ခံနိုင်ပါတယ်"

မြတ်စွာဘုရား ...

ယုံကြည်မှုလွန်ကဲသူလို့ပဲ မှတ်ချက်ချရမလား မသိတော့။

"မျက်သားရဲ့ရုံးခန်းဒီဇိုင်းကိုလည်း ကျွန်တော် အသေအချာ စဉ်းစားပြီးပြင်ဆင်ပေးပါ့မယ်"

"ဟုတ်ကဲ့ ... ကျေးဇူးတင်ပါတယ်၊ မျက်သားက လောလောဆယ် ကုမ္ပဏီကိုတောင် သိပ်ဂရုမစိုက်နိုင်သေးဘူး"

"မျက်သားနဲ့ကျွန်တော် လက်ထပ်ပြီးသွားရင် ရွှေရော ကုမ္ပဏီကို အလှပဆုံး၊ အခံ့ညားဆုံးဒီဇိုင်း ပြန်ဆင်ပေးမယ်"

လက်ထပ်ပြီးသွားရင် ...

အင်း ... ဒါဟာ အငိုက်ဖမ်း စည်းရုံးနည်းတစ်မျိုးပဲ။

"ကျွန်တော်တို့ လက်ထပ်တဲ့အခါကျရင် မင်္ဂလာဆွမ်းကျွေး၊ လက်မှတ်ထိုးပွဲ၊ ဧည့်ခံပွဲ၊ ဒင်နာ ဝလေးပွဲလုံးမှာ မျက်သား ဝတ်မယ့်ဝတ်စုံတွေကို ကျွန်တော်ကိုယ်တိုင် ဒီဇိုင်းဆွဲပေးမယ်"



www.burmeseclassic.com

www.burmeseclassic.com



မြတ်စွာဘုရား ...

ဒီတစ်ခါတော့ မျက်သားပြာသာမက ဘေးက မယောင်မလည်လေးလုပ်နေသော အရိပ်ပါ မျက်လုံးပြူးသွားရသည်။

ဘယ့်နှယ့် ... ဒီလူဟာ ဂျယ်လီလော်လီပေါ့များ ဖြစ်နေဦးမလား။

မိန်းမဝတ်စုံတွေကအစ ဒီဇိုင်းဆွဲဖို့ စိတ်ဝင်စားနေတယ်ဆိုရင်တော့ စဉ်းစားချင်စရာ ဖြစ်လာပြီ။

"ဟော ... အခု မျက်သားကိုင်တဲ့ လက်ကိုင်အိတ်တောင် ဒီဇိုင်းဟောင်းချင်နေပြီ၊ အခု ဟောလီဝုဒ်မှာ လိပ်တက်စ်က လက်ကိုင်ကြိုး အလုံးမာမာကြီးတွေ မဟုတ်တော့ဘူး ... သိပ်သိပ်သည်းသည်း အပြားလေးတွေ၊ နေဦး ... ကျွန်တော် ဒီည မျက်သားအတွက် လက်ကိုင်အိတ်ဒီဇိုင်းတစ်ခု ဆွဲပေးမယ်၊ လုံးဝ အသစ်အဆန်းတွေ ဖြစ်နေစေရမယ်၊ ဒါနဲ့"

လက်ကိုင်အိတ်အကြောင်း ပြောနေရာမှနေ အမှတ်မထင် သူရိန်ခရဲ့အကြည့်တွေက လက်ကိုင်ကြိုးရဲ့ချပ်ရိုးတစ်လျှောက် သီးနေသောဖုန်တွေဆီ ရောက်သွားသည်။

သူမြင်သွားပြီ။

ဒုက္ခပဲဟု မျက်သား ပျာသွားမိသည်။

ကိုယ့်ကို အသန့်သိပ်ကြိုက်သူဟု သူက ထင်ထားတာလေ။





မနက်က ကုမ္ပဏီကိုအလာမှာ လောလော,လောလောနဲ့ တွေ့ရာလက်ကိုင်အိတ် ကောက်လွယ်လာခဲ့တာ။

ဘတ်ဘတ်ဆိုပြီး အဝတ်စနှင့်တော့ သုတ်ခဲ့သေးတာပဲ။

ကြိုးမှာကပ်နေတဲ့ဖုန်တွေကိုတော့ ဂရုမစိုက်မိ။

"ဒီမှာ မြရိပ်ထင်"

အရိပ်ကို လေသံမာကြီးနှင့် သူရိန်ခ ရုတ်တရက် ခေါ်လိုက်တော့ အရိပ်ရော မျက်သားပါ နှစ်ယောက်စလုံး လန့်သွားရသည်။

"မင်း ... ဒီမှာ ကိုယ့်ဘော့စ်ရဲ့လက်ကိုင်အိတ် ဖုန်တက်နေတာ မသိဘူးလား"

ဘလိုင်းကြီး အကောခံလိုက်ရတာမို့ အရိပ်မှာ ပါးစပ်အဟောင်းသား ဖြစ်သွားရသည်။

"ဒီဖုန်တက်နေတဲ့ လက်ကိုင်အိတ်နဲ့ မျက်သားက မီတင်(Meeting)တွေ ဘာတွေ တက်မိရင် ဘယ်လောက်အောက်သွားနိုင်မလဲ ... မင်း မသိဘူးလား"

"မျက်သား ဒီနေ့ မီတင်မရှိပါဘူး ကိုသူရိန်ခ"

"ဘာပဲဖြစ်ဖြစ် ... ဒါ စက္ကထရီရဲ့တာဝန်ပဲ၊ စက္ကထရီဆိုတာ ကိုယ့်ဘော့စ်ကို မှန်တစ်ချပ်လို ဖြစ်နေစေရမယ်၊ ဘာလေးလိုမလဲ အမြဲစောင့်ကြည့်နေရမယ်၊ မင်း သိပ်ပေါ့လျော့တယ် မြရိပ်ထင်"



www.burmeseclassic.com

www.burmeseclassic.com



အရိပ်မှာ တစ်ခါမှ ခုလို ရင့်ရင့်သီးသီး အပြောမခံခဲ့ရဖူးတာမို့ ဘာပြန်ပြောရမှန်းပင် မသိနိုင်အောင် ဖြစ်နေရသည်။

ကြောင်အနေသောအရိပ်ကို သူရိန်ခက လက်ကိုင်အိတ်ကို ဆတ်ခနဲပေးလျက် ...

"ရော့ ... သေသေချာချာ သွားသုတ်ချေ၊ အရောင်ပါ ထပ်တင်ခဲ့ဦး၊ အရောင်က သိပ်မစိုတော့ဘူး"

အရိပ်မှာ လက်ကိုင်အိတ်ကိုယူလျက် ကပျာကယာ ထွက်လာခဲ့မိသည်။

ရင်ထဲမှာ ရှက်ခြင်း၊ နာကျင်ခြင်း၊ သိမ်ငယ်ခြင်းတွေကို တစ်ပြိုင်တည်း ခံစားနေရသည်။

"ကိုသူရိန်ခ ... အရိပ်ကို အဲလို မဆက်ဆံပါနဲ့၊ အရိပ်ဟာ စက္ကထရီဆိုပေမယ့် မျက်သားရဲ့သူငယ်ချင်းအရင်းပါ"

"အိုး ... စက္ကထရီက စက္ကထရီပဲပေါ့၊ မျက်သားက သိပ်အရေးပေးလွန်းတယ်"

"ငယ်သူငယ်ချင်းအရင်းကြီးမို့ ကျွန်မက အရေးပေးတာ ဘာဖြစ်သလဲ ကိုသူရိန်ခ ... တစ်ခုတော့ ရှိတယ်"

လက်ညှိုးကလေးထောင်လျက် ပြောနေသော မျက်သားရဲ့လေသံက နည်းနည်း မာဆတ်ဆတ်ဖြစ်နေသည်မို့ သူရိန်ခ စောဒကမတက်ရဲတော့ဘဲ ငြိမ်နားထောင်နေလိုက်သည်။

"ကျွန်မနဲ့ကိုသူရိန်ခဟာ လက်မထပ်ရသေးပါဘူး ... ကျွန်မ ကိုသူရိန်ခကို လေ့လာဆဲ၊ အကဲခတ်ဆဲ အခြေအနေမှာပဲ ရှိပါသေးတယ်၊ ကျွန်မရဲ့ကိုယ်ရေးကိုယ်တာတွေကို ရှင် ဝင်စွက်ဖက်ပိုင်ခွင့် မရှိသေးဘူး၊ အထူးသဖြင့် ကျွန်မရဲ့စက္ကထရီကို ရှင် ဒီလိုဆက်ဆံပိုင်ခွင့် မရှိဘူး"





တစ်လုံးချင်း မာဆတ်အေးခဲစွာပြောနေသော မျက်သားရဲ့ စကားလုံးတွေအောက်မှာ သူရိန်ခ မျက်နှာတစ်ပြင်လုံး နီရဲနေတော့သည်။

"ရှင်သိထားဖို့က အရိပ်ဟာ ကျွန်မဘဝရဲ့ အစန်ရှယ် (essential) ပဲ"

"ဆောရီး မျက်သား ... ကျွန်တော် တောင်းပန်ပါတယ်၊ နောက်တစ်ခါ မဖြစ်စေရပါဘူး၊ ကျွန်တော်က မျက်သားကို လူတွေ ရှုတ်ချသလို အကြည့်ခံရမှာကို စိုးရိမ်စိတ်နဲ့"

သူရိန်ခ အလောတကြီးပြောသည်။

မျက်သားပြာက မခိုးမခန့်ပြုံးလိုက်ပြီး ...

"လက်ကိုင်အိတ်မှာ ဖုန်မှုန့်ကလေးတင်နေတာကို ဂရုစိုက်ပြရုံနဲ့တော့ အကြင်နာတရားရှိတယ်လို့ သတ်မှတ်လို့ မရသေးဘူး ထင်ပါရဲ့နော် ကိုသူရိန်ခ"

သာသာကလေး နှိပ်ကွပ်လိုက်တော့ ရဲရဲနီနေသော သူရိန်ခရဲ့မျက်နှာမှာ ခရမ်းချဉ်သီးပေါ် အချဉ်ရည်တွေ ထပ်လောင်းလိုက်သလို ဖြစ်သွားရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



“စောင့်ကြည့်ပါ မျက်သားရယ် ...ကျွန်တော်ဟာ မျက်သားရဲ့ဘဝကို နားလည်မှုအပြည့်နဲ့ ဖေးမပေးချင်သူပါ၊ ကြင်နာမှုအပြည့်နဲ့ နွေးထွေးစေချင်သူပါ”

“ဟုတ်ကဲ့ ... ရှင့်စကား တည့်,မတည် စောင့်ကြည့်ဖို့ ကတော့ ကျွန်မရဲ့တာဝန်ပါနော်၊ ကျွန်မ စောင့်ကြည့်ပါ့မယ်”

လောလောဆယ်မှာတော့ သူ့ရိနိခကို စောင့်ကြည့်ဖို့ မျက်သား စိတ်မဝင်စားတော့ပြီ။

မျက်သားအတွေးထဲ ရှိနေသည်က အရိပ်တစ်ယောက် လက်ကိုင်အိတ်တစ်လုံးနှင့် ဘယ်လိုများ ဖြစ်နေမလဲဆိုတာပင်။

## အခန်း (၆)

အဲ ရိပ်မှာ လက်ကိုင်အိတ်ကိုကိုင်ကာ ချောင်လေး မှာ ငုတ်တုတ်ကလေးထိုင်ပြီး ငိုင်နေမိသည်။

ကိုယ့် သက်တူရွယ်တူရှေ့မှာ၊ ပြီးတော့ သူငယ်ချင်းရဲ့ ရှေ့မှာ ရင့်ရင့်သီးသီး၊ နှိမ်နှိမ်ချချ အပြောခံလိုက်ရတာမို့ ရှက် စိတ်နှင့် ဝမ်းနည်းစိတ်က ရောယှက်ကာနေသည်။

ဖိုင်အဟောင်းတွေ သိမ်းဖို့ရောက်လာသော လက်ရုံးမှာ ငုတ်တုတ်ကလေးထိုင်ပြီး ငိုင်နေသော မြရိပ်ထင်ကို ရုတ်တရက် တွေ့လိုက်ရလျှင် အံ့အားသင့်သွားမိသည်။

နှစ်ယောက်တွဲနေလျှင် ညစ်ကျယ်ကျယ်နိုင်လွန်းလှ သည်မို့ အမြင်ကတ်နေခဲ့မိသော်လည်း ခုလို တစ်ယောက်တည်း ငိုင်နေတာတွေ့တော့ စိတ်ထဲ တစ်မျိုးဖြစ်သွားရသည်။

လက်ရုံးအကျင့်ကိုက မျက်စိရှေ့ အမြင်မတော်တာမျိုး၊



www.burmeseclassic.com

www.burmeseclassic.com



နားထဲ အကြားမတော်တာမျိုးဖြစ်နေလျှင် ဘာသိဘာသာ မသိချင်ယောင် မဆောင်တတ်ခြင်းပင်။

ခုလည်း မနေနိုင်။ ဒေါ်နယ်ဒတ်ခ်ဟု နာမည်ပြောင် တိတ်တဆိတ်ပေးထားမိသော မြရိပ်ထင်နား သွားမိကာ ...

"ဘာဖြစ်လို့ ဒီမှာလာထိုင်နေတာလဲ စက္ကထရီ"

နှစ်ယောက်တည်းသာရှိတာမို့ နာမည်နှင့် ခေါ်ပြော မဆက်ဆံချင်တာကြောင့် တမင် ရာထူးကိုပဲ ထပ်ခေါ်လိုက်မိသည်။

ကုမ္ပဏီမှာ ဝန်ထမ်းအချင်းချင်း ဒီလိုပဲ ခေါ်ပြောဆက်ဆံတတ်ကြသည်လေ။

အရောင်းမြှင့်တင်ရေးမန်နေဂျာဖြစ်သော သူ့ကိုလည်း ဝန်ထမ်းတွေက "စေးလ်ဂျာ" တဲ့။

အရိပ်က လက်ရုံးလာမေးတာကို ဘာမှပြန်မဖြေဘဲ ထိုင်လျက်က မော့၍သာကြည့်မိသည်။

ညှိုးနေသော မျက်ဝန်းကလေးများကို မြင်လိုက်ရလျှင် လက်ရုံးရင်ထဲ တစ်မျိုးကလေး ဖြစ်သွားရသည်။

"ဘာများ အခက်အခဲဖြစ်နေလို့လဲဟင် ... ကျွန်တော် ဘာကူညီပေးရမလဲ"

အမြဲလို စူးလက်နေတတ်သော မျက်ဝန်းကလေးများ ညှိုးနေသည်ကို တွေ့လိုက်ရတော့ လက်ရုံး သနားသွားမိသလို





ဖြစ်သွားရသည်။

"ရှင် ကူညီပေးလို့မရပါဘူး ဘုန်းလက်ရုံးရယ်"

လေသံလေးကိုက အရင်လို စွာတာတာ ညစ်ကျယ်ကျယ် မဟုတ်တော့ဘဲ တိုးလျှပျော့ပျောင်းလို့နေသည်။

"ပြောကြည့်ဦးလေ"

"ရှင် တကယ်ကူညီပေးချင်လို့လားဟင်"

လက်ရုံး ခပ်သွက်သွက် ခေါင်းညိတ်ပြလိုက်မိသည်။

အရိပ် လက်ရုံးရဲ့မျက်လုံးတွေထဲကို မော့စိုက်ကြည့်လိုက်သည်။

ကိုယ့်ကို သနားကရုဏာသက်နေသော မျက်ဝန်းများကို တွေ့လိုက်ရတော့ ဘာမှမစဉ်းစားချင်တော့ဘဲ အဖြစ်အပျက်အားလုံးကို ဖွင့်ဟပြောပြမိချင်လာတော့သည်။

"ဒီလို ဘုန်းလက်ရုံးရယ်"

ခေါင်းကလေးငုံ့စိုက်ကာ အဖြစ်အပျက်ကို အသေးစိတ် ပြောပြနေမိတော့သည်။

စကားဆုံးလို့ သူ့မျက်နှာကို မော့ကြည့်လိုက်မိလျှင်တော့ ကိုယ့်စကားကို စိတ်ဝင်တစား နားစိုက်ထောင်လျက် သူ့မျက်လုံးများထဲ၌ သနားကရုဏာသက်ခြင်းအပြင် ခံပြင်းခြင်း၊ ခါးသီးခြင်း အရိပ်တွေကိုပါ တွေ့လိုက်ရသည်။

"သူ အရိပ်ကို ဘာလို့ ဒီလိုရင့်ရင့်သီးသီး ဆက်ဆံရ



www.burmeseclassic.com

www.burmeseclassic.com



တာလဲ၊ အရိပ်က ရုပ်သိပ်ဆိုးနေလို့ ထင်ပါတယ်နော်''

သူ့မေးခွန်းကို သူ့ဘာသာ ထင်ကြေးနှင့် ပြန်ဖြေနေသော ကောင်မလေးကို သူ ပိုသနားသွားမိသည်။

''အရိပ်သိပါတယ် ... အရိပ်က ရုပ်သိပ်ဆိုးတော့ မျက်သားနားမှာနေရတာ တချို့က မလိုလားကြဘူး၊ မျက်သားက အရမ်းလှတော့ သူငယ်ချင်းစက္ကထရီဖြစ်ဖို့ မတန်ဘူး ထင်ကြမှာပေါ့''

''ဘာဆိုင်လဲ မျက်သားပြာရဲ့ ... သူငယ်ချင်းမဖြစ်လည်း မင်းအရည်အချင်းနဲ့ ဘယ်မှာမဆို စက္ကထရီဖြစ်နိုင်တာပဲ''

''ဘာပဲဖြစ်ဖြစ်လေ ... ရုပ်သိပ်ဆိုးတယ်ဆိုတာလည်း အများရဲ့ နှိပ်ကွပ်ချင်စရာ အချက်တစ်ချက်ပါပဲ''

လက်ရုံး သက်ပြင်းခိုးရှိုက်ရင်း ကောင်မလေးကို ဘယ်လို အားပေးနှစ်သိမ့်ရမလဲ အပြေးအလွှား စဉ်းစားနေမိသည်။

ရုပ်ဆိုးတဲ့ကောင်မလေးကို မဆိုးပါဘူး၊ မင်းရုပ်ကလေးက လှပါတယ်လို့ အပိုစကားပြောရင်လည်း ဘယ်နည်းနှင့်မှ လက်ခံမှာမဟုတ်။

လှောင်ပြောင်ရာတောင် ရောက်လိမ့်ဦးမည်။

သူစဉ်းစားဆဲ ... ကောင်မလေးက ဘာရယ်မဟုတ်ဘဲ ဆံပင်အိအိလေးများကို ဖျတ်ခနဲ သပ်တင်လိုက်တာ တွေ့လိုက်ရလျှင် လျှပ်တစ်ပြက် ဉာဏ်ပွင့်သွားကာ ...





''မင်းလက်ချောင်းလေးတွေက သိပ်လှတာပဲနော် စက္ကထရီ''

''ဘယ်လို''

ကောင်မလေး သူ့ကို တအံ့တသြ မော့ကြည့်သည်။

''မင်းလက်ချောင်းကလေးတွေလေ အရမ်းလှတာပဲလို့''

ကောင်မလေး သူ့လက်ချောင်းလေးတွေကို ကမျာကယာ ထောင်ကြည့်သည်။

ညိုသောအသားအရေမှာ လက်ချောင်းလေးတွေက တော့ တစ်ဘာသာကွဲထွက်လျက် ဝင်းပကာ လက်သည်းတိတိ ဂိုရိုလေးတွေကလည်း ဘာဆေးမှမကူဘဲ ပန်းသွေးရောင် ပြေးနေသည်။

သွယ်ပျောင်းသော လက်ချောင်းလေးတွေမှာ လေးထောင့်ဆန်ဆန် ရှည်သွယ်သွယ်ကလေးမို့ မိန်းကလေးများထဲမှာတော့ အတော်ရှားပါးသော လက်ချောင်းများဟုပဲ ပြောရမယ် ထင်ပါရဲ့။

''အရိပ်လက်ချောင်းတွေက လှတယ် ... ဟုတ်လား''

အရိပ် တအံ့တသြ ပြန်မေးလိုက်သည်။

သူက ဖွဖွကလေးပြုံးပြကာ ...

''သိပ်လှတာပေါ့၊ သဘာဝဆန်တဲ့အလှမျိုးနဲ့ လှတာ၊ ခုခေတ် လက်သည်းကို အမျိုးမျိုးပုံဖော်, လက်သည်းရှည်အရှ



www.burmeseclassic.com

www.burmeseclassic.com



တွေတပ်တာ ကျွန်တော်တွေ့ဖူးသားပဲ၊ အတုဟာ အစစ်လောက် ဘယ်တော့မှမလှဘူး၊ လောကမှာ သဘာဝအလှက အလှဆုံးပဲ၊ စက္ကူထရီရဲ့လက်ချောင်းတွေက ကျန်းမာသန်စွမ်းတဲ့ လက်ချောင်း မျိုး, လက်တွေ့ဆန်တဲ့ လက်ချောင်းမျိုး''

''ဘုရားရေ ... ဒီလက်ချောင်းတွေက လှတယ် ... ဟုတ်လား၊ အရိပ်က အလုပ်ကြမ်းလုပ်ခဲ့ရဖူးတာ''

''အဲဒါကြောင့် လက်တွေ့ဆန်ပြီး ပိုလှနေတာပေါ့''

''တကယ် ... အိုး ... ဘုန်းလက်ရုံးရယ် ... ရှင်ဟာ တကယ့်လူထူးလူဆန်းပဲ၊ ဘာမှ ထူးခြားမှုမရှိတဲ့ လက်ချောင်းတွေ ကိုများ လှတယ်တဲ့''

အရိပ်မျက်နှာမှာ ဝင်းပကြည်စင်သွားပြီ။

ခုနက စိတ်ပျက်စရာအကြောင်းအရာကိုလည်း မေ့သွား မိပြီဖြစ်သည်။

''အဲလို အရမ်းလှတဲ့လက်ချောင်းမျိုး ကျွန်တော် မြင်ဖူး သေးတယ်''

''ဘယ်မှာလဲ ဘယ်မှာလဲ''

အရိပ် အားတက်သရော မေးမိသည်။

သူက မပွင့်တပွင့်ပြုံးလျက် ...

''ဒီမှာလေ''

ဆိုကာ သူ့လက်ချောင်းများကို ထောင်ပြသည်။





ဟုတ်ပါရဲ့။

ကြည့်စမ်း ...

သူ့လက်ချောင်းများဟာ အရိပ်လက်ချောင်းများနဲ့ မိတ္တူ ဆွဲထားသလို တစ်ထေရာတည်း။

လေးထောင့်ဆန်သော၊ ရှည်လျားသွယ်ပျောင်းသော၊ တိတိရိရိ လှီးဖြတ်ထားသည့် လက်သည်းများက ပန်းသွေးရောင် ပြေးနေသည်အထိ။

''အိုး ... တကယ်တူတယ်နော်''

''ဒါကြောင့် ကျွန်တော်ပြောတာပေါ့ ... သိပ်လှပါတယ် လို့''

''ကြည့်စမ်း ... လက်စသတ်တော့ အရိပ်လက်ချောင်း တွေကို ချီးမွမ်းသလိုလိုနဲ့ ရှင်က ကိုယ့်ကိုယ်ကိုယ် ဂုဏ်ဖော်နေ တာပေါ့လေ ... ဟုတ်လား၊ ဟယ် ... ဘုန်းလက်ရုံးက မသူ တော်ကြီးတော့်, ကြမ်းပိုးကြီးတော့်''

''လိပ် လုပ်စမ်းပါ''

''အို ... လိပ်ဆို ကြီးသွားဦးမယ် ... ကြမ်းပိုးပဲ''

နှစ်ယောက်သား တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ပြီး တဟားဟား အော်ရယ်လိုက်မိကြသည်။

ဒါဟာ ...

လက်ရုံးနဲ့အရိပ်တို့ရဲ့ ရင်းနှီးမှုအစပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



သူ့ဆီက နားလည်ဖေးမခြင်းကို အဲဒီအချိန်မှာ စတင်ခံယူရရှိခဲ့တာဖြစ်ပြီး အရိပ်ဘဝရဲ့ ပျော်ရွှင်ခြင်းများစွာဟာလည်း သူ့ဆီကပဲ မြစ်ဖျားခံလာခဲ့တာ ဖြစ်သည်။

**အခန်း (၇)**

"ရှင် ရော ဘယ်လိုမြင်လဲဟင်"

"အရည်အချင်းတွေကတော့ ပြောစရာမရှိပါဘူး"

"ပြောစရာရှိတာက ..."

"အဓိပ္ပာယ်ကောက် လွဲနေတာပဲ"

"ဘာကိုလဲ"

"နားလည်မှုပေးတာနဲ့ မျက်စိစုံမှိတ် လိုက်လျောတာ မတူဘူး"

"right"

"ကြင်နာခြင်းဆိုတာ ပျာယာခတ် ဂရုစိုက်စွာ ဖော်ပြခြင်းလည်း မဟုတ်ဘူး"

"သွေးထွက်အောင် မှန်လောက်တယ်"

ပြိုင်တူ ပခုံးတွန့်လိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီတော့"

"ဟန်ဆောင်နေတာလို့ မထင်ဘူးလား"

"ဒါဆိုလည်း"

"နောက်တစ်ယောက်"

တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး သံပြိုင်ဟစ်ကြွေးလိုက်သည်။

"အကဲခတ်ကြဦးစို့"

"ကဲ . . . နောက်တစ်ယောက်က"

"မင်းဆက်စံ"



## မင်းဆက်စံနှင့် ...

ပထမဆုံး သတိထားလိုက်မိသည်မှာ ဖြူနုနေသော အသားအရေပင်။

"ငါ့စိတ်ထင် နှုတ်ခမ်းနီဆိုးထားတာ မဟုတ်ရင်တော့ ခရုသင်းနဲ့ သမင်ဖြူ . . . တစ်ခုခုပဲ"

အရိပ် ကျိတ်ပြောပေမဲ့ မျက်သား ခိခနဲ ရယ်၏။

"ဒေါင်ကတော့ ကောင်းပါတယ်ဟယ် . . . ခြောက်ပေ တောင် ကျော်ချင်သေးလားပဲ"

"ပေါင်နှစ်ရာလောက် ရှိမှာလို့လည်း ထည့်ပြောဦးလေ"

"နုထွားကြီးပါ"

"ချက်စားလို့ ရရင်လည်း ကောင်းသား"

"ဝေါ့"

မျက်သား လည်ပင်းကိုအုပ်ကိုင်ကာ ပျို့ပြ၏။



www.burmeseclassic.com

www.burmeseclassic.com



"အဟမ်း" ခနဲ ချောင်းဟန့်သံကြားမှ ဘဘရှိနေတာကို သတိရမိကြတော့သည်။

ထုံးစံအတိုင်း လက်အုပ်ကလေးတွေချီကာ ...

"ဆောရီး ... ကန်တော့ပါ ဘဘ"

ပေါ့။

မင်းဆက်စံ အနားရောက်လာတော့ နှစ်ယောက်သား ဣန္ဒြေပြန်ဆည်လိုက်ကြသည်။

ချက်ချင်း ကိုယ်ကလေးမတ်ကြော့ကာ မျက်နှာကလေး ချီပြီး ပဲကိုင်လိုက်သော မျက်သားကို အရိပ် မသိမသာ ဆွဲဆိတ်လိုက်၏။

ခမျာ နာပေမယ့် မအော်ရဲ။ အလှပျက်မှာစိုး၍ မျက်နှာကလေးတောင် မရှုံ့ရဲ ... ကျိတ်ခံရှာသည်။

"တွေ့ရတာ ဝမ်းသာပါတယ် မျက်သားပြာ ... ကျွန်တော် မင်းဆက်စံပါ"

သူ့ဘာသာမိတ်ဆက်ပြီး ဘယ်သူမှ ဘာမှ မပြောသေးခင် သူ့ဘာသာ ခပ်တည်တည် ဝင်ထိုင်သည်။

ဘဘပင် မျက်ခုံးများပင့်သွားရသည်။

ရဲတင်းပုံက သူရိန်ခနှင့်တော့ မတူ။

သူ ရဲတင်းတာကလည်း တစ်မျိုး။

မျက်နှာထားကလည်း ခပ်တည်တည်ပင်။





တင်းမာနေတာမျိုးတော့ မဟုတ်။

သိမ်သိမ်မွေ့မွေ့ ချိုချိုသာသာလည်းမရှိ။

ပြေပြစ်ကြည့်ကောင်းသော ရုပ်ရည်မှာ မျက်ရစ်များ နည်းနည်းမို့အစ်နေတာရယ်၊ နီတွဲတွဲ နှုတ်ခမ်းသားတွေရယ်၊ မသိမသာ ဘေးသို့လျှံထွက်နေချင်သော ပါးစုန့်မို့မို့ နှစ်ဖက်ရယ်က တည်နေသော မျက်နှာနှင့်ပေါင်းစပ်လိုက်တော့ သုန်မှုန်နေသော ကလေးဆိုးကြီးတစ်ယောက်နှင့် တူသွားရတော့သည်။

မင်းဆက်စံကို မသိမသာ အကဲခတ်ရင်းက အရိပ် ... ကော်ဖီလင်ပန်း ထယူပြီး စားပွဲပေါ်တည်သည်။

အရိပ် ပန်းကန်လုံးတွေလှန်ကာ ငှဲ့ထည့်ဖို့ လက်ပြင်လိုက်လျှင် ...

မင်းဆက်စံက ကပျာကယာ ထ,လျက် အရင်ဦးအောင် ငှဲ့ထည့်လေတော့သည်။

အရိပ်ပင် ကြောင်အမ်းသွားရသည်။

ဘယ်လိုလူပါလိမ့်။

ကော်ဖီတစ်ခွက် အရင်ငှဲ့ထည့်ပြီးတော့ မျက်သားပြာရှေ့ ချပေးကာ ...

"သောက်လိုက်ပါဦး မျက်သား" တဲ့။

ဒီကုမ္ပဏီမှာ ဘယ်သူက အိမ်ရှင်ဖြစ်ပြီး ဘယ်သူက ဧည့်သည်ပါလိမ့်။



www.burmeseclassic.com

www.burmeseclassic.com



လေဒီဖတ်စ် (Lady first) ဆိုတာကို အတင်းလိုက်ဖတ်စ်ချင်နေသည့်လူစားလား။

ပြီးတော့ နောက်တစ်ခွက်ထပ်ငှဲ့ကာ သူ့ဘာသာသူ သောက်နေတော့သည်။

မျက်သားရော အရိပ်ပါ အံ့အားသင့်ကာ မျက်တောင်များ တဖျပ်ဖျပ်ခတ်ပြီး ကြည့်မိတော့သည်။

ဘယ်လို လူစားပါလိမ့်။

သူရဲ့တင်းပုံကတော့ တစ်မျိုး။

ဘယ်သူ့ကိုမှ ဂရုမစိုက်သလို ပုံမျိုး။

ဒီကုမ္ပဏီကိုလည်း သူ့အိမ်သူ့ရာလို။

"သောက်လေ မျက်သား"

သူ တစ်ငုံသောက်ပြီးတော့ သူ့ကို အံ့ဩဘနန်း စိုက်ကြည့်နေသော မျက်သားကိုပါ လောကွတ်လုပ်နေသေးသည်။

လူလေးယောက် အတူထိုင်နေတာ . . . သူနှင့်မျက်သားနှစ်ယောက်တည်းကြီး ဘယ်လိုမျက်နှာမျိုးနှင့် မျက်သားက သောက်ရမှာလဲ။

လူကြီးဖြစ်သော ဘဘဘက် မသိမသာ မျက်လုံးရွှေ့ပြတော့မှ မကောင်းတတ်သည့်ဟန်နှင့် တစ်ခွက် ထငှဲ့ပေးသည်။

အတော်ကြာ စကားစမြည်များ ပြောဖြစ်သည်အထိ အရိပ်အတွက် ကော်ဖီထငှဲ့မပေး။





အရိပ်မှာ ကိုယ့်ဘာသာ ထငှဲ့လျှင်လည်း သောက်ချင်လွန်းလို့ ဖြစ်ရဦးမည်။

လေးယောက်ထိုင်သော စားပွဲမှာ ကျန်သုံးယောက် ရှေ့မှာတော့ ကော်ဖီခွက်များကိုယ်စီနှင့် ကိုယ့်ရှေ့မှာသာ ငုတ်တုတ်ပြောင်သလင်းခါကြီးဖြစ်နေတဲ့အဖြစ်ဟာ ဘယ်လောက် သိမ်ငယ်စရာ ကောင်းလိုက်သလဲ။

သို့သော် . . .

ထိုနေ့က ဘဘရော၊ မျက်သားရော၊ ကော်ဖီခွက်ကို ထိပင် မထိဘဲ မင်းဆက်စံတစ်ယောက်သာ သောက်မည့်သူ ရှိပါသည်။

မျက်သားနှင့်အရိပ်တို့ မျက်ခြည်မပြတ် အကဲခတ်နေသော်လည်း မနက် ဆယ့်တစ်နာရီလောက်ဆို မင်းဆက်စံမှာ ဘယ်လို ဘယ်လို ပျောက် ပျောက်သွားမှန်းမသိ မျက်စိအောက်တင် ပျောက်သွားတတ်သည်။

ဒီနေ့တော့ မျက်သားက သူထွက်သွားတာနှင့် မပေးခင်



www.burmeseclassic.com

www.burmeseclassic.com



မလည် လိုက်ချောင်းဖို့ ဝန်ထမ်းတစ်ယောက်ဖြစ်သော ကိုဖြိုးကို တာဝန်ပေးထားလိုက်သည်။

ကိုဖြိုးမှာ စပ်စပ်စုစုနိုင်လှသော ကောင်ကလေး တစ်ယောက်ဖြစ်သည်မို့ လိုလိုလားလားပင် ...

ဆယ့်နှစ်နာရီလောက်မှာ ကိုဖြိုး ပြန်ရောက်လာသည်။

အခန်းထဲ ဝင်လာပုံမှာ ပြောချင်လွန်းအားကြီးနေသည်မို့ ခလုတ်တိုက်လဲတော့မတတ် ခြေလှမ်းများနှင့် ...

မျက်လုံးပြူး မျက်ဆန်ပြူးနှင့် အပြေးဝင်လာကာ ...

"ဘော့စ် ...မင်းဆက်စံ ဆိုတဲ့လူကလေ ..."

"ဟဲ့ ...ခလုတ်တိုက်လဲဦးမယ်၊ ဖြည်းဖြည်းလာပါ"

"ဘော့စ် ... အဲဒီလူလေ ဘယ်ကိုသွားတာလဲ ... သိလား"

"ဩော် ... မသိလို့ဘဲ မင်းကို လိုက်ချောင်းခိုင်းတာပေါ့ ကိုဖြိုးရဲ့၊ ပြောပါဦး ... သူ ဘယ်ကိုပျောက်သွားတာလဲ ... ကေတီဗီလား"

"အာ ... ဘော့စ်ကလည်း ... သူ့ကားထဲကို"

"သူ့ကားထဲကို ... ဟုတ်လား။ သူ့ကားထဲမှာ ဘာရှိလို့လဲ"

"ထမင်းချိုင့်"

"ဟင်"





ထမင်းချိုင့်ဆိုသည့် စကားလုံးလေး သုံးလုံးကို မျက်လုံးပြူးကြီးနှင့် ပြောလိုက်တာမို့ မျက်သား ကြောင်သွားရသည်။

"ထမင်းချိုင့်မှ ငါးဆင့်ချိုင့်ကြီးတွေ မမရေ၊ တစ်ချိုင့်တည်းတောင် မဟုတ်ဘူး ...နှစ်ချိုင့်, နှစ်ချိုင့်ဗျ"

"ဟဲ့ ... အဲဒါ ဘာဖြစ်လဲ"

"ဘာဖြစ်ရမလဲ ဘော့စ်ရယ် ... ထမင်းချိုင့်ကြီး နှစ်ချိုင့်နဲ့ကို အပီကြိတ်တာများ"

"ဟမ်"

ဒီတစ်ခါ မျက်လုံးပြူးသွားရသူက မျက်သား။

ဘယ့်နှယ့် ...

ငါးဆင့်ချိုင့်ကြီးနှစ်ချိုင့်နဲ့ကို စားသတဲ့။

"ဟုတ်မှဟုတ်ရဲ့လား ကိုဖြိုးရယ်"

"ဩော် ... ကျွန်တော် ဟောဒီ မျက်စိနှစ်လုံးနဲ့ကို တပ်အပ်မြင်တာပါဗျာ၊ စားလိုက်သမှ အားရပါးရ ပလုတ်ပလောင်းနဲ့ကို စားတာ၊ ထမင်းလုတ် တစ်လုတ်,တင်းပုတ်ဆိုတာ ကျွန်တော့်လက်သီးဆုပ်လောက်ကို ရှိတယ်"

ကိုဖြိုးက သူ့လက်ငါးချောင်းကို လက်သီးအဖြစ် ဆုပ်ကာ မြင်ယောင်အောင်ပြသည်မို့ မျက်သား မျက်လုံးပြူးသွားရသည်။

"အဲ့လောက်တောင်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါ့၊ အံမယ်လေး မမရယ် . . . ဟင်းတွေက လည်း စုံလိုက်သမှ ကြက်သား၊ ဝက်သား၊ ငါး . . . အစုံပါတယ်၊ ငါးပိရည်နဲ့ တို့စရာအစုံအလင်နဲ့ ရှယ်စားတာဗျား"

"အံမယ်လေး လေး . . . တစ်ရက် တစ်ရက် ဈေးဖိုး ကုန်လိုက်မယ့်အမျိုး"

"ဘော့စ်ရယ် . . . ဒါတင်ဘယ်ကဦးမလဲ၊ ထမင်းလည်း စားပြီးရော . . ."

ကိုဖြိုး ဆက်ပြောမယ့်စကားကို မျက်သား မငံ့မရဲသာ နားထောင်နေမိတော့သည်။

"ကြက်ကြော်နဲ့ အချဉ်ရည်နဲ့ တို့စားသေးတာများ"

"ဟင် . . . ကြက်ကြော်လည်း စားသေးတယ်"

"ဟုတ်ပါ့ . . . ကြက်ကြော်ပြီးတော့ အုန်းနို့ကျောက် ကျောတို့၊ ဆနွင်းမကင်းတို့ ဆက်သေးတာ"

"ဆက်သေးတယ်"

"ဒီလောက်နဲ့ မပြီးသေးဘူး မမရဲ့ . . . အချိုပွဲလည်း ပြီးရော လက်ဖက်သုပ်"

"တော် . . . တော်ပြီ ကိုဖြိုး . . . ဆက်မပြောနဲ့တော့"

မျက်သား ရင်ဘတ်ဖိထားလိုက်မိတော့သည်။

ဒီလောက် အစားကြီးလှတဲ့လူကို ခင်ပွန်းအဖြစ် ရွေးရ မယ်ဆိုရင် မျက်သား သက်ပြင်းနှင့်ခေါင်းသာ ခါနေမိတော့သည်။





ကြားရတဲ့ ကိုယ့်နားပင် ကိုယ်မယုံချင်။

"ဟုတ်ရဲ့လား ကိုဖြိုးရယ် . . . မမဖြင့် ယုံတောင် မယုံ နိုင်ဘူး"

"ဘော့စ်ရယ် . . . ကျွန်တော်က ဘော့စ်ကို ညာရဲပါ့မ လား"

"မင်းက ဘယ်လိုချောင်းတာလဲ ဟင် . . . မင်း လိုက် ချောင်းတာ သူမသိဘူးလား"

"မသိအောင် ချောင်းတာပေါ့ မမရယ်၊ သူက ဟိုကြည့် သည်ကြည့်နဲ့ ကားထဲ ခိုးကြောင်ခိုးဝှက်ဝင်ပြီး မှန်တွေအပြည့် ပိတ်ပြီး ကျိတ်စားတာ"

"အင်း . . . ဟုတ်မှာပေါ့"

မျက်သားတို့ ထမင်းစားရင် သူ့ကို အတူစားဖို့ခေါ်ရင် ဘယ်တော့မှ လာမစားတတ်တာ ဒါကြောင့်ပဲ ဖြစ်မှာပေါ့။

သူ အစားကြီးတာ လူသိမှာစိုးလို့ ဖြစ်မှာပေါ့။

မျက်သားကတော့ မင်းဆက်စံရဲ့ ငါးဆင့်ချိုင့် နှစ်ချိုင့် နှင့် စားတတ်သော လျှို့ဝှက်ချက်ကို သိလိုက်ရပြီးကတည်းက ရင်တုန်ပန်းတုန်ဖြစ်ကာ ဒီနေ့ နေ့လယ် ထမင်းစားဖို့ကိုပင် စိတ်ပျက်သွားပါတော့တဲ့အထိ။



www.burmeseclassic.com

www.burmeseclassic.com



မင်းဆက်စံ ပြန်ရောက်လာခဲ့လျှင် သူ့ကို အစားကြီးလှသော သတ္တဝါကြီးတစ်ကောင်လို မြင်မိကာ မျက်သား အလိုလို ကြောက်လန့်နေမိတော့သည်။

မပျောက်ခင်တုန်းက မင်းဆက်စံရဲ့မျက်နှာမှာ ညှိုးရော်ပျော့ခွေလျက် ...

အခု ပြန်ပေါ်လာချိန်မှာတော့ ဘက်ထရီပြည့်နေတဲ့ စက်ရုပ်ကြီးလို အားကောင်းမောင်းသန် ရွှင်လန်းတက်ကြွလို့ နေသည်။

မျက်သားက တွန့်ဆုတ်ဆုတ် ဆက်ဆံမိဆဲ သူကတော့ သူ့ဝါသနာကို အာပေါင်အာရင်းသန်သန်နှင့် ပြောနေခဲ့သည်။

"မျက်သားနဲ့ကျွန်တော် လက်ထပ်ပြီးရင် ကုမ္ပဏီလုပ်ငန်းကို အမိက စားသောက်ကုန်အဖြစ် ပြောင်းရအောင်၊ နိုင်ငံတကာက စားသောက်ကုန်တွေ အကုန်သွင်းမယ်၊ ကျွန်တော်တို့ဆီက ရိုးရာစားသောက်ကုန်တွေကိုလည်း နိုင်ငံတကာကို ဖြန့်နိုင်အောင် ကြိုးစားမယ်၊ စဉ်းစားကြည့်လေ မျက်သားရဲ့ ... စားသောက်ကုန်ဆိုတာ အမိကအကျဆုံးအရာပဲ၊ စားဝတ်နေရေးမှာ ရှေ့တန်းတင်တာ အစားပဲ၊ ဘယ်သူမှ အစားမစားဘဲ





မနေနိုင်ဘူး"

အင်း ...

ကျွန်မကတော့ နေနိုင်တယ် ကိုမင်းဆက်စံ။

ကျွန်မရဲ့ တစ်ရာ့ငါးပေါင် ခန္ဓာကိုယ်ကို ဝိတ်တက်မလာအောင် ထိန်းလာတာ ငါးနှစ်ရှိပြီ။

ညနေဆို အသီးအနှံလေးနဲ့ ဖျော်ရည်တစ်ခွက်လောက်ပဲ သောက်တာ သုံးနှစ်တိတိရှိပြီ။

ရှင်နဲ့သာ လက်ထပ်ဖြစ်ခဲ့ရင် ရှင်စားသမျှ အားကျပြီး လိုက်စားမိလို့ ကျွန်မ တစ်ရာ့ငါးပေါင်ကနေ ပေါင်တစ်ရာ့ငါးဆယ်ဖြစ်လာရင် ဘယ့်နှယ့်လုပ်ရပါ့။

"ဩော် ... ပြောရင်းနဲ့ ခုမှ မေးဖို့သတိရတယ် ... မျက်သား နေ့လယ်စာ စားပြီးပြီလား"

"ဟင့်အင်း ... မစားရသေးဘူး ကိုမင်းဆက်စံ"

မျက်သား ယဲ့ယဲ့ကလေး ခေါင်းခါပြလိုက်သည်။

တကယ်တော့ သူ့ကိုစိတ်ပျက်လို့ ယဲ့ယဲ့ကလေး ဖြစ်နေတာကို ဘယ်လို အဓိပ္ပါယ်ကောက်လိုက်သလဲ မသိ။

"ဟာ ... အခု တစ်နာရီခွဲနေပြီ၊ ခုချိန်ထိ မစားရသေးဘူး ... ဟုတ်လား၊ ဘယ်ဖြစ်မလဲ ... အစာအိမ်ရောဂါတွေဘာတွေ ဖြစ်ကုန်လိမ့်မယ်၊ အစားဆိုတာ အချိန်နဲ့စားတတ်ရတယ်"



www.burmeseclassic.com

www.burmeseclassic.com



ချက်ချင်းကို ပျာလောင်ခတ်သွားသော မင်းဆက်စံကို ကြည့်ပြီး မျက်သား မှုးနောက်သွားရသည်။

"ဘာမှ မဖြစ်ပါဘူး ... အရိပ် မအားသေးလို့ စောင့်နေတာပါ"

"အရိပ် ... မြရိပ်ထင် ... သူက ဘာတွေလုပ်နေလို့လဲ၊ ဘာပဲလုပ်လုပ် ကိုယ့်ဘော့စ်ကိုတော့ အချိန်မှန် ထမင်းစားဖြစ်အောင် တာဝန်ယူရမှာပေါ့"

စကားမြန်မြန်ပြတ်သွားအောင် ပြောခါမှ အရိပ်ဆီ မဲကာဒေါသတကြီးဖြင့် ထွက်သွားသော မင်းဆက်စံကိုကြည့်ပြီး ... မျက်သာ့မှာ အံ့သြမျက်လုံးပြူးသွားရတော့သည်။

"မြရိပ်ထင် ... ခင်ဗျား ဘာတွေလုပ်နေတာလဲ"

နောက်နားဆီမှ ရုတ်တရက် ဟိန်းခနဲ ထွက်ပေါ်လာသော အသံမာမာကြီးကြောင့် အရိပ် တုန်တက်သွားရသည်။

အလန့်တကြား လှည့်ကြည့်လိုက်တော့ မင်းဆက်စံ။

တင်းမာလှသော မျက်နှာထားကြောင့် အရိပ်မှာ ဒိန်းခနဲ ဖြစ်သွားရသည်။

ဘာတွေများ အမှားလုပ်မိလို့ပါလိမ့်။

"ဟို ... လ ... လချုပ်တွေ လုပ်နေတာ၊ မီတင် (Meeting) မှာ တင်ပြဖို့လေ"

အရိပ် အရိုးခံအတိုင်းပဲ အသံကလေးတုန်တုန်နှင့် ရှင်းပြ





လိုက်မိသည်။

"လက်ကနာရီကိုလည်း ကြည့်ပါဦး"

အရိပ် ဘုမသိ ဘမသိနှင့် နာရီကို ငုံ့ကြည့်လိုက်မိသည်။

"တစ် ... တစ်နာရီခွဲ"

"ဟုတ်တယ် ... တစ်နာရီတောင် ခွဲနေပြီ၊ မျက်သား ခုချိန်ထိ နေ့လယ်စာ မစားရသေးဘူး၊ ခင်ဗျားကို စောင့်နေရတာ"

"ဟို ... ဟို ... အရိပ်အလုပ်က အရမ်းအရေးကြီးနေလို့ မေ့ ... မေ့ ..."

"ဘာ ... မေ့နေတယ် ... ဟုတ်လား၊ ဒါ မေ့တာ မဟုတ်ဘူးဗျ ... ဂရုမစိုက်တာ၊ ခင်ဗျား စက္ကထရီတစ်ယောက် တာဝန် မကျေပွန်ဘူး မြရိပ်ထင်၊ ခုချိန်ထိ ကိုယ့်ဘော့စ် ထမင်း မစားရသေးတာကို မေ့နေတဲ့ စက္ကထရီလောက် အသုံးမကျတဲ့သူ မရှိတော့ဘူး"

ရင့်သီးလှသော စကားလုံးတွေကြောင့် အရိပ် ခေါင်းကလေးကို ငုံ့စိုက်ထားလိုက်မိသည်။

"ကိုမင်းဆက်စံ"

လက်ညှိုးကြီးထိုးကာ ဖိဟောက်နေသော မင်းဆက်စံမှာ သူ့ထက်လေသံမာသော မျက်သားရဲ့ခေါ်သံကြောင့် တအံ့တဩ လှည့်ကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



မာထန် အေးစက်နေသော မျက်နှာထားကို မြင်လိုက်ရလျှင် မင်းဆက်စံတစ်ယောက် တုန်လှုပ်သွားရသည်။

"မျက် ...မျက်သား ဘာဖြစ်လို့ ..."

"ဖြစ်တယ် ... ကျွန်မသူငယ်ချင်းကို ရှင် ဒီလိုဆက်ဆံတာ သိပ်တရားလွန်တယ် ကိုမင်းဆက်စံ"

"မျက်သား ...သူက စက္ကထရီလေ"

"ကျွန်မတို့ကုမ္ပဏီက အရည်အချင်းနဲ့ပဲ ရာထူးသတ်မှတ်ထားတာ ကိုမင်းဆက်စံ ...အဆင့်အတန်းနဲ့ သတ်မှတ်ထားတာ မဟုတ်ဘူး။ ဥက္ကဋ္ဌရယ်, မန်နေဂျာရယ်, စက္ကထရီရယ်, သန့်ရှင်းရေးရယ်လို့ ခွဲခြားထားတာ မဟုတ်ဘူး ...မိသားစုဆက်ဆံရေးနဲ့ နေတာ"

"သူ ပေါ့လျော့တာကို ကိုယ်ထောက်မပြရတော့ဘူးလား၊ မျက်သား အဆာလွန်ပြီး မျက်သားဗိုက်အောင့်,ဗိုက်နာခဲ့ရင် ဘယ်လိုလုပ်မလဲ"

"အဆာလွန်တာက ကျွန်မ ဗိုက်အောင့်ရုံပါပဲ၊ ကျွန်မသူငယ်ချင်းကို တရားလွန်ပြောတာက ရင်ထဲက အောင့်တယ်ရှင့်"

မျက်သား အတော်ကလေး ပေါက်ကွဲသွားတာ သိရတော့မှ မင်းဆက်စံ ရှိန်သလို ပြန်ငြိမ်ကျသွားတော့သည်။

"ဆောရီး မျက်သား ...နောက်ကို မြရိပ်ထင်ကို ဒီလို





ဆက်ဆံတာ မျက်သားမကြိုက်ရင် ကိုယ်ဆင်ခြင်ပါ့မယ်၊ လောလောဆယ်တော့ မျက်သားကို ကိုယ် နေ့လယ်စာ ကျွေးပါရစေ၊ မျက်သား ထမင်းစားချိန် အရမ်းနောက်ကျနေပြီ"

မင်းဆက်စံ မျက်နှာထားကိုလည်း လျှော့ကာ၊ လေသံကိုလည်း ဖျော့ကာ ခပ်ချော့ချော့လေး ပြောလိုက်သည်။

မျက်သားပြာက နှုတ်ခမ်းကလေးများ မဲ့လိုက်ကာ

"သိုင်းခ်ယူးပါ ကိုမင်းဆက်စံ ...ဒီနေ့တစ်ရက် ကျွန်မအစာအိမ်ကို အနားပေးလိုက်ပါ့မယ်"

မျက်သားပြာ စကားဆုံးသည်နှင့် ဆတ်ခနဲ ထထွက်လာခဲ့သည်။

ဘယ်လိုလူတွေပါလိမ့်။

တစ်ယောက်လာလည်း မထူး။

နောက်တစ်ယောက်တွေ့လည်း မထူး။

ကိုယ့်အပေါ်တော့ လွင့်ကျတော့မတတ် ဖူးဖူးမှုတ် ကြင်နာပြတတ်ကြပြီး ဘာဖြစ်လို့ အရိပ်ကိုကျတော့ ရင့်သီး မာကျောချင်ကြတာလဲ။

အရိပ်တစ်ယောက် ခုဆို ဘယ်ချောင်လေးမှာများ သွားငိုင်နေရှာမလဲ။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

မှန် ထုပ်တွေဆွဲလျက် လျှောက်လာရင်းက ဖိုင်ဟောင်းတွေသိမ်းတတ်သော စတိုခန်းလေးနားက အဖြတ် ...

ဘာရယ်မဟုတ်ဘဲ သူ့စိတ်က ထင့်ခနဲ ဖြစ်သွားမိသည်။

ရှေ့ဆက်မလျှောက်ဖြစ်ဘဲ စတိုခန်းလေးထဲ ခေါင်းကိုကဲကြည့်လိုက်မိသည်။

သူ့ကို ဆတ်ခနဲ ပြန်မော့ကြည့်လိုက်သော ကောင်မလေးရဲ့မျက်ဝန်းများနှင့် အကြည့်ချင်း ဆုံသွားရသည်မို့ ... နှစ်ယောက်လုံး လန့်ဖျပ်သွားရသည်။

"မင်း ဒီမှာရှိနေသလားလို့ ထင်မိလို့"

"အရိပ်လည်း ရှင်များ အခန်းထဲဝင်လာသလားလို့ ထင်မိလို့ မော့ကြည့်လိုက်တာ"

လက်ရုံး ကောင်မလေးအနား ဆောင့်ကြောင့်ကလေး





ဝင်ထိုင်လိုက်သည်။

ကြည့်လိုက်မိတော့ မျက်နှာလေးက ညှိုးရော်ရော်။

"မင်း ... စိတ်ညစ်လာပြန်ပြီလား"

အရိပ် ဘာမှ ပြန်မဖြေ။

ခေါင်းသာ ငုံ့စိုက်ထားမိသည်။

"ပြော ... မင်းကို ဘယ်သူက ဘာပြောလိုက်ပြန်ပြီလဲ၊ ဒီကုမ္ပဏီက ဝန်ထမ်းတွေကတော့ အားလုံး မင်းကို ချစ်ကြပါတယ်၊ မင်းကို စိတ်အနှောင့်အယှက်ပေးမယ့်သူ ရှိမယ်မထင်ဘူး"

"ဒီကုမ္ပဏီက မဟုတ်ပါဘူး လက်ရုံးရယ်"

"သေချာပါတယ် ... ဒါဆို မင်းဆက်စံဆိုတဲ့ သတ္တိသားလောင်းပဲ ဖြစ်ရမယ်"

အရိပ် ပြန်မဖြေဘဲ ဆိတ်ဆိတ်နေဖြစ်သည်။

ဒါဆိုရင် ဝန်ခံခြင်းလို့ လက်ရုံး နားလည်လိုက်တော့ကာ

"ခင်ဗျားကို ဘယ်လိုပြဿနာရှာလိုက်လဲ"

အရိပ် သက်ပြင်းရှိုက်ကာ ဖြစ်ကြောင်းရယ်ကုန်စင်ကို လက်ရုံးကို ရင်ဖွင့်မိပြန်တော့သည်။

သူ့ကိုတွေ့လိုက်တာနဲ့ ဘာဖြစ်လို့များ အားကိုးတကြီး ရင်ဖွင့်ချင်စိတ် ဖြစ်ပေါ်တတ်ရတာလဲ မသိတော့ပြီ။

သူဟာ ကိုယ့်ရှေ့က မားမားမတ်မတ်ရပ်တည်ပေးမယ့်



www.burmeseclassic.com

www.burmeseclassic.com



သူလို့လည်း သံသယကင်းစွာ ယုံကြည်နေမိပြန်သည်။

အရိပ်စကားဆုံးသည်နှင့် သူ့မျက်နှာမှာ ခံပြင်းသုန်မှုန် လာတော့လျက် ...

"အလကားလူ ... ဘော့စ်ကို သိပ်ကြင်နာပြချင်တာ နဲ့ အရိပ်ကို တမင်နှိပ်ကွပ်လိုက်တာ"

"ဘာဖြစ်လို့များ သူတို့တွေဟာ မျက်သားနဲ့ပတ်သက် လာတိုင်း မျက်သားအပေါ် မဏ္ဍာပ်တိုင် တက်ပြချင်တာနဲ့ အရိပ် ကို နှိပ်ကွပ်ချင်ရတာလဲ"

"အဲဒါ ယောက်ျားကြီးတွေတန်မဲ့ သူတို့ စိတ်မပြည့်ဝလို့ ပေါ့ဗျ၊ ခင်ဗျားဆီမှာ ဘယ်လိုချို့ယွင်းအားနည်းချက်မှ ရှိနေလို့ မဟုတ်ဘူး၊ သူတို့က မပြည့်ဝတာ"

ကိုယ့်မှာ ဘယ်လိုချို့ယွင်းချက်, အားနည်းချက်မှ ရှိမနေ ဘူးဆိုတာကြောင့် အရိပ် ဘာရယ်မဟုတ်ဘဲ လက်ချောင်းလေး များကို ထောင်ကြည့်မိကာ ပြုံးမိသည်။

"ကျွန်တော်ကဖြင့် ခင်ဗျားကို သွားရှာတော့မလို့"

"ဟင် ... ဘာကိစ္စရှိလို့လဲ ... လချုပ်အတွက်လား"

ရုတ်တရက်ကြီး သူ စကားလမ်းကြောင်းပြောင်းလိုက် မှန်း သိပေမယ့် အရိပ် အငိုက်မိသွားခဲ့ရသည်။

"အလုပ်ကိစ္စ မဟုတ်ပါဘူးဗျာ"

"သိဘူးလေ ... လချုပ်ကိစ္စပဲ ခေါင်းထဲရောက်နေတ





ထမင်းတောင် လွတ်သွားတယ်၊ ခုထိကို မပြီးနိုင်သေးဘူး"

"ထားလိုက် .. ကျွန်တော် ကူလုပ်ပေးမယ်၊ လောလော ဆယ် ဦးနှောက်ကို ခဏအနားပေးပြီး ပါးစပ်ကို ခိုင်းလိုက်ရ အောင်"

"ဘယ်လို"

"ဒီလိုလေ"

လက်ရုံးက အရိပ်ရှေ့ မုန့်ထုပ်ကိုမြှောက်ကာ လှုပ်ယမ်း ပြသည်။

"ဟယ်"

ထမင်းလွတ်သွား၍ အဆာလွန်နေသော ဗိုက်က မုန့်ကို မြင်တော့ တောင့်တချင်လာသည်။

"ဗိုးနတ်နဲ့ မစ်ရှိတ် ဝယ်လာတာ ခင်ဗျားအတွက်လည်း ပါတယ်"

အရိပ် သူ့ကို မယုံသင်္ကာ ကြည့်လိုက်မိသည်။

"အဲဒါ ... ခင်ဗျားအခန်းထဲ အတူလာစားရင်လည်း ဘော့စ်ကို စေတနာမရှိဘဲ ကျွေးနေရဦးမှာစိုးလို့ ဘယ်လိုလုပ် ရမှန်းမသိ ဖြစ်နေတာ ... အခု တွေ့လိုက်ရတော့ အတော် ဖြစ်သွားတယ်၊ မုန့်ကလည်း နှစ်ယောက်စာပဲ ကွက်တိဝယ်လာ တာ"

ပွင့်လင်းတဲ့စကားကြောင့် အရိပ် တစ်မျိုးကလေး ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သွားခဲ့ရတယ်၊

"နေပါဦး ... လက်ရုံးက မျက်သားကို ဘာလို့ စေတ[...]နာ မရှိချင်ရတာလဲ"

လက်ရုံးက ပခုံးတွန့်ပြလိုက်သည်။

"မပြောတတ်ဘူး ... စေတနာမရှိချင်တာဟာ မရှိချ[...]လို့ပဲပေါ့"

"အရိပ်သိတယ် ... ပြောပြရမလား ... လက်ရုံးရဲ့ စိတ်ကို"

ကြီးကြီးကျယ်ကျယ် ကိုယ့်စိတ်ကို သူက သိတယ် ဆိုတော့ လက်ရုံး ရယ်ချင်သွားရသည်။

"ကဲ ... ပြောကြည့်စမ်းပါဦး"

"အင်း ... ဒီလိုလေ ... မျက်သားက အရမ်းလှတော့ ပေါ်ပြူလာဖြစ်တယ်၊ လောလောဆယ်လည်း သူ့ရဲ့လက်တွဲဖော် ရွေးချယ်ပွဲက အရမ်း ရေပန်းစားနေတယ်၊ အဲဒါကြောင့် ရှင်က ပေါက်ကောင်ကို တမင်လက်ရှောင်ချင်တဲ့သဘော"

ပြောရင်းက နှိုင်းစရာရှားလို့ လောင်းကစားနည်းနှင့်မှ နှိုင်းသည်မို့ လက်ရုံး ပိုရယ်ချင်သွားရသည်။

ဒေါ်နယ်ဒတ်ခ်ီကလေးကတော့ သူ့အတွေးနှင့်သူ ပြော၍ကောင်းနေဆဲ။

"ကျွန်မကျတော့ ရုပ်ကလည်း အရမ်းဆိုးတယ်၊ ဘယ်





သူကမှလည်း ဂရုမစိုက်ဘူး၊ အဲဒါကြောင့် ရှင် သနားပြီး အပေါင်းအသင်း လုပ်ပေးနေတာမဟုတ်လား"

ရုပ်ဆိုးတယ်ဆိုသော အားနည်းချက်ကို သတိရတိုင်း ထုတ်ဖော်နေတတ်သော ကောင်မလေးကို လက်ရုံး ပိုသနားသွားရသည်။

စိတ်ထဲက ဒေါ်နယ်ဒတ်ခ်လို့ နာမည်ပြောင်ပေးထားမိတာကိုတောင် သနား အားနာသွားရသည်။

"အဲဒါ ကျွန်တော့်ရဲ့စိတ်ပေါ့ ... ဟုတ်လား စက္ကထရီ"

"အင်း"

ညစ်ကျယ်ကျယ်နိုင်လှတဲ့ကောင်မလေးဟာ ဒီလို ထင်ကြေးမျိုး ပေးလာတဲ့အတွက် သိပ်တုံးတဲ့ ကောင်မလေးတစ်ယောက် ဖြစ်ရင်ဖြစ် ... ဒါမှမဟုတ် လျှို့ဝှက်နက်ရှိုင်းတဲ့ တစ်စုံတစ်ရာကို သော့ချက်ဖွင့်နိုင်တဲ့ ကောင်မလေးပဲ ဖြစ်ရမည်။

ဘာပဲဖြစ်ဖြစ် ခေါင်းတညိတ်ညိတ်နှင့် ပြုံးပြီး ပြန်ဖြေလိုက်ပါသည်။

"ဘော့စ်ကို ကျွန်တော် မချစ်သလို မမုန်းပါဘူး၊ စိတ်လုံးဝ မဝင်စားဘူး"

အရိပ်မျက်နှာ၌ အံ့သြတကြီးဖြစ်သွားသော အရိပ်အယောင်များကို မြင်လိုက်ရသည်။

"ဟင် ... ဒီလောက်လှတဲ့ မိန်းကလေးကို"



www.burmeseclassic.com

www.burmeseclassic.com



"အလှဟာ အရာအားလုံးကို မဆွဲဆောင်နိုင်ပါဘူးစက္ကူထရီ ... အထူးသဖြင့် ကျွန်တော့်ရဲ့စိတ်ကိုပေါ့"

အံ့ဩလွန်းသဖြင့် အရိပ် မျက်လုံးကလေးများပင် ဝိုင်းနေမိသည်။

"စက္ကူထရီကိုတော့ ကျွန်တော်ခင်တယ်၊ အကြောင်းပြချက် မရှိဘဲနဲ့ကို ခင်တယ် ... ဟုတ်ပြီလား ... အိုကေ"

လက်ရုံးက လက်မ လက်ညှိုး နှစ်ချောင်းဝိုင်းကာ ကျန်လက်ချောင်းသုံးချောင်းကို ထောင်ပြသည်။

အိုကေ (OK) သင်္ကေတန်။

အရိပ်လည်း ပြုံးရမလို၊ မဲ့ရမလိုနှင့် ပြန်အိုကေလိုက်ရတော့သည်။

အကြောင်းပြချက်မရှိဘဲ ခင်ပါတယ်ဆိုမှတော့ စကားဆက်ရန် မရှိပြီ။

သူ လှမ်းပေးသော ဒိုးနတ်နှင့် မစ်ရှိတ်ကိုသာ ဆာဆာနှင့် မရှက်စတမ်း ကြိတ်နေမိတော့သည်။

အခန်းကွယ်တစ်နေရာမှာတော့ တောင့်မတ်စွာရပ်ရင်း အမိပ္ပာယ်နက်ရှိုင်းစွာ ပြုံးနေမိသည့် တစ်စုံတစ်ယောက်ကို သူတို့နှစ်ယောက် သတိမထားလိုက်မိကြချေ။

သူတအောင်နှင့် ...

ရှည်လျားသော မျက်တောင်စင်းစင်းများနှင့် ... ညီညာသော သွားရှည်ရှည်လေးများက ကလေး တစ်ယောက်လို ဖြူစင် ရိုးသားလွန်းလှသည်။

"ချိုင်းဒစ်ရှ် (childish) ကလေးနော်"

"ရုံးခန်းထဲမှာ နို့ဘူးနဲ့ပုခက် ထားထားရမယ်ထင်တယ်"

"အဖြူထည်ကလေးပါကွာ"

"ဆပ်ပြာကုန် သက်သာတာပေါ့"

ထုံးစံအတိုင်း မျက်သားနှင့်အရိပ်တို့ ကျိတ်ဝေဖန်မိကြပြန်သည်။

"အသက်တောင် ပြည့်သေးရဲ့လား မသိဘူး"

"ကျောင်းပြီးပါပြီကွာ ... ရှင်ကလည်း"

"မူလတန်းအဆင့်လား"



www.burmeseclassic.com

www.burmeseclassic.com



ကျိတ်ရယ်မိကြပြန်သည်။

ကောင်လေးခမျာ မျက်သားတို့ရှေ့ရောက်လျှင် ပြုံးစိစိ မျက်နှာများကြောင့် နေရခက်သလို ဖြစ်နေသည်။

လက်ကလေးတွေကို ပွတ်သပ်လိုက်၊ ခေါင်းငုံ့ကာ ခြေထောက်တွေကို အကြောင်းမဲ့စိုက်ကြည့်လိုက်နှင့် မျက်သားကို နှုတ်လည်းမဆက်ရဲ။

နောက်ဆုံး မျက်သားကပဲ စတင် နှုတ်ဆက်ရတော့သည်။

"ကိုသုတအောင် ထင်ပါရဲ့နော်"

အဲဒီတော့မှပဲ ခေါင်းမော့ မျက်လွှာလှန်ကြည့်ဖော် ရတော့ကာ ...

"ဟုတ် ...အောင်က သုတအောင်ပါ"

အရိပ် ဝါးခနဲ မရယ်ချမိအောင် မနည်း နှုတ်ခမ်းကိုက်ထားရသည်။

နွဲ့လှချည်လား။

"ကျွန်မက မျက်သားပြာပါ"

"ဟုတ် ...ပြာ့ကို ကျွန်တော်သိပြီးသားပါ"

"ရှင်"

မျက်သားပြာကိုယ်တိုင်ပင် ပါးစပ်ကလေးဟကာ "ရှင်" ခနဲ ဖြစ်သွားရတဲ့အထိ။





မျက်သားပြာဆိုသော နာမည်ကို မျက်သားဟုသာ ခေါ်တတ်ကြကာ၊ ဘယ်လောက် ရင်းနှီးပါစေ ...'ပြာ' ဟု အဖျား ဆွတ်ခေါ်တဲ့သူ တစ်ယောက်မှမရှိဖူး။

အခုမှမြင်ဖူးတဲ့ လူတစ်ယောက်က 'ပြာ' ဟု နွဲ့နွဲ့က လေး အဖျားဆွတ်ခေါ်ချလိုက်တာမို့ မျက်သားမှာ အတော်က လေး ကြောင်သွားရသည်။

"ပြာ" ... "ပြာ"

စိတ်ကူးထဲမှာ ကိုယ့်ဘာသာ ပြန်ခေါ်ကြည့်သည်။

ဘာကြီးမှန်းကို မသိ ...

နာမည်နှင့်ကို မတူ။

အရိပ်ကိုလှည့်ကြည့်တော့ ရယ်ချင်လွန်းလှသည်ကို ယိန်းချုပ်ထားရသဖြင့် ပြုံးစိတက်မျက်နှာကြီးက နီရဲနေသည်။

ဘဘက အခြေအနေကို ဝင်ထိန်းပေးသလို ...

"လာကြ ...အေးအေးဆေးဆေး ကော်ဖီသောက်ရင်း စကားပြောကြရအောင်"

ဘဘအသံကပင် ရယ်ချင်တဲ့တဲ့ ဖြစ်နေတော့သည်။

အခန်းထဲက ဆိုဖာဆက်တီမှာ သွားထိုင်ဖို့ကို သုံးလေး လှမ်းလောက် လျှောက်ရမှာကိုပင် စိမ်းနေသလိုလို၊ ရှန့်တန့်တန့် ဖြစ်နေသလိုနှင့် ဘဘကို လက်ချင်းတွဲ၍သွားတာကို မြင်လိုက်ရ လျှင် မျက်သားနှင့်အရိပ်တို့ နှစ်ယောက်သား တစ်ယောက်နှင့်



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက် မျက်စပစ်ပြကာ အံ့လည်းသြ၊ ရယ်လည်းရယ်ချင်။

သူရိန်ခနှင့် မင်းဆက်စံတို့တုန်းကတော့ ကိုယ့်အိမ်ကိုယ့်ရာလို ပိုင်စိုးပိုင်နင်း ရဲတင်းကြသလောက် သုတအောင်ကျတော့ ယုန်ကလေးတစ်ကောင်လို ရိုးသားကြောက်လန့်တတ်ပုံကလေးနှင့် ဖြစ်နေပြန်သည်။

အရိပ်က ကော်ဖီများ ငှဲ့ပေးပြီးလျှင် သုတအောင်ရဲ့ မဝံ့မရဲပုံကလေးကို အသည်းယားနေမိသည်မို့ စနောက်ချင်လာကာ ...

"ကော်ဖီကလေး သောက်လိုက်ပါဦး ကိုသုတအောင်"

လို့ တမင် လေသံနွဲ့ကလေးနှင့် ပြောလိုက်သည်။

မြွေမြွေချင်း ခြေမြင်သည်မို့ မျက်သားက ပြုံးစိစိ။

"ဆောရီးပါ ... အောင် ကော်ဖီမသောက်တတ်ဘူး"

ငြင်းဆန်ပုံကလေးက နူးညံ့ယဉ်ကျေးလှသည်။

"ဘာဖြစ်လို့လဲဟင် ... မကြိုက်ဘူးလား"

"ကဖင်းက နှလုံးကို ထိခိုက်စေတယ်လေ ... အောင်က ကျန်းမာရေးကို ဂရုစိုက်တယ်"

"ဩော် ... ဟုတ်လား၊ ဒါဆို ပိုင်သောက်မလားဟင်၊ ပိုင်က သွေးလည်ပတ်မှုကောင်းစေတယ်၊ ကျွန်မနဲ့ မျက်သားဆို ညနေတိုင်း ပိုင်သောက်ပြီး အပန်းဖြေတယ်"

နူးညံ့ကြည်စင်နေသော မျက်နှာကလေးမှာ အနည်းငယ်





တည်သွားလေပြီ။

"အောင်က ငါးပါးသီလကို နေ့တိုင်းခံယူတယ်"

မြတ်စွာဘုရား ...

ဒါဆို ကိုယ်တွေက အကုသိုလ်တုံးကြီးတွေပေါ့။

"ဟုတ်လား ... ဥပုသ်တွေ, ဘာတွေရော မစောင့်ဘူးလား"

"စောင့်ချင်ပါတယ် ... အစာအိမ်ရောဂါ ဖြစ်မှာစိုးလို့"

ဩော် ... ဒါတော့ ဂရုစိုက်တတ်သားပဲ။

အရိပ် တမင်ညစ်ပြီး ရစ်နေမှန်းသိတာမို့ မျက်သားက ဘာမှဝင်မပြော။

အသာစောင့်ကြည့်ကာ ပြုံးစိစိနှင့်သာ နေဆဲ။

"ဟို ... ကိုးပါးသီလတို့, ဆယ်ပါးသီလတို့ရော မဆောက်တည်ဘူးလားဟင်"

အပြဟ္မာ စရိယပုဒ်ကိုကျတော့ မဆောက်တည်နိုင်ဘူးလားလို့ မေးလိုက်တာရှင့် ... သိပြီလား။

သကောင့်သားလေးကတော့ ရိုးသားပုံရပေမယ့် လူပါးကလေးပင်။

အရိပ် ထောင်ချောက်ဆင်လိုက်တာကို ပါးနပ်စွာ ရိပ်မိပုံနှင့် မျက်နှာနုနုကလေးမှာ ရဲခနဲ ဖြစ်သွားပြီး ...

"မျိုးဆက်တာဝန် ... ဆိုတာ ရှိသေးတယ် မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



လား ခင်ဗျာ''

တိန် ...

ကာတွန်းတွေထဲကလို အဲသလိုပဲ အော်လိုက်ချင်တော့သည်။

သူက ယဉ်ကျေးစွာ ပြောလိုက်ပေမယ့် ဘာပဲဖြစ်ဖြစ် ယောက်ျားလေးနှင့် မိန်းကလေးမို့ အရိပ် ရှေ့ဆက်မပြောရဲတော့။

အော်တိုမစ်တစ် ပါးစပ်ပိတ်လိုက်ရတော့သည်။

မျက်သားက အလိုက်ကမ်းဆိုး မသိ ... နှုတ်ခမ်းကို တစ်ရှူးနှင့်သုတ်သလိုလိုနှင့် ကွယ်ကာ ရယ်သည်။

ဘာဘပင်လျှင် ပြုံးတုံ့တုံ့။

ငနဲလေး ကိုယ့်ကို မျက်စချီကြည့်ပုံက ဆက်မေးပါဦးလား ...လို့ စိတ်ခေါ်ချင်ပုံ။

အရိပ် မသိချင်ယောင်ဆောင်ကာ ကော်ဖီပူပူလေးကို သာ ငုံ့ပြီး မဲသောက်လိုက်မိတော့သည်။

လောကမှာ ယုန်ကလေးလို၊ သိုးကလေးလို ရိုးသားဖြူစင်တဲ့ ယောက်ျားဆိုတာ တကယ်ရော ရှိနိုင်ပါမလား။

သုတအောင် ...ဟာ စမ်းသပ်ကွင်းတစ်ခုပေါ့။





ဒီတစ်ယောက်ရော ဘယ်အချိန်များ ကိုယ့်ကို အရင်လူတွေလို အော်ငေါက်ရင့်သီးမလဲ တွေးပူကာ ကိုယ့်ဘက်က လိုအပ်ချက်မရှိအောင်၊ ပြောစရာမဖြစ်အောင် အရိပ် အမြဲသတိစွင့်နေမိသည်။

သုတအောင်ကတော့ မဆိုးလှ။

မျက်သားအပေါ် တယုတယ ဂရုတစိုက်ရှိသလို အရိပ်ကိုလည်း မမေ့တတ်။

ခွဲခြားဆက်ဆံတတ်တာမျိုးလည်း မရှိတာမို့ အရိပ်စိတ်ချမ်းသာရပါသည်။

"ပြာရေ ... အောင် ဗိုဇာဝယ်လာတယ် ...စားရအောင်''

မျက်သားက တကယ်ပဲ ဗီဇာချစ်သူ ဖြစ်ပါသည်။

သို့သော် ဘယ်လိုလုပ် တစ်ယောက်တည်းကြီး မျိုကျမှာလဲ။

အရိပ်ဘက် မသိမသာ မျက်လုံးဖွေကြည့်မိလျှင် သုတအောင်က ပါးနပ်စွာ ...

"အရိပ်ပါ လာလေ ... အောင်က အများကြီး ဝယ်လာတာပါ၊ ဘာဘဦးအာကာမောင်ရော ရှိလားမသိဘူး ... အတူတူ



www.burmeseclassic.com

www.burmeseclassic.com



စားကြရအောင်''

''ဘဘတော့ မရှိဘူးကိုသုံ့တအောင်၊ စားနှင့်ကြပါ ... အရိပ်က ထမင်းစားပြီးပါပြီ''

''ဟာ ... မရဘူး ... စားပြီးလည်း ထပ်စားရမှာပဲ၊ ပျော်ပျော်ပါးပါးစားချင်လို့ ဝယ်လာတဲ့ဟာကို ... လာပါ''

ဟယ်တော့ ...

နှုတ်ခမ်းလေးစူကာ စိတ်ဆိုးတော့မလို လုပ်ပြတာက ကလေးငယ်တစ်ယောက်လို။

ထ,မလာရင် ဆွဲထူတော့မယ့်အတိုင်း လက်ကပါ ပြင်ပြနေတာမို့ အရိပ် ကပျာကယာ ထလိုက်ရတော့သည်။

''အရိပ် ... အားရင် ပြင်ပေးပါလားဟင်''

ကြည့် ...

နိုင်းတတ်လိုက်တာ

လေသံချိုလေးနဲ့ ချိုကြည်သာကလေး။

''အိုကေ အိုကေ ... ပြင်ပေးပါ့မယ်၊ ဒေါ်မျက်သား အတွက် ကော်ဖီပါဖျော်ပေးလိုက်ပါဦးမယ် ... ဟုတ်ပြီလား''

''ဟုတ် ... အဟဲ ... ဟို''

''မဟိုပါနဲ့ ... ကိုသုတအောင်အတွက်က စတော်ဘယ်ရီမစ်ရှိတ် ... ဟုတ်တယ်မဟုတ်လား''

''အဟင်း ... လိမ္မာလိုက်တာ ... အားနာစရာကြီး''





မျက်သားကတော့ အရိပ်နှင့်သူ့ကို ကြည့်က ပြုံးစိစိ။ တစ်ခါတစ်ရံ ခိုးမျက်စောင်းလေးကလည်း လှစ်ခနဲ ဝင့်တတ်သေးသည်။

အိမ်ပြန်ရောက်လျှင် ...

''ဟင်းနော် ... အရိပ်မ ... လုမယ်မကြံနဲ့''

တွေ့, ဘာတွေကို အတည်လိုလို, နောက်သလိုလိုနှင့် ရာဇသံပစ်တတ်သေးသည်။

''အမယ်လေး ... ကိုယ့်ဘဝကိုယ် နားလည်ပါတယ်နော်၊ အရိပ်လို ရုပ်ဆိုးမနဲ့ သူ့လို လီယိုနာဒိုမျက်နှာကလေးနဲ့ မတန်မှန်း သိပါတယ်၊ ခြသေ့်ဆီဟာ သိင်္ဂီရွှေခွက်နဲ့သာ ထိုက်တန်တာပါ''

အရိပ်ခပ်ရွဲ့ရွဲ့ပြန်ပြောမိလျှင်တော့ နှစ်ယောက်သားအတွက် ပြက်လုံးဖြစ်ကာ ဟားတိုက်ရယ်မိရစမြဲ။

''အမယ် ... လက်ချောင်းလေးတွေကတော့ လှပါတယ်နော်''

မျက်သားက ထောင်ချောက်ဆင်သည်။

တစ်ယောက်နှင့်တစ်ယောက် မကွယ်မဝှက်စတမ်း မလျှို့ဝှက်စတမ်း နှုတ်ကတိစာချုပ် ချုပ်ထားကြသည်မို့ ညတိုင်း သတင်းစာရှင်းလင်းပွဲ လုပ်ဖြစ်ကာ တစ်ယောက်အကြောင်း တစ်ယောက် သိထားကြသည်လေ။



www.burmeseclassic.com

www.burmeseclassic.com



"ကြက်ခြေထောက်အတိုင်းပဲ"

အရှိန်နှင့်မြှောက်လိုက်ပြီးခါမှ ပြန်ရိုက်ချလိုက်သည်မို့ အရိပ်မျက်နှာလေး ရှုံ့မဲ့ကာ အထိနာသွားရသည်။

"မင်းလူက သိပ်ကြီး ချောမွေ့နေတာတော့ မဟုတ်ဘူးကွ"

မျက်သားက လက်ရုံးအကြောင်း ပြောပြီဆို အမြဲ မင်းလူ မင်းလူ ... လို့ သုံးစွဲတတ်သည်။

ငြင်းလည်းမရသည့်မို့ ကြာတော့နားယဉ်ကာ လွှတ်ထားလိုက်တော့သည်။

"ဘယ်လိုပြောရမလဲ ... ယောကျ်ားပီသတာ"

"အင်း ... တည်ကြည်တယ်"

"နေရာတကာ စပ်စပ် စပ်စပ်နဲ့"

"မဟုတ်မခံ မတရားရင် လက်ပိုက်ကြည့်မနေတတ်တာကွ"

"ကာဗာတွေ ကာဗာတွေ ... အထိကိုမခံဘူး"

"မကျေနပ်ရင် သုတအောင်နဲ့ လဲလိုက်လေ"

"ဟင်းနော် ... မိန်းမ၊ မင်းဘဏ္ဍာကိုများ ကျော်ကျော်ကျူးကျူး"

နှစ်ယောက်သား တဟားဟား ရယ်မိကြပြန်သည်။

မျက်သားက ရယ်ရင်းကပင် ...





"သုတအောင်က ကလေးဆန်တာလေး၊ နွဲ့တာလေး ရှိပေမယ့် သူ နူးညံ့သိမ်မွေ့တာ၊ ယဉ်ကျေးတာ၊ ရိုးသားဖြူစင်တာလေးတွေက ဆွဲဆောင်မှုပဲကွ"

"အောင်မှတ်ရပြီလား"

"အဓိကအချက်က မင်းကို အရေးတယူ ဆက်ဆံတာလေးကို မျက်သား စိတ်ချမ်းသာနေတာ"

အရင်လူနှစ်ယောက်လို စက္ကထရီကို ရင့်သီးခက်ထန် ဆက်ဆံတာမျိုး မရှိတာကိုပဲ မျက်သားက စိတ်ရင်းနှင့် ကျေနပ်နေမိသည်။

"မနာလို မဖြစ်ဘူးလား"

အရိပ် တမင် မခံချင်အောင် မေးလိုက်သည်။

မျက်သား နှာခေါင်းရှုံ့ပြလျက် ...

"ဟော့ကောင်ရေ ... မင်းကိုတောင် အဲလောက် ဂရုစိုက်နေရင် ကိုယ့်ကိုဆို ဖူးဖူးမှုတ်နေတာ ... သဘောပေါက်၊ မထိုင်ရသေးခင် ခုံကို တစ်ချုံးသုတ်ပေးပြီးသား ... သိထားလိုက်"

သိပါသည်။

သူရှိန်ခရော၊ မင်းဆက်စံရော၊ သုတအောင်ရော သုံးယောက်စလုံးက တူညီသောအချက်မှာ မျက်သားအပေါ် လိုတာထက်ကို ပိုပြီး အကြင်နာပြတတ်ကြခြင်းပင်။



www.burmeseclassic.com

www.burmeseclassic.com



ဘာပဲဖြစ်ဖြစ် ...

ရှေ့လူနှစ်ယောက်နှင့် မတူစွာ သုတအောင်ကတော့ အရိပ်အပေါ် ရင့်သီးမှုမရှိဘဲ အရေးတယူနှင့် နူးညံ့စွာ ဆက်ဆံတာကိုပဲ အရိပ်ကတော့ ကျေးဇူးတင်နေမိပါသည်။

တကယ့်ကို စိတ်အေးချမ်းသာစွာ ကျေးဇူးတင်နေမိဆဲ။

"ဒီမှာ"

နောက်မှ လှမ်းခေါ်လိုက်သောအသံကြောင့် အရိပ် ... ကိုယ်လေးမတ်သွားရသည်။

ဘေးဘီဝဲယာ လှည့်ကြည့်မိတော့ အနားမှာ ဘယ်သူမှ မရှိတာမို့ ကြောင်တောင်တောင်နှင့်ပင် နောက်ကို လှည့်ကြည့်လိုက်မိသည်။

သုတအောင်ကို တွေ့လိုက်ရတော့မှ အရိပ် စိတ်အေးသွားရကာ ...

"ဘယ်သူများလဲလို့ ... ကိုသုတအောင်ပါလား"

ပြုံးပြုံးရွှင်ရွှင်ကလေး နှုတ်ဆက်လိုက်သော်လည်း သုတ





အောင်ကတော့ ခပ်တည်တည်ပဲမို့ အရိပ် ရယ်ချင်သွားရသည်။

ရုံးခန်းမှာဆို (အင်း ... မျက်သားရဲ့ရှေ့မှာဆို ဆိုပါတော့) ကလေးလေးလို မနေထိုင် မထိုင်တတ်ကလေး ရိုးသားဖြူစင်စွာ အမြဲလို ဆွိတီ (Sweety) ဖြစ်နေတဲ့သူက ရုပ်တည်ကြီးလုပ်နေတာမို့ အရိပ်ကပဲ စတင် စနောက်လိုက်မိတော့သည်။

"အံမယ် ... ကိုသုတအောင်က မုန့်တီသောက်လို့ပါလား၊ ဘာတွေဖြစ်နေလို့လဲ ... ပြော၊ ဘာအခက်အခဲတွေ ရှိနေလို့လဲ ... ပြော၊ အရိပ် ဘာကူညီပေးရမလဲ"

ကိုသုတအောင် ပြုံးပင်မပြုံး။

ဘောင်းဘီအိတ်ထဲ လက်နှစ်ဖက်ထိုးထည့်ကာ အရိပ်ကို တည်တည်ကြီးစိုက်ကြည့်နေပုံက မြန်မာကားတွေထဲက လူကြမ်းတွေပုံစံမို့ အရိပ် ကြောင်သွားကာ ကြောက်ပင်ကြောက်သွားရသည်။

ဆက်မနောက်ရဲတော့ ...

"ကို ... ကိုသုတအောင် ဘာ ... ဘာဖြစ် ..."

အရိပ် နောက်ကို မသိမသာဆုတ်ရင်းက တုန်လှုပ်ထိတ်လန့်စွာ မေးလိုက်မိသည်။

"မင်းကို ငါ သတိပေးစရာရှိတယ်"

ဘုရားရေ ...

အမြဲလို တအောင်အောင်နှင့် သုံးစွဲတတ်သူက မင်း



www.burmeseclassic.com

www.burmeseclassic.com



တစ်လုံး ငါတစ်လုံးနှင့် ပြောလာတော့ အရိပ် ကိုယ့်နားကိုယ် မယုံနိုင်စွာ တကယ်ပဲ ဘုရားတလိုက်မိသည်။

"နောက်ကို မျက်သားနားမှာ ငါရှိနေရင် မင်းကို မမြင်ရစေနဲ့"

"ဟင်"

အရိပ်နှုတ်ဖျားမှ အာမေဋိတ်သံက အထိတ်တလန့် ထွက်ကျသွားမိသည်။

"မင်းကို မျက်သားအနားမှာ ငါ မမြင်ချင်ဘူးလို့ ပြောနေတာ ... သဘောမပေါက်ဘူးလား"

"ဘာ ... ဘာဖြစ်လို့"

"တောက် ... မင်း မရှင်းသေးဘူးပဲ၊ မင်းက အနားမှာ အမြဲလိုရှိနေတော့ ငါ မျက်သားကို ဘယ်လိုဆွဲဆောင်နိုင်မလဲ"

ဘုရားရေ ...

'ဆွဲဆောင်' ဆိုသော စကားလုံးကြီးက အဓိပ္ပာယ်များစွာ ကျယ်ဝန်းလှသည်မို့ အရိပ် မျက်နှာပူခနဲ ဖြစ်သွားရသည်။

"မင်း တစ်ချိန်လုံး မျက်သားပြာအနားမှာ ရှိနေမှတော့ ငါ သူ့ကို ဘယ်အချိန်သွားပြီး ချဉ်းကပ်ရမလဲ"

စကားလုံးများက တစ်စထက်တစ်စ ကြမ်းတမ်းလာလေရာ အရိပ်မှာ ကပျာကယာ ဖြေရှင်းချက်ထုတ်ရတော့သည်။





"ဟို ... ဟို ... အရိပ်က စက္ကထရီဆိုတော့"

"ဆင်ခြေမတက်နဲ့ ... အလုပ်ချိန်နေပေးရင် ရပြီပဲ၊ မင်း ငါ့ကို တမင်ချက်ခ်နေတာ မသိဘူးမထင်နဲ့၊ ဒီမှာ မြရိပ်ထင် ... မင်းကို ငါ ပြတ်ပြတ်ပြောမယ်"

လေသံမှာ မာသထက် ပိုမာလာရာ အရိပ်မှာ ရင်ထဲက ပင် တလှပ်လှပ် တုန်လာရတော့သည်။

လန့်နေပါသည်ဆိုမှ သုတအောင်က မျက်နှာရှေ့ ကိုယ်ကိုင့်ကိုင်းချကာ နှစ်ကိုယ်စာကြားသာရုံ လေသံတိုးရှရှဖြင့် အေးစက်စွာ ပြောသည်မှာ ...

"နက်ဖြန် ... ငါ မျက်သားပြာကို ဒင်နာတစ်ခု ခေါ်သွားမလို့၊ အဲဒါ ထုံးစံအတိုင်း မျက်သားပြာက မင်းကို အဖော်အဖြစ် အပါခေါ်မှာပဲ၊ အဲဒါ မင်း မဖြစ်ဖြစ်တဲ့နည်းနဲ့ ရအောင်ငြင်း၊ တကယ်လို့ မနက်ဖြန် ဒင်နာမှာ မင်းပါလာခဲ့ရင်တော့"

ဆက်မပြောဘဲ စကားကို တုံးတိပြတ်ချလျက် သုတအောင်က အေးခဲစွာပြုံးသည်။

အေးစက်စက်အပြုံးမှာ မိုက်ကန်းကန်းနိုင်လှသည်မို့ အရိပ် ရင်ထဲစိမ့်နေအောင် ကြောက်သွားမိသည်။

အရိပ် တုန်လှုပ်ချောက်ချားစွာ နောက်သို့ မသိမသာဆုတ်ကာ ဆုတ်ကာနေမိသည်။

"စက္ကထရီ" ဆိုသော ခေါ်သံတစ်ခုက မိုးပေါ်မှ လွင့်



www.burmeseclassic.com

www.burmeseclassic.com



ကျလာသလို ကြားလိုက်ရတော့သည်။

ခဏာတွင်းချင်း အရိပ်သည် အမှောင်တိုက်ကြီးထဲမှ လွတ်မြောက်သွားရသလို ခံစားလိုက်ရတော့သည်။

"အား ... ကြောက်လိုက်တာ လက်ရုံးရယ်၊ အရိပ်လေ ဘယ်ကို ထွက်ပြေးရမလဲကို မသိဘူးဖြစ်နေတာ"

"အခု ပြီးသွားပြီပဲ ... ဘာကို ကြောက်နေသေးလဲ၊ အဲဒီမှာ သံပုရာရည်လေး သောက်လိုက် ... ရင်အေးသွားအောင်"

"အို ... အရိပ် မယုံလိုက်တာ လက်ရုံးရယ်၊ ဒီလူ တကယ် ဟန်ဆောင်ကောင်းတာ၊ ရုံးခန်းထဲမှာဆို တကယ့်ကို ချိုင့်ဒစ်ရှ် ... ခုတော့ တကယ့်ဗီလိန်ပဲ"

လက်ရုံးက ကျစ်ခနဲ စုတ်သပ်ကာ မဲ့စပ်စပ်ပြုံးသည်။

"အင်နိုးစန့် (innocence) ဆိုတာ ငါးနှစ်အောက် ကလေးတွေဆီမှာပဲ ရှိတယ်တဲ့ ... ဆိုက်ကို (psycho) စာအုပ်တစ်အုပ်ထဲမှာ ဖတ်ဖူးတာ"





အရိပ် လက်ရုံးကို အထင်တကြီး မေးလိုက်မိသည်။

"ဆရာကြီးဘယ်သူ ရေးတာလဲဟင် လက်ရုံး"

"ဆရာကြီးဘုန်းလက်ရုံးလေ"

ကိုယ့်ရင်ဘတ်ကိုယ် လက်မနှင့်ထောက်ပြီး ပြောလိုက်တော့ အရိပ် မျက်စောင်းထိုးသည်။

"စကားအကောင်းပြောနေတာကို"

"ကဲ ... ပြောပါ ပြောပါ"

"လက်ရုံးရယ် ... အရိပ်ကတော့လေ အရင်နှစ်ယောက်လို မဟုတ်ဘဲ အရိပ်ကို အရေးတယူ နေရာထားပြီး ဆက်ဆံလို့ ပျော်နေတာ"

"ခင်ဗျားက ကြားထဲက ဘာကိစ္စ ပျော်နေရတာလဲ"

"ဩော် ... ပျော်တယ်ဆိုတာက ကိုယ့်ကို ရင့်ရင့်သီးသီး မဆက်ဆံလို့ပေါ့၊ ခုတော့ ဆက်ဆံလိုက်တာ ကြောက်စရာကြီး ... မားနဲ့ထိုးတော့မယ် အတိုင်းပဲ"

"ဟုတ်တာပဲ၊ ခင်ဗျားက အမြဲ ကန့်လန့်ကန့်လန့် ရှိနေမှတော့ ဘော့စ်ကို သူပိုးလို့မှ မရတော့တာကိုး"

"မျက်သားရှေ့မှာတော့ အရေးပေးလိုက်တာ ချိုနေတာပဲ"

လက်ရုံးက ဒုတိယအကြိမ်မြောက် "ကျွတ်" ခနဲ စုတ်သပ်လိုက်မိပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားဟာလေ ... တစ်ခါတလေ သိပ်တုံးတာပဲ၊ ဘောစ်က ခင်ဗျားကို စက္ကူထရီပေမယ့် ဘော်ဒါမို့ အရမ်းရနေရာထားတာ သူ ကြို့ကြားမထားဘဲ နေမှာလား၊ ခင်ဗျားအပေါ် ရင့်လို့ ရှေ့ကနှစ်ယောက်ကို ကောထားတာကိုလည်း သူစုံစမ်းထားမှာပေါ့၊ အဲဒါကြောင့် ဘောစ်ရှေ့မှာတော့ ခင်ဗျားကို ချိမှာပေါ့ ... ဒါပေမဲ့ ခင်ဗျားက သူသွားမယ့်လမ်းမှာ ခလုတ်ဖြစ်နေတော့ ခုလို ဘောစ်ကွယ်ရာမှာ လာခြောက်တာပေါ့၊ မရှင်းသွားတာပဲ ကံကောင်း"

"ဘုရား ဘုရား ... ဟန်ဆောင်ကောင်းလိုက်တာနော်၊ သိပ်ကြောက်စရာကောင်းတာပဲ"

အရိပ် ပခုံးကလေးများ ကျုံ့ကာ ကြောက်သည့်ဟန် လုပ်ပြလိုက်မိသည်။

သူ့မှာ ဒီကောင်မလေးကို အားငယ်တိုင်း၊ ကြောက်တိုင်း အားပေးဖေးမ,ရင်းက သံယောဇဉ် တွယ်သထက် တွယ်လာမိသည်။

ဒေါ်နယ်ဒတ်ခ်ကလေးရေ ...

ကြာရင် ငါတော့ မင်းကြောင့် ခက်တော့မှာပဲ။

အရိပ်ကတော့ လက်ရုံးရင်ထဲက စကားတွေကို မသိ။

"လက်ရုံးရယ် ... ဒီလူဟာ သိပ်ဟန်ဆောင်ကောင်းတယ်ဆိုတော့ ရိုးသားတဲ့သူ မဖြစ်နိုင်တော့ဘူး၊ အရိပ်လေ မျက်





သားအတွက်လည်း စိုးရိမ်မိတယ်၊ နက်ဖြန် ဒင်နာကို အရိပ်မပါဘဲ မျက်သားတစ်ယောက်တည်း သူနဲ့သွားရမှာ ဖြစ်ပါ့မလား"

"ဘာလို့ မဖြစ်ရမှာလဲ ... သူက ဘောစ်ကို လက်ထပ်ဖို့ကြိုးစားနေတဲ့ လူတစ်ယောက်ပဲဟာ၊ ခင်ဗျားရဲ့ဘောစ်ကို သူ လက်လွှတ်မခံရဲပါဘူး ... မစိုးရိမ်စမ်းပါနဲ့"

"ဟင့်အင်း လက်ရုံး ... ဘာပဲဖြစ်ဖြစ် အရိပ် ... မျက်သားအတွက် စိုးရိမ်တယ်၊ မျက်သားက အရိပ်အပေါ် သိပ်ကောင်းတဲ့ သူငယ်ချင်း၊ အရိပ် မျက်သားကို အရမ်းချစ်တယ်"

သူငယ်ချင်းအတွက် စိုးရိမ်တကြီးပြောရင်း အသံကလေးတုန်ယင်ပြီး မျက်ရည်စကလေးများ ရစ်ဝဲ၍နေသော အရိပ်ကို ကြည့်ကာ လက်ရုံး သက်ပြင်းချမိတော့သည်။

"ကဲ ... ကဲ ... မနက်ဖြန်ညနေကျရင် ဘောစ် သူနဲ့ ဒင်နာလိုက်မသွားဖြစ်အောင် ကျွန်တော် ဉာဏ်ထုတ်ပေးပါ့မယ်"

"ဟယ် ... တကယ်နော် လက်ရုံး"

အရိပ်မျက်နှာကလေး ချက်ချင်း ပြုံးယောင်သန်းကာ ဝင်းလက်သွားသည်။

"အင်းပါဆို ... စိတ်ချတော့၊ ဘာမှ စိတ်ပူမနေတော့နဲ့"

ဒီည အိပ်ပျော်အောင် အိပ် ... ဟုတ်ပြီလား"

"ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



ကြည်နူးကျေနပ်စွာ ဆတ်ခနဲ ညိတ်ပြသော ခေါင်းကလေးကို သူ ချစ်စနိုးလေး ပုတ်လိုက်မိသည်။

ခက်ပြီ ရုပ်ဆိုးမလေးရေ။

ငါ မင်းကို အရမ်းသံယောဇဉ် တွယ်မိပြီ။

ဘယ်လိုလုပ်ရမလဲ။

အခန်း (၉)

ဟာန် ဆောင်ကောင်းလိုက်သည့်လူ ...

ဒီမနက် ပြန်တွေ့တော့ မနေ့က အရိပ်ကို ခြောက်လုန့်သတိပေးထားတာ သူ မဟုတ်သလိုပင်။

အရိုးခံရုပ်ကလေးနှင့်။ ကလေးတစ်ယောက်လို အပြစ်ကင်းစင်သော မျက်နှာကလေးနှင့်။ မခုတ်တတ်သော ကြောင်သူငယ်ကလေးပုံစံနှင့် ...။

ကိုယ်တိုင်သာ မျက်မြင်ကိုယ်တွေ့ မဟုတ်ခဲ့ဘူးဆိုလျှင် တကယ့်ကို မယုံစရာ။

မနေ့ကတော့ တကယ်ပဲ ကြောက်ခဲ့မိပါရဲ့။

ခုတော့ လက်ရုံးက ခိုင်မာစွာ ရပ်တည်လာခဲ့ပြီမို့ မကြောက်တော့တဲ့အပြင် ဟန်ဆောင်ကောင်းသူ၊ ဖြဲပါးသီလစောင့်ထိန်းသည်ဆိုကာ ဘီလူးရုပ်ကို လိမ်လည်လှည့်ဖြားသူ



www.burmeseclassic.com

www.burmeseclassic.com



လို့ပဲ မြင်ကာ ရှုံ့ရှာစက်ဆုပ် အော်ဂလီဆန်နေမိတော့သည်။

မျက်သားကိုလည်း ကြိုတင် သတိပေးထားမိသည်။

"ဘာကြောက်စရာရှိလဲ ... ဒင်နာစားပြီး ပြန်ခဲ့ရုံပေါ့၊ ကိုယ့်ကားကိုယ့်မောင်းခဲ့မှာပဲ၊ ပြီးတော့ မောင်းချခား ယူသွားလိုက်မယ်"

"အဲလောက်အထိ ဖြစ်ရတော့ရော ကောင်းမလား ... ရှင် နာမည်ပျက်သွားမှာပေါ့ မျက်သားရဲ့"

"ရှင် အရမ်းအစိုးရိမ်ကြီးနေတာပါကွာ အရိပ်ရာ ... ရှင်စိုးရိမ်နေသလို သူ ကိုယ့်ကို မလုပ်ရဲပါဘူး၊ ရှင့်ကိုရှောင်နိုင်းပြီး သူ ကိုယ့်ကို လွတ်လွတ်လပ်လပ် ကြွေပြချင်နေတာ, သူ့ဗီလင်တွေကို ကိုးရီးယားဇာတ်လမ်းတွဲတွေထဲကလို ပေါက်ကွဲပြချင်တာ ... ဒါလောက်ပဲ ဖြစ်မှာပါ"

"မဟုတ်သေးဘူး မျက်သားရယ်၊ အရိပ် ..."

"ပြောပြတာပါ၊ ရှင် မပါဘဲတော့ ကျုပ် တာဝတိံသာတောင် မလိုက်ပါဘူး ... စိတ်ချ"

"ဒါဆို သူခေါ်ရင် ရှင်ငြင်းမှာပေါ့ ... ဟုတ်လား မျက်သား"

"ရက်စ်ပါ"

"အဲဒါဆိုလည်း အရိပ်ကြိုပြောထားလို့လို့ သူသိသွားပြီး ဟို ... အရိပ်ကို ..."





မျက်သားက မျက်စောင်းကြီးထိုးကာ လက်ကာပြသည်။

"မငြင်းဘူး၊ မငြင်းပါဘူး၊ ရှင့်ရဲ့ကယ်တင်ရှင် သူ့ရဲ့ ကောင်းကြီး သမိန်လက်ရုံး ဉာဏ်နီဉာဏ်နက်, ဉာဏ်ကလိမ် ဆင်ပြီး လာကယ်ထုတ်တဲ့အထိ စောင့်ပါ့မယ်နော် ... ဟုတ်ပြီလား ... ကဲ"

ညတုန်းက ပြောတဲ့စကားတွေကို ပြန်သတိရ ကြားယောင်ပြီး အရိပ် ပြုံးလိုက်မိသည်။

တိုင်ကပ်နာရီကို မကြာခဏ မော့ကြည့်မိသည်မှာလည်း အမော။

အရိပ်လို တိုင်ကပ်နာရီကို မကြာခဏ မော့ကြည့်တတ်သူ နောက်တစ်ယောက်မှာ သုတအောင်ပင် ဖြစ်သည်။

ရုံးဆင်းခါနီးမှာ သုတအောင်က "အဟမ်း" ခနဲ လည်ချောင်းရှင်းကာ စကားစသည်။

"ညနေကျရင် ပြော့ကို အောင်"

သုတအောင် စကားမဆုံးသေးခင် အရိပ် ရင်ထဲ ထိတ်ခနဲ ဖြစ်သွားရသည်။

သုတအောင်က စကားစချေပြီ။

လက်ရုံးက ရောက်မလာသေး။

တစ်နေ့လုံးလည်း သူ ဘာတွေ အလုပ်ရှုပ်နေတယ် မသိ ... မတွေ့ရသေး။



www.burmeseclassic.com

www.burmeseclassic.com



အရိပ် ရင်တထိတ်ထိတ်ဖြင့် သူ့ကို စောင့်မျှော်ဆဲ။

"ဘော့စ်"

ဆိုသော အသံကျယ်ကျယ်တစ်ခုနှင့်အတူ ရုံးခန်းထဲသူ ရေးကြီးသုတ်ပျာ ဝင်လာလေလျှင် ...

အို ... အရိပ်လောက် ပျော်သွားရတဲ့သူ မရှိတော့ပြီ။

"ဘာဖြစ်လို့လဲ ကိုဘုန်းလက်ရုံး ... အမောတကောနဲ့ပါလား"

မျက်သားက မသိဟန်ဆောင်ရင်း လှမ်းမေးလိုက်သည်။

"အိမ်က ဖုန်းလှမ်းဆက်တယ် ... ဘာဘ ရုတ်တရက်မူးလဲလို့"

စိုးရိမ်တကြီး ပြောလာသော သူ့ပုံစံကြောင့် အရိပ်နှင့်မျက်သားတို့ ချက်ချင်း ထရပ်လိုက်ကြသည်။

"ဟုတ်လား ... စိုးရိမ်ရလား"

"သွေးတိုးဖြစ်မှာပေါ့၊ ကျွန်တော် အဲဒါ အခုပဲ အိမ်ပြန်တော့မလို့"

"မျက်သားတို့ပါ လိုက်ကြည့်မယ်"

မျက်သားနှင့်အရိပ် ကပျာကယာ လက်ရုံးနောက် လိုက်ဖို့ ပြင်ဆင်သည်။

"ဟို ... အောင်လည်း ..."

အကြံအစည် မအောင်မြင်လိုက်ရသော သူတအောင်





ဆီမှ လေသံဖျော့တိမ်တိမ်လေး ထွက်လာတာကို ဘယ်သူမှ ဂရုမစိုက်တော့ပြီ။

အရိပ်ကတော့ ကတိစကားတည်လှသော လက်ရုံးကို ကျေးဇူးတွေ အခါခါတင်နေမိသည်။

သူ အရိပ်တို့ကို ကျဉ်းထဲကျပ်ထဲမှ ကူညီကယ်ထုတ်ခဲ့သည်။

ပြဿနာတစ်ခုကို သူ ဖြေရှင်းလိုက်ပုံမှာ ညင်သာညက်ညောလှသည်။

သူဟာ အရိပ်ကို နားလည်မှုအပြည့်ဖြင့် အမြဲလို ဖေးမကူညီခဲ့သူပါလား။

အရိပ်ရင်ထဲကို သူဟာ အမြစ်ကလေးတစ်ခုလို တိုးဝင်တွယ်ရစ်လို့ လာခဲ့ပြီ။

ကျစ်လျစ်သေးငယ်ပေမယ့် သံယောဇဉ် အမြစ်ကလေးမို့ ရှန်းထွက်ဖို့တော့ ခက်တော့မည်ထင်ပါရဲ့။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



## ရှင်းရန်ဝေးနှင့် ...

BURMESE CLASSIC .com

ငြိမ်းချမ်းကာ အမိပ္ပာယ်ပြည့်ဝသော နာမည်ကလေးနှင့် လိုက်ဖက်ညီအောင်ပင် မျက်နှာမှာလည်း သဘောထားပြည့်ဝပြီး အေးချမ်းလှသော မျက်နှာပိုင်ရှင်ပင် ဖြစ်သည်။

စတွေ့သည့်နေ့ကပင် ...

''မင်္ဂလာပါ ခင်ဗျာ''

ဟု ခါးကလေးညွတ်ကာ နှုတ်ဆက်ပြီး လှပခန့်ညားလှသော ပန်းစည်းကြီးတစ်စည်းကို မျက်သားပြာကို ...

''ပရဲဆင့်ပါ မဒမ်''

ဟု (ယဉ်ကျေးသည်ပဲ ပြောရမလား၊ အနောက်တိုင်းဆန်သည်ဟုပဲ ပြောရတော့မလား) ပေးလေလျှင် ဘဘနှင့် အရိပ်မှာ တစ်ယောက်မျက်နှာတစ်ယောက် ဖျတ်ခနဲ ကြည့်မိကြသည်။





လေးယောက်ထဲမှာတော့ နောက်ဆုံးပိတ် အိတ်နှင့်လွယ်ဟုပဲ ထင်ရတော့မလား မသိ။ ဒီလူတစ်ယောက်သာ ပန်းစည်းနှင့်လာဖော်ရသူ ဖြစ်သည်။

အရိပ် စိတ်ထဲမှာတော့ တစ်မှတ်ဟု အော်လိုက်မိသည်။

ကိုယ့်ကို ပိုးကြေးပန်းကြေး ပန်းစည်းပေးတာကို ကျေနပ်သာယာခြင်းမရှိတဲ့မိန်းကလေး ဘယ်မှာလာရှိနိုင်မလဲ။

မျက်သားရဲ့ မျက်ဝန်းကလေးတွေ ... တလက်လက်တောက်ပသွားတာကို ကြည့်ပြီး အရိပ် ရိပ်မိလိုက်ပြီ။

''ဘဘဦးအာကာနဲ့ စက္ကထရီတို့အတွက်လည်း ပါပါတယ် ခင်ဗျ''

ကိုယ်တွေအတွက်လည်း ပါတယ်ဆိုတော့ လုံးဝ ထင်မှတ်မထားသည်မို့ ဘဘရော အရိပ်ရော တအံ့တသြ ဖြစ်သွားရသည်။

ရှင်းရန်ဝေးက ဘဘနှင့်အရိပ်ကို လက်ဆောင်တစ်အိတ်စီ ပေးသည်။

ဒီလောက်ဆိုလျှင်တော့ အရိပ် သဘောပေါက်ပြီ။

ဒါဟာ လာဘ်ထိုးခြင်းပဲ။

အဝင်လေးကတော့ ညက်ညောပါ့၊ ပြေပြစ်ပါ့။

အရိပ် ... မျက်သားကို ပြုံးစစနှင့် ကြည့်လိုက်မိလျှင် မျက်သားက လူအလစ်၌ ဖျတ်ခနဲ မျက်စပစ်ပြ၏။



www.burmeseclassic.com

www.burmeseclassic.com

အင်း ... ဇာတ်လမ်းတွဲလေးတစ်ခုတော့ စပြန်ပြီ။

အပိုင်းလိုက် လှပပါစေလို့ ကျိတ်ဆုတောင်းမိသူက အရိပ်ပဲ ဖြစ်သည်။

မျက်သားကတော့ ဘယ်လိုနေမယ် မသိ။

အရိပ်ကတော့ ရင်မောလှပြီ။

"မျက်သား ... ထမင်းဆာရင် ပြောနော်၊ ကျွန်တော် ချိုင့်ယူလာတယ်"

အင်း ... ထမင်းချိုင့်ထည့်လာတယ်ဆိုတော့ စေ့စပ်တ် ကျတဲ့သဘောဆောင်သလို ကပ်စေးနဲ ချွေတာတတ်သူလည်း ဖြစ်နိုင်တယ်။

ဘာပဲဖြစ်ဖြစ် မင်းဆက်စံလို ကားထဲမှာ ငါးဆင့်ချိုင့်ကြီး နှစ်ချိုင့်နှင့် ကိုယ့်ဘာသာ ကျိတ်စားတတ်သူနှင့် ယှဉ်လိုက်လျှင် တော့ မျက်သားအတွက်ပါ ထမင်းချိုင့်ထည့်ယူလာပေးဖော်ရ သော ရှင်းရန်ဝေးကို အရိပ် ကျိတ်ချီးကျူးလိုက်မိပြန်သည်။

"စက္ကူထရီအတွက်ပါ ယူလာခဲ့တယ်"





"ကျွန်မအတွက်ပါ ယူလာခဲ့တယ် ...ဟုတ်လား"

အရိပ် တအံ့တဩလေး ပြန်မေးမိသည်။

"အားနာစရာကြီး"

ပြန်နောက်လိုက်မိတော့ မျက်သားက မျက်စောင်းထိုး သည်။

ဘာပဲဖြစ်ဖြစ် ကိုယ့်သူငယ်ချင်းအတွက်ကိုလည်း မမေ့ ဘူးဆိုတော့ မျက်သား တကယ်ပင် ကျေနပ်ရပါသည်။

ကျေနပ်လို့မှ မဆုံးသေး ...

တကယ်တမ်း ထမင်းစားကြလျှင် သူနှင့်မျက်သားက တစ်ချိုင့်။

အရိပ်ကို သီးသန့်တစ်ချိုင့် ခွဲပေးသည်။

ဒါဟာ သိသာစွာပင် အဆင့်အတန်းချင်း ခွဲခြားလိုက် တာမို့ မျက်သား ကွက်ခနဲ မျက်နှာပျက်သည်။

အရိပ် စိတ်မကောင်း ဖြစ်သွားရပေမယ့် ...

"သိုင်းခယူးပါ"

ဖျစ်ညှစ်ပြောလိုက်ရသည်။

ချိုင့်ကို ဖွင့်ကြည့်လိုက်တော့လည်း ဟင်း အမယ်ချင်း က လုံးဝမတူ။ သူတို့ချိုင့်က ပုစွန်တုပ်ဟင်း၊ အသီးအရွက်ကြော် စုံစုံလင်လင်နဲ့ ဆိတ်သားခါးပတ်၊ ငါးပိကြော် ဖွယ်ရာစုံလင်လျက် ...။



www.burmeseclassic.com

www.burmeseclassic.com



အရိပ်ရဲ့ချိုင့်မှာတော့ လက်သည်းခွံလောက် အသား ဖတ်လေးတွေ ပါရဲ့ အသီးအရွက်ရောဟင်းတစ်ခွက်၊ ငါးပိကြော် လေး၊ လက်ဖက်သုပ်လေးနှင့်။

အရိပ် ဘယ်လိုပင် စိတ်ထိန်းပေမယ့် မျက်ရည်က အိခနဲ ဝိုင်းသွားမိသည်။

“စားကြရအောင်”

“ကိုရှင်းရန်ဝေးနဲ့ မျက်သား စားနှင့်ကြပါ၊ ချိုင့်ပေး ... အရိပ်ပြင်ပေးမယ်”

“အရိပ်ကရော”

“မဆာသေးဘူး မျက်သားရယ်၊ အရိပ် မနက်က လက် ရှုံးနဲ့အတူ လက်ဖက်ရည်သောက်ထားတယ်”

မျက်သား ချက်ချင်း မျက်နှာပျက်သွားသည်။

“အဲဒါဆိုလည်း နေပါစေတော့ ... ပြင်မနေနဲ့တော့၊ အရိပ်ဆာတော့မှ မျက်သား အတူတူစားမယ်၊ ကိုရှင်းရန်ဝေ အရင်စားနှင့်လိုက်၊ မျက်သား ... အရိပ်နဲ့မှ အတူတူစားမယ်၊ ပြီးတော့ အရိပ်အတွက် ထည့်လာပေးတဲ့ချိုင့်နဲ့ပဲ စားမယ်”

ကိုယ့်ဘက်ကို အမြဲကြည့်ပေးတတ်သော သူငယ်ချင်းကို အရိပ် ကျေးဇူးတင်မိပါသည်။

ရှင်းရန်ဝေးကတော့ မျက်နှာမကောင်းတော့။

သို့သော် ချက်ချင်း ဣန္ဒြေပြန်ဆည်လိုက်လျက် ...





“အဲဒါဆို ကျွန်တော်လည်း မစားသေးဘူး၊ ပြီးတော့မှ သုံးယောက်အတူတူ စားကြတာပေါ့၊ ချိုင့်ကလည်း တမင် နှစ် ချိုင့်ခွဲထည့်လာတာ မဟုတ်ပါဘူး ... ဟင်းမလောက်မှာ စိုးလို့ ပါ၊ ဒီလိုလုပ်လေ ... မျက်သားနဲ့ စက္ကထရီက တစ်ချိုင့်စား လိုက်၊ ကျွန်တော်က အရိပ်လက်ထဲက ချိုင့်နဲ့ပဲ စားလိုက်မယ် လေ ... အိုကေမလား”

တတ်လည်း တတ်နိုင်သည့်လူ။

အပြောင်းအလဲက မြန်ဆန်ပါ့။

မျက်သားကတော့ ချက်ချင်း ကျေနပ်သွားပုံနှင့် မျက်နှာ ကလေး ပြန်လန်းဆန်းသွားသည်။

“အဲသည်လိုလည်း မလုပ်ပါနဲ့ ... သုံးယောက်အတူတူ စားလိုက်ကြတာပေါ့၊ အရိပ် ... တစ်ခါတည်း အတူတူစားမယ် ... ဒါပဲ”

မျက်သား တစ်ချက်လွှတ်ဗိုလ်အာဏာ ထုတ်သည်။

အရိပ် သက်ပြင်းလေး မသက်မသာ ချလိုက်မိသည်။

တစ်ယောက်တစ်မျိုးစီပါပဲ။

ကိုယ့်ကို ပေါ်တင်ကြီး ရင့်သီး နှိပ်ကွပ်သည့်သူနှင့်၊

နောက်ကွယ်မှာ ခြိမ်းခြောက်သူနှင့်

ဒီတစ်ယောက်ကိုလည်း သတိထားရပါဦးမည်။

ယောကျ်ားတိုင်းဟာ ရေမြွေတော့ မဖြစ်နိုင်ရာ။



www.burmeseclassic.com

www.burmeseclassic.com



ဒါဆို လက်ရုံးကရော ...။

လက်ရုံးကတော့ နဂါးဆိုလျှင်တောင် အဆိပ်တွေကို မျိုချသိမ်းဆည်းထားတတ်သူရယ်လို့ အရိပ် ကာကွယ်ချင်ပါသည်။

## အခန်း (၁၀)

အခု အချိန်အထိတော့ အခြေအနေက မဆိုးသေး။

အရင်လူတွေထက်စာလျှင်တော့ အမှတ်တက်လာသည် ပြောရမယ် ထင်ပါရဲ့။

ထမင်းချိုင့်ကိစ္စ ဖြစ်ပြီးကတည်းက အရိပ်ကို ခွဲခြား ဆက်ဆံတာမျိုး မလုပ်တော့။

ဒါပေမဲ့ အရိပ် ဘယ်သူ့ကိုမှမယုံရဲသေးသည်မို့ ရှင်းရန် ဝေးသည်လည်း ဘယ်အချိန် ထ,ပညာပြမလဲဆိုတာ သတိ အနေအထားဖြင့် စောင့်ကြည့်နေမိပါသည်။

စောင့်ကြည့်နေမိဆဲ တစ်ရက်မှာတော့ ...

မျက်သားရဲ့အလစ်မှာ အရိပ်နား တိုးကပ်လာလျက် ..

"မြရိပ်ထင် ... ကျွန်တော် ပြောစရာရှိလို့"

အရိပ်ရင်ထဲ ထင့်ခနဲ ဖြစ်သွားရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာကိစ္စလဲ ကိုရှင်းရန်ဝေး"

"ဟို ... ညနေကျရင်လေ ကျွန်တော်တို့ ကော်ဖီ သွားသောက်ရအောင်"

အရိပ် မျက်ခုံးပင့်လိုက်မိသည်။

ရှင်းရန်ဝေးက ရယ်ကျဲကျဲဖြင့် ...

"သုံးယောက်အတူ သွားကြမယ်လေ"

"မျက်သားကို ပြောကြည့်လေ၊ မျက်သားက သွားမယ်ဆို ကျွန်မ လိုက်ခဲ့ပေးပါ့မယ်"

"ဟို ... အဲဒါ ... ကျွန်တော် ..."

ရှင်းရန်ဝေး ခေါင်းကုတ်လိုက်၊ ဆံပင်တွေဖွလိုက်နှင့် စကားတွေ ပြတ်တောင်းနေကတည်းက မရိုးသားတော့ပြီမှန်း အရိပ် ရိပ်မိလိုက်သည်။

"အမှန်အတိုင်း ဝန်ခံရရင် ကျွန်တော်က ကော်ဖီဆိုင်မှာ မျက်သားကို ပရိုပို့စ်လုပ်ချင်လို့"

ဘုရားရေ ...

ပြောင်းပြန်ဖောက်ထိုး။

ဘဝလက်တွဲဖော် ဝင်ရွေးချယ်ခံပြီးမှ ချစ်ရေးဆိုမလို့တဲ့။

"အဲဒါ ဟိုရောက်ရင် မြရိပ်ထင်က မသိမသာကလေး ရှောင်ပေးပါလား"

အရိပ် မျက်နှာပျက်ချင်လာပြီ။





နောက်ဆုံး ဒီလေဆိပ်ပဲ ဆိုက်တာပါလား။

လေသံပျော့ကလေးသုံးပြီး အနုနည်းနဲ့ပြောတာနဲ့ လေသံမာကြီးသုံးပြီး ခြိမ်းခြောက်တာနဲ့ ရည်ရွယ်ချက်ချင်းကတော့ မကွာခြားပါဘူး။

"ခဏကလေးပါ မြရိပ်ထင်၊ မျက်သားအတွက်ကိုလည်း စိတ်ချပါ ... ကျွန်တော် လက်ဖျားနဲ့တောင် မတို့ပါဘူး။ စကား လွတ်လွတ်လပ်လပ် ပြောချင်လို့ပါ"

လက်ဖျားနဲ့တောင် မတို့ပါဘူးလို့ ကတိစကား ထည့်ပြောတော့ အရိပ်ရင်ထဲ နည်းနည်းပေါ့ပါးသွားရသည်။

သုတအောင်တုန်းကတော့ ခက်ခက်ထန်ထန်ကြီးနဲ့ ပြောတာကြောင့် မျက်သားကို လွှတ်မပေးရဲ။

ဒီလူကတော့ ယဉ်ကျေးပုံရမည် ထင်ပါရဲ့။

"အရိပ် အဖော်ရအောင် ကျွန်တော် သူငယ်ချင်းတစ်ယောက် ခေါ်ထားပေးမယ်လေ"

ဩော် ... သူ့ကိစ္စအတွက် ကြံစည်ပြီးတော့ အရိပ်အတွက်ပါ ငဲ့ညှာစဉ်းစားပေးဖော်ရသားပဲ။

အင်း ... သူ့သူငယ်ချင်းတစ်ယောက် အဖော်လုပ်ပေးမယ်ဆိုရင်တော့ မဆိုးပါဘူး။

"ကျွန်တော် အကူအညီတောင်းတာပါ မြရိပ်ထင်ရယ် ... ကူညီမယ် မဟုတ်လားဟင် ... နော်"



www.burmeseclassic.com

www.burmeseclassic.com



တောင်းဆိုနေပုံက ယဉ်ယဉ်ကျေးကျေး ကျိုးကျိုးနွံနွံ။ အရိပ် ဘယ်လိုငြင်းဆန်ရမလဲ မသိတော့။ တိတ်ဆိတ်၍သာ နေမိတော့သည်။

ဒီတစ်ခါတော့ ကံကောင်းအောင်မြင်လိမ့်မည်ဟု အရိပ် မျှော်လင့်ပါသည်။

မျက်သားကိုယ်တိုင်က စကားပြောရုံတင်ပဲကွာ ဘာဖြစ်မှာလိုက်လို့ ...လို့ ပေါ့ပါးစွာပဲ ပြောသည့်မို့ အရိပ်လည်း သိပ်အရေးမထားဖြစ်တော့။

မျက်သားပုံစံကြည့်ရတာ ရှင်းရန်ဝေး ပရိုပို့စ်လုပ်တော့မှာကို ရိပ်မိနေသည့်မို့ စိတ်ဝင်စား လှုပ်ရှားနေပုံရသည်။

အရိပ်ကတော့ နှာခေါင်းရှုံ့မိကာ ...

"ပျင်းစရာကြီးကွာ ... ရည်းစားစကားပြောတော့မှာကို သိသိကြီးနဲ့ နားထောင်ရမှာ ပျင်းဖို့ကောင်းလိုက်တာ၊ ကြိုတင်သိမထားသင့်တဲ့ စကားတွေထဲမှာ ရည်းစားစကားလည်း ပါတယ်ကွ"





မျက်သားက ဒီတစ်ခါတော့ ခေါင်းကလေး လည်ထွက်သွားအောင် ခါယမ်းပြကာ အရိပ်ရဲ့အဆိုကို လုံးဝငြင်းဆန်ပါသည်။

"ဒီနေရာမှတော့ မင်းနဲ့ကိုယ် ခံယူချက်ချင်း လုံးဝကွဲလွဲသွားပြီ ကိုယ့်လူ၊ ကိုယ်ကတော့ ကြိုတင်သိထားပေမယ့် မပျင်းဘူး၊ သူ ကိုယ့်ကို ဘယ်လိုစကားလုံးတွေကို ဘယ်လိုစတိုင်လ်လေးနဲ့ ပြောမလဲဆိုတာ စိတ်ဝင်စားတယ်"

"ဘုရားရေ ... ရှင် ရင်ခုန်နေတာလား ဟင် ... မျက်သား"

"ရက်စ် ... ကိုယ်ဝန်ခံပါတယ်၊ ကိုယ် ရင်ခုန်နေတယ်၊ သူပြောမယ့် ချစ်စကားကို နားထောင်ကြည့်ဖို့ ကိုယ် ရင်ခုန်နေပါတယ်"

သေချာစဉ်းစားမိတော့ အရိပ် သိပ်မအံ့ဩချင်တော့။

ရှေးလူသုံးယောက်တုန်းက ဘယ်လောက်ပဲ သည်းလှုပ်တုန်ခါကာ ကြင်နာပြပေမယ့် ဒီတစ်ယောက်နှင့်ကျမှ သူ ချစ်ရေးအဆိုခံရမှာ မဟုတ်လား။

ချစ်ရေးအဆိုခံရရင် ရင်မခုန်မယ့် မိန်းကလေးရော ရှိနိုင်ပါ့မလား။

"မင်းကို လက်ရုံး ပရိုပို့စ်လုပ်ရင်လည်း မင်း ရင်ခုန်မှာပဲ ... မညာနဲ့"



www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက်ကြီး ထ,စိန်ခေါ်လိုက်သော မျက်သားစကားကြောင့် အရိပ် လန့်ဖျပ် ကြောင်အမ်းသွားရသည်။

လက်ရှိုးက ပရိုပိုစ် လုပ်ရင် ... တဲ့။

ရင်ထဲ ဒိန်းခနဲ ဆောင့်ခုန်၏။

"ဟင့်အင်း ... မဖြစ်နိုင်ပါဘူး၊ သူ ငါ့ကို ရိုးရိုးကလေးပဲ ခင်တာ"

"အဲသလိုနဲ့ ဆန်းဆန်းကလေးပဲ ချစ်သွားနိုင်ပါတယ်"

"အနီကတ် ပြပါတယ်၊ တရားလိုကို ရေစီးကြောင်းဖော်ပေးတဲ့ စကားလုံးများ မသုံးရန် ကန့်ကွက်ပါတယ်"

နောက်ဆုံးတော့ သူငယ်ချင်းနှစ်ယောက်သား တဟားဟားရယ်ကာ စကားဝိုင်းကို အဆုံးသတ်လိုက်ရတာပါပဲ။

ခုလည်း မျက်သားကို ချစ်ရည်တွေ တဖိတ်ဖိတ် လက်နေတဲ့ မျက်ဝန်းကြီးတွေနဲ့ ရွှန်းရွှန်းစားစားကြီး ကြည့်နေတဲ့ ရှင်းရန်ဝေးကိုရော ...

မနေတတ်မထိုင်တတ် ဖြစ်ပြီး ရှက်ဝဲဝဲလေးဖြစ်နေတဲ့ မျက်သားကိုရော ...

ကြည့်ပြီး အရိပ် အရမ်း ရယ်ချင်နေမိသည်။

"ဟေး ... ရန်ဝေး"

ကျယ်လောင်စူးရှသော နှုတ်ဆက်သံတစ်ခုကို ရုတ်တရက် ကြားလိုက်ရတာကြောင့် အရိပ်ရော၊ မျက်သားရော





လန့်ခနဲ ဖြစ်သွားရသည်။

"ဩော် ... ဇော်ကို ... ကော်ဖီလာသောက်တာလား"

ဇော်ကိုဆိုသောလူကို အရိပ် တစ်ချက် မော့ကြည့်လိုက်သည်။

အရိပ်ကို ပြုံးစိစိနှင့်ကြည့်လိုက်သော မျက်လုံးရူးရူးများနှင့် ဆုံလိုက်ရလျှင် ရင်ထဲ ထိတ်ခနဲဖြစ်ကာ ချက်ချင်း ခေါင်းကို ပြန်ငုံ့ချလိုက်ရသည်။

"အေး ... ကော်ဖီလည်း သောက်ရင်း ... ဟားဟား"

အဓိပ္ပာယ်နှစ်ခွထွက်သော စကားကို ဆိုရင်း တဟားဟား ကျယ်လောင်စွာရယ်နေတာမို့ အရိပ် တစ်မျိုးကြီး ခံစားလိုက်မိသည်။

"တစ်ယောက်တည်းလာမိလို့ ငေါင်နေတာကွာ၊ ထိုင်မယ်နော် မဒမ် ... ဖြစ်မလား"

ထိုင်တော့မလို ပြင်ပြီးမှ မထိုင်သေးဘဲ ခုံကြီးကိုင်ကာ မျက်သားဆီက ခွင့်ပြုချက်တောင်းတော့ မျက်သားနှင့် အရိပ် မျက်လုံးချင်းဆုံကာ ဘာပြန်ပြောရမှန်း မသိ။

နောက်မှ ...

မျက်သားက မကောင်းတတ်သည်မို့ မျက်နှာမကြည်မသာနှင့်ပင် ခေါင်းညိတ်ပြလိုက်လေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ရောက်ကတည်းက ဘေးမှာကပ်ထိုင်ကာ တတွတ်တွတ်ပြောလိုက်သည့် စကားများမှာ အဆက်မပြတ်။

မျက်သားတို့ကို ကြည့်လိုက်တော့ ရှင်းရန်ဝေးကလည်း တိုးတိုး တိုးတိုးနှင့် ဘာတွေ ကပ်ပြောနေသည်မသိ။

ဘေးက ဖော်ကိုဆိုသည့်လူရဲ့ အသံမှာ ဖုံးလွှမ်းနေသည်မို့ သူတို့ပြောသောစကားတွေ သဲကွဲစွာ မကြားရ။

မသိလျှင်တော့ သူတို့နှစ်ယောက်က တစ်စုံတွဲ၊ အရိပ်တို့နှစ်ယောက်က တစ်စုံတွဲလို ဖြစ်နေရသည်။

ထိုသို့သောအတွေးမျိုး ဝင်လာမှ ရှင်းရန်ဝေး ကြိုပြောထားသော ... အရိပ် အဖော်ရအောင် သူငယ်ချင်းတစ်ယောက် ခေါ်လာမယ်ဆိုသောစကားကို ဖျတ်ခနဲ သတိရမိတော့သည်။

သူငယ်ချင်းတစ်ယောက် ...

အရိပ်ထင်ထားခဲ့သော သူငယ်ချင်းတစ်ယောက်မှာ မိန်းကလေးသာ ဖြစ်သည်။

ယောကျ်ားလေးတစ်ယောက် ဖြစ်လိမ့်မည်ဟု ထင်မထားခဲ့။

အရိပ် သက်ပြင်းရှိုက်မိဆဲ။

"မြရိပ်ထင် ... ကျွန်တော့် မွေးသမိခင်အတွက် ပိုက်ဆံအိတ်တစ်လုံးလောက် သွားဝယ်ချင်လို့ အဖော်လိုက်ခဲ့ပေးပါလား ... Brand နားမလည်လို့"





ရိုးစင်းလှသော လှည့်ကွက်ပါလား။

ဒီနည်းနဲ့ ရှင်းရန်ဝေး ရည်းစားစကားပြောဖို့ အရိပ်က ဖော်ကိုဆိုသည့်လူနှင့် အတူတွဲလျက် ရှောင်ပေးရမည်ပေါ့။

ရှင်းရန်ဝေးကပါ လှစ်ခနဲ မျက်စိမှိတ်ပြ၏။

"ဘော့စ် ... ဖြစ်ပါတယ်နော် ... ဘော့စ်ရဲ့ စက္ကထရီကို ခဏလောက် ချောဆွဲလို့ ဖြစ်ပါတယ်နော်"

"အရိပ်ရဲ့သဘောပါ"

မျက်သားဆီကပါ လှမ်း၍ ခွင့်ပြုချက်တောင်းလျှင် အရိပ်မှာ မကောင်းတတ်တော့ပြီမို့ ထ,လိုက်ရတော့သည်။

"ဒီအနီးအနားက ဆိုင်တစ်ဆိုင်ဆိုင်ပဲ သွားကြတာပေါ့၊ ကျွန်မကို ကိုရှင်းရန်ဝေး ကြိုပြောထားပြီးသားပါ"

အရိပ် ထိုသူနှင့်တွဲသွားရမှာကို စိတ်လုံးဝမပါသည်မို့ ကြိုသတိပေးလိုက်မိသည်။

"တွန့်တိုလိုက်တာဗျာ ... ခင်ဗျားကို ကျွန်တော် ကားတင်မပြေးပါဘူး"

ရဲတင်းလွန်းလှသောအပြောကြောင့် အရိပ် ထောင်းခနဲ စိတ်တိုသွားရသည်။

"ကျွန်မ လူမှုရေးအရ ကိုရှင်းရန်ဝေးကို ကူညီပေးတာ ... တခြား ဘာကမ္ဘာမှ မရှိဘူး"

"အိုကေ ... ကျွန်တော်ကလည်း ခင်ဗျားကို ဘာမှ



www.burmeseclassic.com

www.burmeseclassic.com



မတောင်းဆိုရသေးပါဘူးနော်''

အမေရိကန်မင်းသားတစ်ယောက်လို ပဲထုတ်ကာ ပခုံးတွန့်ပြတော့ မုန်းစရာကောင်းလိုက်တာလို့ မှတ်ချက်ချမိသည်။

''တိတ်ဆိတ်တဲ့တစ်နေရာမှာ ကားရပ်ပြီး စကားစမြည်ပြောကြတာပေါ့''

''သိပ်ကြာလို့ မဖြစ်ဘူးနော်''

''ရော် ... ခင်ဗျားရဲ့ဘော့စ်ကို ကပ်စေးနဲနေတာလား၊ ခင်ဗျား ကိုယ့်ကိုယ်ကိုယ် ကပ်စေးနဲနေတာလား ... ဟင် မြရိပ်ထင်''

ဘာစကားမကို ပြန်မပြောချင်တော့သည်မို့ အရိပ် တမင်ကို မကြားဟန်ဆောင်ကာ မျက်နှာထားတင်းတင်းကြီးနှင့် နေလိုက်သည်။

သူက တိတ်ဆိတ်သော နေရာတစ်နေရာမှာ ကားထိုးရပ်လိုက်သည်။

အရိပ် အလိုလိုနေရင်း စိတ်ထဲ ကျဉ်းကျပ်လို့နေမိသည်။

ရှေ့တည့်တည့်ကိုသာ စိုက်ကြည့်နေမိသော်လည်း ဒီလူ ကိုယ့်ကို မျက်လုံးများမှေးစင်းကာ ကြည့်နေမှန်း စိတ်ထဲက သိနေသည်။

''မြရိပ်ထင် ... မင်းက မချော့ပေမယ့် ချစ်စရာကောင်းတယ်ကွ ... သိလား''





အရိပ် ဒိန်းခနဲ လန့်သွားရသည်။

တိတ်ဆိတ်သောနေရာမှာ ... ကားတစ်စီးထဲမှာ ... သူနှင့် အရိပ် နှစ်ယောက်တည်း။

ရွဲစင်းပြီး ကြည့်နေသော သူ့မျက်လုံးတွေကို အရိပ် သန့်လာသည်။

''သိလား ... မင်းနှုတ်ခမ်းလေးက အင်ဂျလီနာဂျိုလီရဲ့ နှုတ်ခမ်းလိုမျိုးလေ၊ အဲဒီနှုတ်ခမ်းမျိုးကို ဘယ်လိုခေါ်လဲ ... မင်းသိလား''

ထိုလူ့အသံမှာ တစ်စထက်တစ်စ တိုးပြီး ခပ်အစ်အစ်ဖြစ်လာသည်။ ပုံမှန်အသံ မဟုတ်တော့ပြီမို့ အရိပ် ရင်ထဲ ကြောက်စိတ်တွေ ပြည့်စိမ့်လာသည်။

သူက မျက်တောင်များ ရွဲစင်းကာ အရိပ်နားရွက်နား ကိုယ်ကို ငုံ့ကိုင်းချလျက် ...

''Kissable lips လို့ ခေါ်တယ်''

သူ့အသံမှာ တိုးညင်းလှသော်လည်း အရိပ်နားထဲ ကျယ်လောင်စွာ မြည်ဟည်းသွားသည်။

သူ့မျက်နှာမှာ အရိပ်မျက်နှာပေါ် ငုံ့စိုက်ကျလာတော့သည်။

ထိုင်ခုံကျဉ်းကျဉ်းလေးမှာ အရိပ်သည် မရှောင်သာ၊ မလွှဲသာ။



www.burmeseclassic.com

www.burmeseclassic.com



ကားတံခါးကို ကပျာကယာ ဆွဲဖွင့်လိုက်သည်။ မရ။
အရိပ်မျက်လုံးများ ပြူးကျယ်ဝိုင်းစက်သွားပါသည်။

လှည့်ကြည့်လိုက်လျှင် လော့ခ်ပေါ် ထိုင်ခုံနောက်မှ ကျော်လျက် ဖိထားသော သူ့လက်ချောင်းများကို မြင်လိုက်ရလျှင် အရိပ် မျက်လုံးများ ပြာဝေသွားခဲ့ရသည်။

"ကျွန်မကို ခု ခုချက်ချင်း ပြန်ပို့ပေးပါ"

"ဘာဖြစ်လို့လဲ"

"ကျွန်မ ပြန်ချင်ပြီ"

"နေပါဦး ... စောပါသေးတယ်"

"ဟင့်အင်း ဟင့်အင်း"

အရိပ်မှာ အသံကို မနည်းညှစ်ထုတ်လျက် ပြောနေရသည်။

သူ့ပုံစံမှာ လွယ်လွယ်နှင့် လက်လျှော့မည့်ပုံ မပေါ်။

အရိပ် ဘာဖြစ်လို့များ ဒီလူနောက် ယုံကြည်စွာ လိုက်ခဲ့မိပါလိမ့်။

ကြောက်စိတ်နှင့် ငိုချင်ခြင်းသာ ကြီးစိုးနေစဉ် ...

ကားကို တဝုန်းဝုန်းထုသံ ရုတ်တရက် ထွက်ပေါ်လာရာ နှစ်ယောက်စလုံး ကြောင်သွားရသည်။

ရင်တထိတ်ထိတ်ဖြင့် အရိပ် လှည့်ကြည့်လိုက်လျှင် ...

ကားခေါင်မိုးကို လက်သီးဖြင့် အဆက်မပြတ်ထုရင်းက





အရိပ်တို့ကို စူးစူးရဲရဲ ငုံ့ကြည့်နေသော လက်ရုံးကို တွေ့လိုက်ရသည်။

အရိပ်မှာ လေထဲလွင့်သွားရသလို လိုက်ခနဲ ပျော်သွားရသည်။

နီးကပ်နေသော ဖော်ကိုဆိုသည့် လူရဲ့မျက်နှာကြီးမှာ နောက်ပြန်ဆုတ်သွားသည်။

လော့ခ်နှိပ်ထားသော လက်ချောင်းများကို အားကုန်ဆွဲဖယ်ပြီး ကားပေါ်မှ အမြန်ခုန်ဆင်းလိုက်သည်။

လက်ရုံးက အသင့် လက်ကမ်းပေးသည်။

နွေးထွေးလိုက်တာ။

သူ့လက်ချောင်းများဆီမှ အနွေးဓာတ်သည် အရိပ် ရင်ထဲသို့တိုင် နက်ရှိုင်းစွာ စီးဝင်သွားသည်။

ခုနက ကြောက်စိတ်များ လွင့်ပြေးကာ ချက်ချင်း ခွန်အားကို ဖြစ်ပေါ်လာတော့သည်။

ဘယ်လောက် ဆန်းကြယ်လိုက်လဲဟင် ...။

"ဒီကို ဘယ်လိုရောက်နေတာလဲ"

လက်ရုံးအသံမှာ မာထန်၍နေသည်။

အရိပ်ကို မေးနေသော်လည်း လက်ရုံးရဲ့ စူးရဲသော မျက်လုံးများမှာ ဖော်ကိုဆိုသည့် လူ၌သာ ပစ်မှတ်တစ်ခုလို စိုက်၍နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ် ကော်ဖီဆိုင်လည်း ရောက်ခဲ့ပြီးပြီ"

'ကိုယ်'

ဒါ ... တမင် သုံးနှုန်းလိုက်တာ။

သို့သော် အရိပ်ရင်ထဲတော့ လှုပ်ခတ်၍ သွားရသည်။

"သွားကြပါစို့ လက်ရုံးရယ်"

အရိပ် လက်ရုံးရဲ့ မြဲမြံလှသောလက်ကို ရှိုစုမဲ့စု အားလေးဖြင့် အတင်းဆွဲခေါ်လာရသည်။

ဒါတောင် လှည့်ကြည့်၍နေသေးသည်။

သူ့မျက်နှာပေါ်မှာ ဒေါသတွေရော၊ စိုးရိမ်ပူပန်မှုတွေရော ပေါင်းစပ်ကာ လောင်ကျွမ်းလျက်ရှိသည်။

ဖြစ်နိုင်လျှင် ခုချိန်မှာ သူ့ရဲ့ဘယ်ဘက်ပခုံးကို (ဖွဖွကလေး ခေါင်းမှီတင်ဖို့) အရိပ် ခဏလောက် ငှားချင်ပါသည်။

"မင်း ဘာဖြစ်သွားသေးလဲ"

စိုးရိမ်မှုအပြည့်ပါသော်လည်း ပွင့်လင်းလွန်းလှသော အမေးကြောင့် အရိပ်မျက်နှာတစ်ပြင်လုံး ပူထူသွားခဲ့ရသည်။

သက်ပိုင်ရဲ့စာပေ



"ဘာမှ မဖြစ်ပါဘူး လက်ရုံးကလည်း"

အရိပ် ခေါင်းငုံ့နေမိသော်လည်း မျက်လွှာလှန်ကြည့်လိုက်တော့ သူ့မျက်နှာမှာ ခုမှ စိတ်သက်သာရာ ရသွားသလိုဖြစ်သွားတာကို တွေ့လိုက်ရသည်။

သူ သက်ပြင်း ခိုးရှိုက်လိုက်တာလည်း အရိပ် သိလိုက်သည်။

"နေပါဦး စက္ကထရီ ... ခင်ဗျားက ဘာဖြစ်လို့ ဒီလောက်တောင် ဘော့စ်ရဲ့ကိစ္စထဲ နေရာတကာ ဝင်ပါနေရတာလဲ"

ရုတ်တရက် မေးချလိုက်သော လက်ရုံးရဲ့မေးခွန်းက အရှိန်အဟုန်ပြင်းစွာ အရိပ်ရဲ့အရှိက်ကို ဝင်ဆောင့်၏။

"ကာယကံရှင်ထက်တောင် ခင်ဗျားက ပိုပြီး လှုပ်ရှားနေသေးတယ်၊ နေရာတကာ ကန့်လန့် ကန့်လန့်နဲ့ ကျွန်တော် ခင်ဗျားကို သိပ်ကြည့်လို့ မရတော့ဘူး စက္ကထရီ"

ရူပွပွပြောပုံကြီးကြောင့် အရိပ် ဟက်ခနဲ ရယ်ချလိုက်လေသည်။

"မရယ်နဲ့ ... ကျွန်တော် အတည်ပြောနေတာ၊ ကိုယ့်ဘော့စ်မို့ မဝေဖန်ချင်လို့ ငြိမ်နေတာ၊ လုံးဝ အဓိပ္ပာယ်မရှိတဲ့ကိစ္စကြီးကို ခင်ဗျားကပါ ဝင်ပြီး ခွန်စိုက်အားစိုက် ကူညီနေတာမြင်တော့ ကျွန်တော် တကယ်အံ့သြတယ်"

သက်ပိုင်ရဲ့စာပေ

www.burmeseclassic.com

www.burmeseclassic.com



သူပြောနေပုံက အတည်မို့ အရိပ် ဆက်မရယ်မိတော့။

''အမိပ္ပာယ်မရှိတဲ့ကိစ္စ ... ဟုတ်လား''

အရိပ် လက်ရုံးကို တအံ့တသြ ပြန်မေးလိုက်မိသည်။

''ဟုတ်တယ် ... လုံးဝ အမိပ္ပာယ်မရှိတဲ့ကိစ္စပဲ၊ ဘောစ့်ရဲ့ ကြင်ယာရွေးချယ်တဲ့အစီအစဉ်ဟာ ယောကျ်ားတွေရဲ့မာနနဲ့ သိက္ခာကို ရိုက်ချိုးတဲ့အစီအစဉ်ပဲ''

အရိပ် ပိုပြီး အံ့သြတကြီး ဖြစ်သွားရသည်။

မျက်လုံးကလေးများပင် ပြူးကျယ်ဝိုင်းစက်သွားရတော့သည်။

''ယောကျ်ားတွေက သူ့ရဲ့ အရွေးချယ်ခံဘဝ ရောက်သွားရတာပေါ့ ... ဘယ်လောက် အောက်တန်းကျလဲ၊ အရွေးချယ်ခံတဲ့သူတွေကိုကြည့်ပြီး ယောကျ်ားတစ်ယောက်အနေနဲ့ ကျွန်တော်ရှက်တယ်''

အရိပ်မှာ မျက်လုံးများ ပြူးမိရုံသာမက ... ပါးစပ်ပင် အဟောင်းသား ဖြစ်သွားရသည်။

လက်ရုံးဟာ မာနကြီးတဲ့ ယောကျ်ားတစ်ယောက်လား။

မဟာပုရိသဝါဒီ တစ်ယောက်လား။

အရိပ်ရင်ထဲ မေးခွန်းများဖြင့် ပြည့်နှက်လှုပ်ခတ်ဆဲ ... သူကတော့ မျက်မှောင်ကြီးကြုတ်ကာ သူတင်သည့် အမှန်တရား၊ သူ့ရဲ့ခံယူချက်တွေကို ဆက်ပြောနေခဲ့သည်။





''ကျွန်တော်ကတော့ အချစ်စစ်စစ်နဲ့ သံယောဇဉ်အပေါ်မှာ နိုင်နိုင်မာမာအခြေခံမှသာ စစ်မှန်တဲ့ ဘဝကြင်ဖော်ကို ရနိုင်မယ်လို့ ယုံကြည်တယ်''

ကြည့်စမ်း ...

သူ့ယုံကြည်ချက်ဟာ ဘယ်လောက်များ နှလုံးသားရန့် သင်းလိုက်ပါသလဲ။

သူ့နှလုံးသားထဲက နွေးထွေးချိုမြိန်သော ချစ်ခြင်းကို ပိုင်ဆိုင်ခွင့်ရတဲ့မိန်းကလေးဟာ ဘယ်လောက်တောင် ကံကောင်းလိုက်မလဲ။

အတွေးအဆုံး ရင်တွေ တဒုန်းဒုန်း ခုန်သွားရသည်မှာ ဘာကြောင့်လဲ။

သူကတော့ အရိပ်အဖြစ်ကို မသိတတ်နိုင်စွာ သူပြောချင်သော စကားများကို ဆက်ပြောဆဲ။

''အခု ... ဘောစ့်လုပ်နေတဲ့ပုံစံက ဘယ်မှာလဲအချစ်၊ ဘယ်မှာလဲ သိက္ခာ၊ ဘယ်မှာလဲ တန်ဖိုး၊ ဘဝကြင်ဖော်ဆိုတာကို ဈေးဝယ်သလို ဝယ်နေတာနဲ့ တူနေတယ်''

လက်ရုံးရဲ့စကားလုံးများမှာ တစ်စထက်တစ်စ ပြင်းထန်လာလေလျှင် ...

တဒုန်းဒုန်းခုန်နေသော အရိပ်ရဲ့ရင်မှာ ငြိမ်သက်လာတော့ကာ ဆွံ့အလာမိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



အရိပ်ရင်ထဲ ဝမ်းနည်းကြေကွဲလို့ လာခဲ့သည်မှာ ဘာကြောင့်ပါလိမ့်။

"ဘေ့စ်ကိုလည်း ယောက်ျားတစ်ယောက်ရဖို့ ဒီလောက် ဒုက္ခခံတာ ... ကျွန်တော်ဖြင့် အံ့သြပါရဲ့"

လက်ရုံးရဲ့ ဝေဖန်ပြစ်တင်ခြင်းစကားများ အဆုံးသတ်လေလျှင် အရိပ်မှာ ဒီကိစ္စအတွက် ရှင်းပြဖို့လိုအပ်ပြီဟု ဆုံးဖြတ်လိုက်မိတော့သည်။

လက်ရုံးနေရာမှာ တခြားလူတစ်ယောက်သာဆို အရိပ် ဒီလိုဆုံးဖြတ်မိမှာ မဟုတ်တာ သေချာသည်။

လက်ရုံးကိုတော့ ဘာကြောင့်များ ရှင်းပြချင်မိရတာပါလိမ့်။

"မဟုတ်သေးဘူး လက်ရုံး ... မျက်သားရဲ့ကိစ္စက လက်ရုံးထင်သလို မဟုတ်ဘူး"

"ဘယ်လို"

လက်ရုံးက မျက်ခုံးများပင့်ကာ ပြန်မေးသည်။

"မျက်သားရဲ့မေမေ ဒေါ်ဒေဝီနှောင်းကိုယ်တိုင်က မဆုံးခင်မှာ ဒီလိုစီစဉ်ခဲ့ပြီး ကတိတောင်းခဲ့လို့ မျက်သားက လုပ်နေရတာ"

"ဟင်"

ဒီတစ်ခါ ပါးစပ်အဟောင်းသား ဖြစ်ရသူက လက်ရုံး





ဖြစ်သွားတော့သည်။

"မျက်သားရဲ့မေမေက နိုင်ငံတကာနဲ့ ရင်ပေါင်တန်းပြီး ခေတ်ရှေ့ပြေးနေတာလေ၊ လက်ရုံးတို့က ပိုသိမှာပေါ့ ..., အလုပ်အတူတူ လုပ်ခဲ့ကြတာပဲ"

လက်ရုံး ဒီတစ်ခါတော့ ယုံကြည်စွာ ခေါင်းညိတ်ပြလိုက်မိသည်။

မျက်သားပြောလိုပင် ဝန့်ထမ်းများအပေါ် နွေးထွေးစွာ မိသားစုလို ဆက်ဆံသော အန်တီဒေါ်ဒေဝီနှောင်းရဲ့ ခေတ်ရှေ့ပြေးသော အတွေးအခေါ် အယူအဆများအကြောင်း သူတို့ အသိဆုံးပဲ ဖြစ်ပါသည်။

"တကယ်တော့ မျက်သားရဲ့ဘဝက သိပ်သနားစရာကောင်းပါတယ် လက်ရုံးရယ်"

လက်ရုံးရဲ့ မျက်လုံးစူးစူးတွေထဲမှာ စိတ်ဝင်စားသော အရိပ်အရောင်များကို တွေ့လိုက်ရလျှင် အရိပ်က ဆက်ပြောလိုက်သည်။

"အန်တီဒေါ်ဒေဝီနှောင်းရဲ့ ဘဝကလည်း ကြေကွဲ ခါးသီးစရာတွေချည်း ပြည့်နှက်ခဲ့တော့ စိတ်အစွဲခံစားချက်ကြောင့်ထင်ပါရဲ့ ... ခုလိုမျိုး စီစဉ်သွားခဲ့တာ"

"အဲဒါတွေ မင်းသိနေတယ် .. ဟုတ်လား"

လက်ရုံးက တအံ့တဩ မေးသည်။




www.burmeseclassic.com

www.burmeseclassic.com



"သိတာပေါ့ . . . မျက်သားက အရိပ်ကို အားလုံး ပွင့်ပွင့်လင်းလင်း ပြောပြခဲ့တာ၊ တကယ်တော့ လက်ရှုံးရယ် . . ."




www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

ပြဿနာရဲ့အစမှာ ... အစစအရာရာ ညှိနှိုင်းလို့မရလောက်အောင် ကွာခြားချက်များကြောင့်ပင်။

ရပ်ကွက်ထဲမှာရော၊ ကုမ္ပဏီမှာပါ ကိုယ့်ကို ရေလာမြောင်းပေးသော မိန်းကလေးတွေ ဒုနှင့်ဒေး ရှိပါလျက် ...

"သားကို သူဌေးလင်မယားက ရိုးလည်း ရိုးသားတယ်၊ အလုပ်ကိုလည်း ကြိုးစားတယ်ဆိုပြီး သူတို့သမီးနဲ့ နေရာချထားချင်ကြတယ်"

အဖေ့ဆီက စကားကြားကြားရချင်းမှာ ဇေယျ အတော်လေး အံ့ဩတုန်လှုပ်သွားခဲ့ရသည်။

မမျှော်မှန်းနိုင်သော စည်းစိမ်းချမ်းသာကို ပိုင်ဆိုင်သော သူဌေးလင်မယားကိုယ်တိုင်က ကိုယ့်ကို ကမ်းလှမ်းလာခဲ့သည်ဆိုတော့ ...။





သို့သော် ...

ဇေယျ မျက်လုံးများထဲ ပထမဆုံး မြင်ယောင်မိသည်မှာ မျက်လုံးက မေးအစ်အစ်၊ မပေါ်လွင်သော နှာတံနှင့် နှုတ်ခမ်းထူထူတစ်စုံကို ပိုင်ဆိုင်သော အသားညိုပြာမလေး ...

နာမည်ကတော့ ဒေဝီနှောင်းတဲ့။

ဇေယျ အဖေ့စကားကို အချိန်ယူလျက် စဉ်းစားခဲ့ရသည်။

ထိုအတောအတွင်း သူဌေးလင်မယားက ပွဲရုံကိစ္စမှန်သမျှကို ကိုယ်မှကိုယ် လူယုံတစ်ယောက်လို လွှဲလာခဲ့သောအခါ ...

အပြင်ထွက်ရတိုင်း ဒေဝီနှောင်းကို မသိမသာမှသည် သိသိသာသာကြီးကို ထည့် ထည့် လွှတ်လာခဲ့သောအခါ ...

"တို့က သိပ်အကျည်းတန်တာနော်၊ တို့နဲ့ တွဲသွားတွဲလာရတာ ဇေယျစိတ်ထဲ ရှက်သလား"

အသံတိုးတိုးကလေးနှင့် ညှိုးငယ်စွာ ပြောခဲ့လေသော ရုပ်ဆိုးမလေးကို ကြာတော့ အသနားပိုလာခဲ့ရမိသည်။

အနေနီးလာဖန်များသောအခါ ရုပ်ဆိုးမလေးရဲ့ ကိုယ့်အပေါ်ထားသော သံယောဇဉ်ကို ဇေယျ သိလာခဲ့ရသည်။

ပြီးတော့ ဒီရုပ်ဆိုးမလေးက ခေတ်ရှေးပြေးပြီး ရဲရင့်ပွင့်လင်းတတ်သူကလေးလေ။



www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေတို့ စီစဉ်ချင်တာကို ဖေယျ ဘယ်လိုသဘောရသလဲ"

သူမဘက်က စတင်မေးလိမ့်မည်ဟု လုံးဝ ထင်မှတ်မထားခဲ့ရတာမို့ သူ ကြောင်အသွားရဆဲ။

"အမှန်အတိုင်း ဝန်ခံရရင် တို့ဘက်ကတော့ ဖေယျကို ငြင်းစရာမရှိဘူး"

သည်မျှ ရဲရင့်ပွင့်လင်းလိမ့်မည်ဟု မထင်ထားတာမို့ ဖေယျ ပိုပြီး တုန်လှုပ်သွားရသည်။

"ဘာဖြစ်လို့လဲဆိုတော့ ဖေယျက အလုပ်မှာ လာဘ်မြင်တယ်၊ ဖွဲလည်းရှိတယ်၊ ဦးဆောင်နိုင်တယ်လေ ... အဲဒါကို တို့ သဘောကျတယ်"

"ဒေဝီလည်း တော်တာပဲဟာ"

ဖေယျ တမင်မြှောက်လိုက်တာ မဟုတ်။

ဒေဝီက စီးပွားရေးအမြင် တကယ်ရှိတာဖြစ်သည်။

အလုပ်လုပ်လျှင် တိကျပြတ်သားသည်။

ပြီးတော့ ပါတနာတွေ အပေါ်မှာရော၊ လက်အောက်ငယ်သားတွေအပေါ်မှာရော ဆက်ဆံရေးက ပြေပြစ်ချိုသာသည်။

အဲဒီအရည်အချင်းတွေက ဒေဝီနှောင်းရဲ့မျက်နှာပေါ်က ရုပ်ဆိုးအကျည်းတန်သည်ဆိုသော အရာတွေကို ဖုံးလွှမ်းသွားခဲ့တော့သည်။





ဒေဝီနှောင်း ကိုယ်တိုင်ကတော့ ကိုယ့်ကိုယ်ကိုယ် မထင်။ ဖွင့်ဟဝန်ခံရှာသည်။

"တကယ်တော့ ဖေယျနဲ့ တို့နဲ့ ရုပ်ချင်းမထိုက်တန်ပါဘူး ... တို့သိပါတယ်၊ ဒါပေမဲ့လေ တို့ ဖေယျကို ..."

ဒေဝီနှောင်း စကားဆက်လို့ မရတော့။

အသံမှာ တိုးညှင်းရာမှ တိမ်ဝင်သွားတော့သည်။

ဟီးထနေသော ပွဲရုံ ...

နောက်ဆုံးပေါ် မော်ဒယ်ကား ...

ဖိတ်ဖိတ်တောက်နေသော တိုက် ...။

ဖေယျ သက်ပြင်းလေး ခိုးရှိုက်မိကာ ...

ဒေဝီနှောင်းရဲ့ အကျည်းတန်လှပါချေရဲ့ဆိုသော မျက်နှာရော၊

သူ့ကို ရေလာမြောင်းပေးထားသော မိန်းကလေးထုကြီးကိုရော ဖေယျအကုန်မေ့ကာ ...

"ကိုယ် ဒေဝီ့ကို လက်ထပ်ပါရစေ"

သူ့ပခုံးစွန်းမှာ ရုပ်ဆိုးမလေးရဲ့မျက်ရည်တွေ စွန်းကျံခဲ့သည်လေ။



www.burmeseclassic.com

www.burmeseclassic.com



ဘာပဲဖြစ်ဖြစ် တိုက်ခန်းကျဉ်းကျဉ်းလေးထဲမှာ နေခဲ့ရသော ဘဝ၊ လိုင်းကားတိုးစီးခဲ့ရသော ဘဝ၊ ထမင်းဘူးထဲမှာ အသားဟင်းဖတ်လေး ပါနိုင်ရုံ ထည့်ခဲ့ရသောဘဝမှသည် ...

မြိမ့်မြိမ့်သဲ၊ ထည်ထည်ဝါဝါ မင်္ဂလာဆောင်ခဲ့ရပြီး ...

အာလာဒင် ဖန်တီးပေးသော စည်းစိမ်မျိုးကို အိပ်မက်မဟုတ်ဘဲ တကယ် သိမ်းပိုက်နိုင်ခဲ့ပါလေပြီ။

"ရုပ်ကလေး ဗန်းပြပြီးတော့ ..."

"ဘနဖူးကို တူးတာပါကွာ"

တိုးတိုးတစ်မျိုး၊ ကျယ်ကျယ်တစ်မျိုး ဝေဖန်သံတွေ ကဲ့ရဲ့သံတွေအားလုံးကို ဖေယျ ဥပေက္ခာပြုနိုင်ခဲ့ပါသည်။

"မောင်"

ဆိုသော ချိုနွဲ့လှသော အသံလှလှကလေးအောက်မှာ သူ တစ်လောကလုံးကို ဥပေက္ခာပြုနိုင်ခဲ့လေပြီ။

"မောင်ရေ ... ထမင်းစားတော့မယ်လေ၊ အလုပ်တွေပဲ ဖွတ်လုပ်မနေနဲ့ ... အစာအိမ်ရောဂါ ဖြစ်မယ်"

"မောင်ရေ ... ရေချိုးတာ ကြာလှချေလား ... အအေးမိမယ်နော်"

"ဟင် ... မကြိုက်ဘူးလား၊ ကော်ဖီက အရမ်းခါးသွား





လို့လားဟင် ... ဒေဝီ နို့စိမ်းထပ်ထည့်ပေးမယ်နော်"

"မောင်ရေ ... DL လေးတစ်ထည် ထပ်ဝယ်ခဲ့တယ်၊ မောင့်အကြိုက် နို့စိမ်းရောင်လေး ... ကြိုက်တယ်မဟုတ်လားဟင်"

တစ်သက်လုံးက ခုလို ဂရုစိုက်၊ ယုယ၊ ကြင်နာတာ မခံယူခဲ့ရဖူးသည်မို့ ဖေယျ ထို 'မောင်' ဆိုသော စကားလုံးတစ်လုံးရဲ့အောက်မှာ ပျော်ဝင်ရင်ခုန်ခဲ့ရပါသည်။

နွေးထွေးသော အကြင်နာချိုချိုတွေကို သာယာကြည်နူးခဲ့ရပါသည်။

အပြောင်းလဲကြီး ပြောင်းလဲကာ ရွှေဘုံမြင့်ပေါ် စံမြန်းခဲ့ရသော ကိုယ့်ဘဝကိုလည်း အကျေနပ်ကြီး ကျေနပ်ခဲ့ရပါသည်။

သို့သော် ... တစ်စထက်တစ်စ အိမ်ထောင်သက်လေး ရလာသည်နှင့်အမျှ ဖေယျကျေနပ်ခဲ့ရလေသော၊ သာယာခဲ့ရလေသော၊ ကြည်နူးခဲ့ရလေသော အရာများမှာ ...

"ရတယ်လေ ... ဒေဝီပါ လိုက်ခဲ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"အာ ... ဒေဝီကလည်းကွာ အဓိပ္ပာယ်မရှိတာ"

သူ စိတ်ပျက်လက်ပျက် ငြင်းဆန်လိုက်မိတော့ ဒေဝီ မျက်နှာကွက်ခနဲ ပျက်သွားရသည်။

"ဘာအဓိပ္ပာယ်မရှိရမှာလဲ ... မောင်ကလည်း"

အလိုမပြည့်ချင်သည့်အသံက စိမ်းဆတ်ဆတ်။

"ကိုယ်တို့က သောက်ကြစားကြမှာလေ၊ ယောက်ျား လေးတွေကြားထဲ ဒေဝီတစ်ယောက်တည်း"

"အို ... ဘာဖြစ်လဲ ... မောင်တစ်ယောက်လုံး ရှိနေမှာပဲဟာ"

"မောင်ရှိရော ရမလားကွ၊ မင်းကို ဝိုင်းနောက်ကြမှာပေါ့၊ မဟုတ်တာတွေ ချွန်တွန်းလုပ်ရင် မင်းပဲ နှာတင်းဦးမယ်"

"ရပါတယ် ... ဒေဝီ ခံနိုင်ရည်ရှိပါတယ်"

"ကျွတ် ... မင်း တော်တော်အပြောရခက်ပါလား ဒေဝီ၊ တခြားမိန်းကလေးတွေပါရင် ငါ မင်းကို ခေါ်ပါတယ်၊ ခုဟာက မင့်မှာလည်း အဖော်မရှိ ... ပေါင်နေမှာ၊ ငါလည်း အလှောင်ခံရဦးမယ်၊ သွားလေရာ မိန်းမက တတန်းတန်းပါတယ် ဆိုပြီးတော့"

"မောင်ရေ ... အပိုတွေ ပြောမနေနဲ့၊ ဒေဝီကတော့ တစ်လမ်းမောင်းသမားနော်၊ တစ်ခွန်းပဲ ပြောမယ် ... ပြန်မပြင်ဘူး"





ဖေယျ ရင်ထဲ အတော်ခံပြင်းသွားရသည်။

"နေပါဦး ... မင်းက ဘာကိစ္စ ဒီလောက်တောင် လိုက်ချင်နေရတာလဲ ဒေဝီ"

ဒေဝီက မဲ့ပြုံးပြုံးသည်။

"မောင်တို့ အပေါင်းအသင်းတွေ ဆုံမိရင် သောက်ကြမယ်၊ မူးကြမယ်၊ မူးပြီးရင် ပန်းကုံးတွေ စွပ်မယ်၊ အနှိပ်ခန်းတွေလည်း ရောက်ချင်ရောက်မယ်လေ ... မဟုတ်ဘူးလား၊ ဒေဝီ မောင့်ကို စိတ်မချဘူးလေ မောင်"

"ကိုယ် ကတိပေးတယ် ဒေဝီ၊ ရုပ်ပျက်ဆင်းပျက် မူးလောက်အောင်လည်း ကိုယ်မသောက်ဘူး၊ ဘာပန်းကုံးမှလည်း မစွပ်ဘူး၊ ဘယ်အနှိပ်ခန်းမှလည်း မသွားဘူး၊ ကိုယ် ဒါမျိုး ဝါသနာမပါတာ မင်းမသိဘူးလား"

"ယုံချင်ပါတယ် မောင်ရယ်၊ ခက်တာက ဒေဝီကလေ ကိုယ့်ကိုယ်ကိုယ်ထက် ဘယ်သူ့ကိုမှ မယုံတတ်ဘူး"

ကိုယ် ပျော်ဝင်ခဲ့ရသော လေချိုအေးအေးလေးက ခုတော့ အေးချမ်းစွာရင့်သီးတတ်သော လေသံဆိုတာ သိခဲ့ရပြီ။

ဒေဝီ့မျက်နှာကို သူ တစ်ချက် စိုက်ကြည့်လိုက်သည်။

ကြည့်ရဆိုးစွာ ထူတွဲလှသော နှုတ်ခမ်းတွေက ပြုံးနေသည်။

စိတ်ပျက်စရာ ကောင်းလိုက်တာ။



www.burmeseclassic.com

www.burmeseclassic.com



သူ ချက်ချင်း မျက်နှာပြန်လွှဲလိုက်သည်။

မုန်းတီးစရာကောင်းလှသော အပြုံး။

"ဒေဝီက မောင့်ကို မသွားနဲ့လို့ တားနေတာမှ မဟုတ်ဘဲ၊ သူများမိန်းမတွေလို မသောက်ရဘူးလို့လည်း မချုပ်ချယ်ဘူး။ သောက် . . . ရတယ်၊ မောင်ကြိုက်သလောက် သောက်၊ မူးရုံတင်မကလို့ . . လဲပဲ လဲလဲ . . . ဒေဝီတွဲခေါ်လာခဲ့မယ်၊ မူးပြီးရင် တခြားကိစ္စတွေ ပါလာမှစိုးလို့သာ ဒေဝီက လိုက်ထိန်းပေးတာ"

"ထိန်းပေးရအောင် ငါက ယောကျ်ားကွ . . . နွား မဟုတ်ဘူး"

"မာနတွေထားလိုက်စမ်းပါမောင်ရယ်၊ အိမ်မှာ သောက်ပါလား . . . ဒေဝီကိုယ်တိုင် အမြည်းတွေ စပါယ်ရှယ်လုပ်ပေးပါ့မယ်"

"တော်တော့ ဒေဝီ . . . ငါ အရက်သမားမဟုတ်ဘူး၊ ငါ့အိမ်ကိုလည်း ဘားမဖြစ်စေချင်ဘူး၊ အရက်သမားတွေနဲ့ တရှန်းရှန်း တဝုန်းဝုန်းနေရတာကို ငါ သိပ်ကြိုက်လှတယ် မထင်နဲ့၊ တစ်ခါတစ်ရံ သူငယ်ချင်းတွေစုပြီး အပျော်သဘောမျိုး သောက်ချင်တာသက်သက်ပဲ"

"ခက်ပါလား မောင်ရယ် . . . မောင်က တလွဲတွေ တော်တော်တွေးတာပဲ၊ ဒေဝီကလည်း ဘာတစ်ခုမှ မတားမိပါလား၊ ဒေဝီလိုက်ချင်တာက . . ."





"တော်တော့ ဒေဝီ . . . တော်တော့၊ ငါ ဘာမှမကြားချင်တော့ဘူး"

သူ ဒေဝီကို လက်ကာပြလိုက်ကာ သူငယ်ချင်း တစ်ယောက်ဆီ ချက်ချင်း ဖုန်းကောက်ဆက်လိုက်သည်။

"ထိန်လင်းရေ . . . ဆောရီးပဲကွာ၊ ငါ ဒီညနေ မလာဖြစ်တော့ဘူး၊ တခြားကောင်တွေကိုလည်း တောင်းပန်တယ်လို့ ပြောလိုက်ကွာ"

တစ်ဖက်က ဘာမှပြန်မမေးခင် သူ ဖုန်းကို ချက်ချင်း ပြန်ချလိုက်သည်။

အကျည်းတန်လှတဲ့ မျက်နှာပေါ်မှာ အပျော်တွေ ဖိတ်လျှံသွားမှာ သေချာပါသည်။

အတွေးထဲတင် စက်ဆုပ်သွားမိသည်။

သူ ချာခနဲ လှည့်ထွက်လာကာ စာကြည့်ခန်းထဲမှာ နေမိသည်။

ဘယ်မှ သွားချင်စိတ်လည်းမရှိတော့ . . .

အကျည်းတန်လှသော မျက်နှာတစ်ခုကိုလည်း မျက်နှာချင်း မဆိုင်ချင်တော့ . . .

ချိုမြိန်ခဲ့သော အကြင်နာတရားက ခုတော့ ချုပ်ချယ်ခြင်း သက်သက်လို့သာ ထင်မိတော့သည်။

လှောင်ချိုင့်ထဲက ငှက်ကလေး . . .၊



www.burmeseclassic.com

www.burmeseclassic.com



ရေကန်လှလှလေးထဲက ရွှေငါးကလေးတွေရဲ့ ဘဝတွေကို စာနာမိတတ်လာတော့သည်။

လွတ်လပ်သော ပျော်ရွှင်ခြင်းတို့သည် ရွှေရည်စိမ့်ထားသော အကြွင်နာတရားထံ၌ သေဆုံး ဆိတ်သုဉ်းခဲ့ရပြီ။

အတွေးတွေထဲ သူ နစ်မွန်းနေခိုက် . . .

"မောင်ရေ"

ဆိုသော အသံနွဲ့နွဲ့က စာကြည့်ခန်းဆီ ရောက်လာသည်။

စိတ်ပျက်လှစွာ သူ လှည့်ကြည့်လိုက်တော့ . . . VAT-69 ပုလင်းနှင့် ဖွယ်ရာစုံလင်လှသော အမြည်းပန်းကန်တွေတင်ကာ ထရော်လီကိုတွန်းရင်း ဝင်လာသော ဒေဝီနှောင်း။

"ဒါ ဘာလုပ်တာလဲ ဒေဝီနှောင်း"

"ဪ . . . ဒေဝီသိတတ်ပါတယ် မောင်ရယ်၊ ဒေဝီ့အလိုကိုလိုက်ပြီး မောင် အပြင်မသွားတော့ ဒေဝီကလည်း မောင်အိမ်မှာ ပြည့်ပြည့်စုံစုံလေး ဖိမ်ရှိရှိသောက်ရဖို့ စီစဉ်ပေးရမှာပေါ့"

"မင်း ဘာတွေပြောနေတာလဲ ဒေဝီနှောင်း . . . ငါ အရက်သမား မဟုတ်ဘူး၊ အရက်မသောက်ရလို့လည်း ငါဘာမှ ဖြစ်မသွားဘူး၊ ငါ တစ်ယောက်တည်းနေပါစေ"

"မောင်ရယ် . . . ဒေဝီ တောင်းပန် . . ."

"ငါကလည်း ပြန်တောင်းပန်ပါတယ် . . . မင်း ငါ့မျက်





နှာရှေ့က အမြန်ထွက်သွားပေးပါ၊ မင်း ထွက်မသွားရင် ငါထွက်သွားရလိမ့်မယ်"

ရင်ထဲ အရှိအတိုင်း ခြိမ်းခြောက်လိုက်တော့ ထောင်ချောက်သခင်မက ကြောက်အားလန့်အားနှင့် ထရော်လီလေး ပြန်တွန်းကာ ကပျာကယာ ထွက်သွားတော့သည်။

ဒေဝီနှောင်း မျက်ဝန်းအိမ်ဆီမှ မျက်ရည်တစ်ပေါက် လွင့်ကျတာ မြင်လိုက်ရသည်။

ခံစားမနေတော့ပြီ . . .။

မွန်းကျပ်သည့်ရင်က ထုံကျဉ်အေးခဲစွာ နေခဲ့ပြီလေ။

"ခွာညိုရေ . . . ညီမ . . . လုပ်လက်စကလေးတွေပြီးရင် အစ်ကို့ကို စာရင်းတွေ တစ်ချက်လောက် လာကူကြည့်ပေးစမ်းပါ . . . မကိုက်လို့"

"ဟုတ် ကိုဖေယျ . . . ဒါလေး လက်စသတ်ပြီးတာနဲ့ ခွာညိုလာကူပေးမယ်"

"ဘာစာရင်းတွေလဲ"



www.burmeseclassic.com

www.burmeseclassic.com



နောက်ကျောဆီမှ ဟိန်းခနဲ ထွက်လာသော မေးသံကြောင့် ခွာညိုရော သူရော နှစ်ယောက်စလုံး လန့်သွားခဲ့ရသည်။

"ပဲတွေပို့တဲ့စာရင်းလေ လချုပ်ထဲမှာ ကွာနေလို့"

"အဲ့ဒါ ခွာညိုနဲ့ ဘာဆိုင်လဲ"

"ဟ ... ငါ စာရင်းတိုက်ရတာ ခေါင်းကို ထုပူနေပြီ၊ ဒါကြောင့် လာကူပေးဖို့ ပြောတာ"

"ဒေဝီတစ်ယောက်လုံး ရှိတာပဲ"

ခွာညိုဆိုသော ကောင်မလေးမှာ မျက်နှာပျက်နေပြီ။ ခေါင်းကြီး ငုံ့ချထား၏။

သူလည်း အရမ်းရှက်သွားရသည်။

ဘာမှ ဆက်ပြောမနေတော့ဘဲ နေရာမှ ချာခနဲ လှည့်ထွက်လာခဲ့သည်။

နောက်မှ တခွပ်ခွပ်နင့်လိုက်လာသော ဒေါက်မြင့်ခွာသံကို ကြားရ၏။

ရုံးခန်းထဲရောက်သည်နှင့် သူ ဖြန်းဆို မျက်နှာချင်းဆိုင်လိုက်ကာ ...

"မင်းလုပ်ပုံ သိပ်ရှက်စရာကောင်းတယ် ဒေဝီနှောင်း"

"ဟုတ်လား ... မိန်းမ ခဏကလေးလစ်တာနဲ့ တခြားမိန်းကလေးဆီ ချက်ချင်းပြေးကပ်တဲ့ ရှင့်လုပ်ပုံကရော ရှက်စရာမကောင်းဘူးလား"





သူ ဒေါသ ထောင်းခနဲ ထွက်သွားရ၏။

ခွာညို့အပေါ် သူ မရိုးသားစိတ် အနည်းငယ်မှ မဖြစ်မိ။

"ဟ .. အလုပ်ကိစ္စကွ ... မင်း နားမလည်ဘူးလား"

"ကျွန်မ ပြန်ရောက်တဲ့အထိ စောင့်ပါလား၊ ရှင် ဒီယုန်မြင်လို့ ဒီချုံထွင်တာ ကျွန်မ မသိဘူးမထင်နဲ့၊ ကျွန်မ့ခေါ်တာ ရှင် မလိုက်ကတည်းက ကျွန်မ ထင်တော့ထင်သားပဲ၊ ခု ထင်တဲ့အတိုင်းပဲ ... ဟင်း ဟင်း ... ယောကျ်ားတွေများ တယ်စိတ်ချရသကိုး"

"မင်းစကား လွန်လာပြီနော် ဒေဝီနှောင်း၊ ငါ ခွာညို့အပေါ် ဘာစိတ်မှ မရှိဘူး၊ မင်းထင်သလို မဟုတ်ဘူး၊ အလုပ်ကိစ္စ သက်သက်"

"အလုပ်ကိစ္စဆို ကျွန်မ့ပြန်လာတဲ့အထိ ရှင် စောင့်နေမှာပေါ့"

"မင်းနဲ့ကို မျက်နှာချင်းမဆိုင်ချင်လို့ ... သိပြီလား"

ပြောပြီးမှ သူ့စကား သိပ်များသွားပြီမှန်း သိလိုက်သည်။

သို့သော် မတတ်နိုင်တော့ ... လွန်သွားခဲ့ပြီ။

နှုတ်ကျွံတော့ နှုတ်မရတော့ပြီ။

"သိတယ် ... သိပါတယ် ... ကျွန်မက ရုပ်သိပ်ဆိုးတာကိုး၊ ရှင် ဟော့ဒီ ရုပ်ဆိုးလှတဲ့မျက်နှာကို မျက်နှာချင်းဆိုင်ဖို့ သည်းမခံနိုင်တော့ဘူး မဟုတ်လား ...၊



www.burmeseclassic.com

www.burmeseclassic.com



ဒါပေါ့လေ၊ ရုပ်လုလုကလေးတွေကလည်း အနားမှာ ရှိနေပြီကိုး၊ ရှင် ကျွန်မကို ပစ်ချင်နေပြီပေါ့ . . . ဟုတ်တယ် မဟုတ်လား . . .၊

ရှင် ကျွန်မကို စိတ်ပျက်နေတာ ကြာပါပြီ . . . ကျွန်မ ရိပ်မိပါတယ်၊ ရှင့်စိတ်တွေ တခြားကိုရောက်နေတာလည်း ကျွန်မ သိပါတယ်''

ဇေယျ သက်ပြင်း ရှိုက်မိပြန်သည်။

မဟုတ်တမ်းတရားတွေ စွပ်စွဲတာကိုတော့ သူသည်းမခံနိုင်။

''မင်း ငါ့သိက္ခာကို မစော်ကားနဲ့၊ မင်းစွပ်စွဲနေသလို မဟုတ်ဘူး။ ကနေ့အထိ ငါ မင်းအပေါ် မြူတစ်မှုန်စာလောက် တောင် သစ္စာမဖောက်ခဲ့မိဘူး . . . သိရဲ့လား''

''မယုံဘူး . . . ရှင့်စိတ်တွေ ဖောက်ပြန်နေတာ ကျွန်မ သိတယ်၊ ရှင် အခု မနောကံနဲ့ ဖောက်ပြန်နေပြီ၊ မကြာခင်မှာ ဝစီကံနဲ့ ကာယကံပါ ထပ်ကျူးလွန်တော့မှာ သိတယ်၊ ကျွန်မ အားလုံးသိတယ်''

သူ ဆက်သည်းမခံနိုင်တော့။

နံရံကို ဝုန်းခနဲ ထိုးချလိုက်မိတော့သည်။

''မင်း တော်တော့ ဒေဝီနောင်။ ငါ သည်းမခံနိုင်တော့ဘူး''





မင်းစော်ကားတာ သိပ်တရားလွန်နေပြီ၊ ငါ မင်းထင် သလို မဟုတ်ပါဘူးလို့ ဘယ်နှခါ ထပ်ပြောရမလဲ၊ အေး . . . မယုံ ရင် ခုချက်ချင်း ကွာရှင်းလိုက်၊ ခုချက်ချင်း ငါ အဝတ်တစ်ထည် ကိုယ်တစ်ခုနဲ့ ဆင်းသွားလိုက်မယ်၊ စည်းစိမ်တွေ ဘယ်လောက် ရှိရှိ စိတ်ချမ်းသာမှုမရှိတဲ့ဘဝဟာ အလကားပဲ၊ မင်း ငါ့အပေါ် မယုံရင် ခုချက်ချင်း ကွာရှင်းပေး''

သူ ဒေါသတကြီး အော်ဟစ်ပေါက်ကွဲနေမိသည်။

အသံတွေ တုန်ယင်အက်ကွဲလို့ နေသည်။

ဒေဝီနောင်း တိတ်ဆိတ်ငြိမ်သက်၍ နေသည်။

သူ့ကိုမော့ကြည့်တော့ မျက်ရည်တွေ တတွေတွေ စီးပြို ကျနေတာ တွေ့လိုက်ရသည်။

''အဲဒီစကား မပြောပါနဲ့ မောင်ရယ်၊ လမ်းခွဲဖို့ စကား မပြောပါနဲ့၊ ဒေဝီ မောင့်ကို အရမ်းချစ်လို့ပါ . . . ဒေဝီ့ကို နား လည်ပေးပါ''

အေးစက်သော လက်အစုံက သူ့လက်ကို တင်းကျပ်စွာ ဖျစ်ညှစ်ဆုပ်ကိုင်လာ၏။

သူ ရှုန်းထွက်လိုက်သည်။

အချစ်ဆိုတာ နှောင်ဖွဲ့တတ်ပေမယ့် ထွက်ပေါက်ပိတ် ထားတဲ့အရာ မဟုတ်ဘူးကွ . . . ဟု သူ အော်ဟစ်ပြောလိုက်ချင် သည်။



www.burmeseclassic.com

www.burmeseclassic.com



တကယ်လည်း အချစ်ဆိုတာကို ခုချိန်မှာ သူ သံသယ ရှိလာပြီ ဖြစ်သည်။

ကိုယ့်ချစ်သူကို ထွက်ပေါက်မဲ့အောင် လှောင်ချိုင့်ထဲ ထည့်ပြီး အလုကြည့်ခံစားတတ်တာ အချစ်လား၊ အတ္တလား။

သဝန်တိုခြင်းကရော အချစ်လား။

အချစ်ကြောင့် သဝန်တိုတတ်ကြပေမယ့် သိပ်လွန်ကဲလာရင်တော့ အဲဒီ သဝန်တိုခြင်းကပဲ အချစ်ကို အဆိပ်အတောက် ပြန်ဖြစ်စေနိုင်သည်ဆိုတာ မသိကြဘူးလား။

ခုချိန်မှာတော့ ...

အဲဒီအချစ်ဆိုသည့် သတ္တဝါကို သူ အရမ်း စိတ်ပျက်နေမိပြီဖြစ်သည်။

သူတို့ရဲ့အိမ်ထောင်ရေးမှာ ပျော်ရွှင်မှုတို့ ဆိတ်သုဉ်းကာ တစ်စထက်တစ်စ အေးစက်လာခဲ့သည်။

သို့သော် ...

ထိုသို့သောအိမ်ထောင်ရေးကို ပြန်လည်ထိန်းသိမ်းရန်





ကြိုးစားခဲ့သူမှာ ဒေဝီနှောင်းပဲ ဖြစ်သည်။

အကောင်းဆုံးသော ထိန်းသိမ်းခြင်းနည်းလမ်းအဖြစ် ဒေဝီနှောင်းက ကလေးယူရန် ကြိုးစားခဲ့လေသည်။

ဒေဝီနှောင်း သူ့ရင်သွေးကို လွယ်ထားရသည့်အချိန်က စပြီး သူ ဒေဝီ့အပေါ် အရင်လို ပြန်လည်နွေးထွေးနိုင်ရန် ကြိုးစားခဲ့ပါသည်။

မိခင်လောင်းဆိုသည့် မေတ္တာတရား၏ အရိပ်အငွေ့ကြောင့် ဒေဝီရဲ့ အကျည်းတန်မျက်နှာကလေးသည်ပင် သူ့မျက်လုံးထဲ လှလာသယောင် ထင်မိတော့သည်။

ဒီလိုနှင့်ပဲ ...

ဒေဝီတစ်ယောက် ဖေယျလို အသားဖြူဝင်း နဖပ်ကာ ချောမွေ့ကြည်စင်လှသည့် သမီးကလေးတစ်ယောက်ကို ပြည့်စုံစွာ မွေးဖွားခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

သမီးကလေးကို လက်ပေါ်မှ မချရက်လောက်အောင် သူတို့နှစ်ယောက်လုံး သည်းသည်းလှုပ် ချစ်မြတ်နိုးမိကြပါသည်။

သို့သော် ...

ချစ်တာချင်း အတူတူပင် သမီးကလေးအပေါ် ချစ်ကြပုံခြင်းမှာ သူနှင့်ဒေဝီ မတူကြ။

သူကတော့ အတတ်နိုင်ဆုံး သမီးကလေး လိုအင်ဆန္ဒကို ဖြည့်ဆည်းပေးကာ အလိုလိုက်သောချစ်ခြင်းဖြင့် ချစ်ပြီး

ဒေဝီကတော့ သမီးကလေးကို ကစားစရာအရုပ်များ ပတ်ပတ် လည်ဝယ်ပေးကာ စားစရာမုန့်များ ရေခဲသေတ္တာထဲ အလျှံပယ် ထည့်ပေးထားခြင်းဖြင့် လိုလေသေးမရှိ ပြည့်စုံအောင် ထားသော်လည်း ...





သမီးကလေးမှာ ရွယ်တူအဖော်များနှင့် မကစားရ။

ကစားရင်းနှင့် ထိခိုက်ဒဏ်ရာရမှာ စိုးရိမ်ခြင်းကြောင့် ဖြစ်သည်တဲ့။

သူစိမ်းတရံစာများ ပွေ့ဖက်ချီလျှင် မကြိုက်။

သူမထက် တခြားသူများကို ပိုပြီး ခင်တွယ်သွားမှာကို စိုးရိမ်သည်တဲ့။

စိုးရိမ်ကြောင့်ကြမှုများစွာဖြင့် အတ္တလွှမ်းကဲလွန်းသော အချစ်ကို ခံစားခဲ့ရသော သမီးကလေးမှာ ... သိတတ်စအရွယ် မှာပင် တစ်စထက်တစ်စ အမေဖြစ်သူကို မချစ်တော့ဘဲ စိမ်းသက်သွားခဲ့လေတော့သည်။

ဒေဝီရဲ့ အတ္တတွေအားလုံးဟာ သူမရဲ့ ရုပ်ဆိုးအကျည်းတန်မှုကြောင့် အားငယ်သည့် စိတ်အစွဲမှ မြစ်ဖျားခံခဲ့သည်ဆိုတာ သူ နားလည်ခဲ့ပေမယ့် နှလုံးသားနှင့်အသိဉာဏ် နုနယ်လှသော သမီးကလေးကတော့ သိတတ်ရှာမည် မဟုတ်။

"မေမေ ...သမီး အပြင်မှာ သွားဆော့ချင်တယ်၊



www.burmeseclassic.com

www.burmeseclassic.com



ကလေးတွေ အများကြီးပဲ''

သမီးကလေးက ပြတင်းပေါက်သံပန်းအပြင်ကို ငေးနေရင်းမှ အမေဆီက ခွင့်ပြုချက်တောင်းခံသည်။

''အို . . . မဆော့ရပါဘူး။ တွန်းတိုက်မိရင် ချော်လဲနေဦးမယ်''

''ချော်လဲလည်း ရတယ်မေမေ . . . သမီး မငိုပါဘူး။ သွားဆော့မယ် နော် . . . မေမေ နော်''

''မဆော့ရဘူးလို့ ပြောထားတယ် မဟုတ်လား၊ မေမေက သမီးဒဏ်ရာရမှာစိုးလို့, နာမှာစိုးလို့ ချစ်လို့ပြောတဲ့ဟာနားထောင်မှပေါ့၊ အိမ်မှာ ကစားစရာတွေ အများကြီးရှိတာပဲဟာ၊ လာ . . . မေမေနဲ့အတူတူ ဆော့မယ်၊ စီးဆောစီးမလား, ဒန်းစီးမလား, လျှောစီးမလား, ဂိမ်းကစားမလား''

''ဟင့်အင်း . . . သမီး မေမေနဲ့ မဆော့ချင်ဘူး၊ သူတို့တွေနဲ့ပဲ ဆော့ချင်တယ်''

သမီးကလေးကလည်း တစ်ဖွတ်ထိုး။

ခေါင်းမာစွာ ပူဆာသည်။

''ဟင့်အင်း . . . မေမေ တစ်ခွန်းတည်း ပြောမယ်နော် . . . သမီး အပြင်ထွက်မဆော့ရဘူး . . . ဒါပဲ၊ အိမ်မှာ ကစားစရာအစုံရှိတယ်၊ စားချင်ရင်လည်း မုန့်တွေအများကြီး ရှိတယ်၊ မေမေ့ကို ထပ်မပြောနဲ့၊ နောက်တစ်ခွန်းထပ်ပြောရင် မေမေ





တုတ်နဲ့ရိုက်တော့မယ်''

တည်တည်ကြီးကြည့်ပြီး ခြောက်တော့ နှုတ်ခမ်း အကျဉ်းတန်လှသည့် မျက်နှာမှာ ပိုပြီးကြောက်စရာကောင်းနေတော့သည်မို့ သမီးလေး ထပ်မပူဆာရဲတော့။

သူကတော့ သမီးလေး ဘာကိုကြောက်ရှာသည်ဆိုတာ သိပါသည်။

သမီးလေးမှာ တုတ်ကို ကြောက်သည်မဟုတ်။

ရုပ်ဆိုးလှသော သူ့အမေကို ကြောက်နေသည်သာ ဖြစ်သည်။

သူကတော့ ပြတင်းပေါက်သံပန်းတွေကို ကိုင်ကာ မျက်ရည်ကလေးများ ရစ်ဝဲစိုလဲ့ပြီး လမ်းပေါ်မှာ လွတ်လပ်စွာ ပြေးလွှားဆော့ကစားနေသည့် ကလေးငယ်များကို ငေးကြည့်နေသော သမီးကလေးရဲ့ မျက်ဝန်းကလေးများကို နားလည်စွာ စာနာစွာ သနားခြင်းကြီးစွာ ဖြစ်ခဲ့ရသည်။

ဒီလိုနှင့်ပဲ . . .



www.burmeseclassic.com

www.burmeseclassic.com



သမီးလေး ငါးနှစ်အရွယ် ရောက်ခဲ့ရပြီ။

သူတို့ရဲ့အိမ်ထောင်ရေးကလည်း အေးစက် ခြောက်ကပ်လျက်။ သမီးကလေးကတော့ သနားစရာ မြေစာပင်ကလေး။

သူကတော့ သမီးလေးကို ခြောက်သွေ့လှသော သူ့ဘဝအတွက် အိုအေစစ်ကလေး၊ ချစ်မြတ်နိုးဖွယ်ရာအတိဖြစ်သော အိုအေစစ်ကလေး ... လို့သာ တင်စားချင်ပါသည်။

သမီးလေးကလည်း သူ့ကိုသာ ခင်တွယ်လျက် အမေကိုတော့ စိမ်းလှသည်။

ရွံ့ကြောက်ကြီးဖြစ်ကာ အမေ့ရှေ့ရောက်သည်နှင့် စကားမပြောတတ်သော အရုပ်တစ်ရုပ်လို ကျောက်ဆစ်ရုပ်ကလေးလို သမီးလေးခမျာ တောင့်တောင့်ကြီး ဖြစ်သွားတတ်စမြဲ။

သမီးလေးခမျာ အရွယ်နှင့်မမျှအောင် အမေဖြစ်သူရဲ့ ချုပ်ချယ်ခံရမှုကြောင့် စိတ္တဇဝေဒနာ စွဲကပ်မှာတောင် သူ ကြောက်ရွံ့ပူပန်ခဲ့ရသည်။

အတတ်နိုင်ဆုံး သူကပဲ သမီးလေးကို အချိန်ပေးကာ အဖော်လုပ်လာခဲ့ရသည်။

လောင်းရိပ်မိသော ပန်းကလေးလို သမီးလေး ညှိုးငယ်မှာ သူ စိုးရိမ်ပူသည်။

သမီးလေး ငါးနှစ်ပြည့်သည့်နေ့မှာ သူတို့မိသားစုအတွက် လျှောင်ငယ်တစ်ခု လှုပ်ခဲ့ရသည်။





အိမ်ထဲမှ အိမ်ပြင်မထွက်ရပေမယ့် ရှုးစမ်းလေ့လာမှုမှာ အရွယ်နှင့်မမျှအောင် ထက်မြက်သည့် သမီးကလေးက ...

"မေမေ ... သမီးအသက် ငါးနှစ်ပြည့်ပြီ"

"ဟုတ်တယ် ... မေမေ့သမီးကလေး ငါးနှစ်ပြည့်ပြီ"

အဲဒါကြောင့် မေမေက ဟောဒီလည်တုံကလေး လက်ဆောင်ပေးတာပေါ့၊ ကြည့်စမ်းသမီး ... လှတယ်မဟုတ်လား"

ဒေဝီပြသော တဖျပ်ဖျပ်လက်နေသည့် စိန်လည်တုံကလေးကို သမီးကလေးက စိတ်မဝင်စား။

"သမီး ... ဖေဖေ့ဆီက တစ်ခုတောင်းမလို့"

ဆန်းကြယ်၍နေသော သမီးလေးရဲ့ မျက်နှာအရိပ်အကဲကြောင့် ဒေဝီ အံ့ဩသွားရသည်။

"ဘာလဲ သမီး ... ဘာတောင်းမှာလဲ"

ဒေဝီ အမောတကော မေးမိသည်။

ပြီးတော့ လက်ထဲက စိန်လည်တုံလေးကို သမီးရှေ့ ပြန်ဆွဲပြကာ ...

"ဒီမှာလေ ... မေမေ မွေးနေ့လက်ဆောင်ပေးပြီးပြီလေ"

"ဟင့်အင်း ... သမီး ဒီဟာ မလိုချင်ဘူး"

ဒေဝီ့မျက်နှာ အကြီးအကျယ် ပျက်ယွင်းသွားရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"သမီးက ဘာလိုချင်လို့လဲဟင် ... ဘာလိုချင်လို့လဲ"

မေးပုံက စိုးရိမ်တကြီး။

သမီးကလေးက ဒေဝီ့မျက်နှာကို အသနားခံသလို မော့ကြည့်ကာ တစ်လုံးချင်း တိုးတိုးကလေး ပြောသည်။

"သမီး ကျောင်းတက်ချင်တယ် မေမေ"

တိုးညင်းသော သမီးကလေးရဲ့ တောင်းဆိုသံက ဒေဝီ့နားထဲမှာတော့ ဝုန်းခနဲ ဆူသံမြည်ဟည်းသွားရသည်။

ကျောင်းတက်ချင်တယ် ဆိုပါလား ... သမီးလေးက။

ငါးနှစ်မှာ ကျောင်းတက်ရတယ်ဆိုတာ သမီးက ဘယ်လိုသိနေရတာလဲ။

"ကိုဇေယျ"

ဒေဝီ စူးခနဲ အော်လိုက်မိသည်။

"ရှင် သမီးကို ဘာတွေမြှောက်ပေးထားတာလဲ"

ဒေဝီ သူ့ကို မဲလေပြီ။

သူ့ကိုမဲတာ ကိစ္စမရှိ။ သမီးလေး ဆန္ဒပြည့်ဝဖို့သာ အရေးကြီးသည်။

"သမီးကို မင်းလျှော့မတွက်နဲ့နော် ဒေဝီ"

ဒေဝီနှောင်း သူ့ကို စိန်းစိန်းကြီး ကြည့်သည်။

"သမီးတောင်းဆိုတဲ့ကိစ္စက ဘာများခက်ခဲလို့လဲ၊ အသက်ငါးနှစ်ပြည့်လို့ ကျောင်းတက်ချင်တာ ဘာများ ထူးဆန်း





နေလို့လဲ ... မင်း မဖြည့်ဆည်းနိုင်တဲ့အရာမှ မဟုတ်တာ"

"ဟင့်အင်း ... မဖြစ်နိုင်ဘူး၊ ဘယ်နည်းနဲ့မှ မဖြစ်ရဘူး၊ ကျောင်းမတက်ရဘူးနော် သမီး"

သွေးရူးသွေးတန်း ငြင်းဆန်နေပုံက စိတ်ရောဂါသည်တစ်ယောက်လို ...။ သူ သက်ပြင်းရှိုက်မိလျက် ...

"ဘာဖြစ်လို့လဲ"

ဟု လေသံပျော့နှင့် မေးလိုက်မိသည်။

"ရှင် မသိဘူးလား ... သမီးလေးဟာ ကျွန်မတို့ရဲ့ မျက်ကွယ်ရာမှာ ထိခိုက်ဒဏ်ရာရရတော့ ဘယ့်နှယ့်လုပ်မလဲ၊ အိမ်မှာက ခြင်ကိုက်ဖုလေးတစ်ဖုတောင် မရှိစေရဘူး၊ အပြင်ထွက်ရင် နေဒဏ်၊လေဒဏ်နဲ့ သမီးလေးအသားဖွေ ကြမ်းတမ်းပျက်စီးကုန်မှာပေါ့"

"ဒေဝီရယ် ... ဒါ သဘာဝတရားပဲ၊ ဘယ်သူက ရှောင်လွှဲလို့ ရမှာလဲ"

"အို ... အဲဒီသဘာဝတရားကို ဒေဝီနှောင်းက ရှောင်လွှဲတယ်ရှင်၊ ဆန့်ကျင်တယ်ရှင် ... ဘာဖြစ်ချင်လဲ ... ကဲ"

မျက်စိစုံမှိတ်ကာ ခေါင်းမာငြင်းဆန်နေသော ဒေဝီနှောင်းကို သူ စိတ်ပျက်လက်ပျက် ကြည့်နေမိသည်။

"မင်းအယူအဆတွေဟာ လုံးဝ အဓိပ္ပာယ်မရှိဘူး ဒေဝီနှောင်း၊ မင်းရဲ့အကြောင်းပြချက်တွေက မခိုင်လုံဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ ... ကျွန်မက ရှင့်ကို ခိုင်လုံတဲ့အကြောင်းပြချက် ပေးရမှာလား ... ဟုတ်လား"

အက်ကွဲနေသောလေသံဖြင့် ပြန်မေးပုံက တုန်လှုပ်စရာကောင်းလှသည်။

ဒေဝီနှောင်းက သူတို့သားအဖနှစ်ယောက်လုံးကို စူးရဲစွာ စိန်းစိန်းကြီး စိုက်ကြည့်သည်။

"ကျောင်းတက်ရင် အပြင်လောကနဲ့ ထိတွေ့ခွင့်ရပြီး ဟောဒီက အမေရုပ်ဆိုးမကြီးကို မချစ်တော့မှာစိုးလို့၊ သမီးရဲ့ အမေဟာ ရုပ်ဆိုးမကြီးဆိုတာ လူလယ်ကောင် ထုတ်ပြဖို့ ရှက်နေမှာစိုးလို့ ... သိပြီးလား ဟင်"

ပေါက်ကွဲစွာပြောဆိုပြီး ဒေဝီနှောင်း မျက်နှာကို လက်ဝါးနှင့်အုပ်ကာ ရှိုက်ကြီးတငင်ငိုကြွေးပြီး သူတို့သားအဖရှေ့မှ ထွက်ပြေးသွားသည်။

သမီးလေးကတော့ မအေဖြစ်သူရဲ့ နောက်ကျောကို မျက်လုံးဝိုင်းကလေးများနှင့် ငေးရီကြည့်ပြီး ကျန်ရစ်သည်။

သူ သမီးလေးရဲ့ခေါင်းကို ရင်ခွင်ထဲ ထည့်သွင်းကာ ပျော့အိစင်းနေသည့် ဆံပင်လေးတွေကို ဖွဖွကလေး သပ်တင်ပေးနေသည်။





ကျောင်းတက်ခွင့် မရပေမယ့် သမီးလေးကို ဒေဝီနှောင်းက ဆရာတွေ အိမ်ခေါ်ကာ စာသင်စေလေသည်။

သမီးလေးခမျာ ပျော်ရွှင်ရှာမှာ မဟုတ်ပေမယ့် ကြိုးစား၍ စာသင်ရှာသည်။

ရသေ့စိတ်ဖြေကလေး နေတတ်ရှာသော သမီးကလေးကို ကြည့်ပြီး သူ ရင်ထဲနင့်နေအောင် သနားနေမိပါသည်။

သို့သော် ...

သမီးလေးမှာ တစ်စထက်တစ်စ အမေဖြစ်သူကို စိမ်းသက်လာကာ ချစ်ခင်တွယ်တာခြင်းလည်း မရှိတော့ဘဲ ကြောက်ရွံ့ စိတ်ပျက်လာတော့တာကို သူ နားလည်သိရှိနေခဲ့ပါသည်။

တစ်နေ့

ထိုတစ်နေ့ကို သူ တစ်သက်စာ မမေ့နိုင်။

ခြောက်သွေ့အေးခဲ၍နေသော သူတို့မိသားစုဘဝထဲတွင် မုန်တိုင်းထန်စေခဲ့သောနေ့ ...

သွေးပျက်ချောက်ချားဖွယ် တုန်လှုပ်ပေါက်ကွဲစေခဲ့သောနေ့။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့ ...

ဒေဝီ အလုပ်ကိစ္စဖြင့် အပြင်သွားခိုက် သမီးလေးက သူ့အနားကပ်ကာ ရင်ဖွင့်ရှာလေတော့သည်။

"ဖေဖေ ... မေမေက သိပ်ကြောက်စရာကောင်းတာပဲ၊ ရုပ်လည်း ဆိုးတယ်၊ သဘောလည်း ဆိုးတယ်၊ သမီးကို အပြင်လည်း ပေးမထွက်ဘူး၊ ကျောင်းလည်းမတက်နိုင်းဘူး၊ သမီး ပူဆာရင်လည်း စိတ်ဆိုးပြန်ရော၊ မေမေစိတ်ဆိုးရင် ရုပ်ကြီးက ပိုဆိုးသွားတယ်၊ အရမ်း ကြောက်စရာကောင်းတယ်နော် ဖေဖေ၊ ဘီလူးမကြီးနဲ့ တူတယ်နော်"

အရွယ်နှင့်မလိုက်အောင် ခံစားရရှာသော သမီးလေးရဲ့ ရင်ဖွင့်စကားကို နားထောင်ရတော့ သူ့ရင်ထဲ မချိ။

"ဟုတ်တယ် ... သမီးမေမေက ဘီလူးမကြီးလိုပဲ၊ သမီး မေမေလိုပဲ ဘီလူးမကြီးတစ်ယောက် ဟိုးရှေးရှေးတုန်းက ရှိခဲ့ဖူးတယ်"

သမီးလေးအပေါ် သနားစိတ် ...၊

သူကိုယ်တိုင် ခံစားခဲ့ရသည်များကို အောင့်သက်ခံပြင်းစိတ်နှင့် သမီးလေး အမေဖြစ်သူကို အထင်မလွဲအောင် မဆုံးမ





မိဘဲ သူကိုယ်တိုင်ကပါ သမီးလေးကို သံယောင်လိုက်ပြောခဲ့မိချေသည်။

ဒါဟာ ပြင်မရတဲ့အမှားဆိုတာလည်း သူ ကြိုတင်မသိနိုင်ခဲ့။

"ဖေဖေ ပြောပြ"

သမီးလေးပူဆာတော့ ပြောသင့်,မပြောသင့် သူ မစဉ်းစားမိတော့ပြီ။

"ပြောပြမယ် နားထောင်နော် သမီး"

သမီးလေးဟာ သူ့မျက်နှာကို့ စိတ်ဝင်တစား မော့ကြည့်သည်။

သူ သမီးလေးရဲ့ ဆံပင်ပျော့တွေကို ကရုဏာသက်စွာ သပ်တင်ပေးနေမိရင်း ဘီလူးမပုံပြင်ကို စိတ်ပါလက်ပါ ပြောပြနေမိတော့သည်။

"ဟိုးရှေးရှေးတုန်းက အရမ်းကိုရုပ်ဆိုးပြီး သိပ်ကြောက်စရာကောင်းတဲ့ ဘီလူးမကြီး တစ်ယောက်ရှိတယ်၊ တစ်နေ့မှာ အရမ်းကို ချောမောလှပတဲ့ လူသားယောကျ်ားပျို တစ်ယောက်ကို တွေ့သွားတော့ သူက လိုချင်သွားတယ်၊ အဲဒီတော့ သူကလည်း ချောမောလှပတဲ့ လူသားမိန်းမပျိုလေးအဖြစ် သူ့ကိုယ်သူ ဖန်ဆင်းလိုက်တယ်"

"အဲဒီတော့ ဟို လူသားယောကျ်ားပျိုက ကြိုက်သွား



www.burmeseclassic.com

www.burmeseclassic.com



ရောလားဟင်''

''အင်း ...ကြိုက်မိသွားတာပေါ့ သမီးရယ်၊ အဲဒါနဲ့ သူတို့ ပေါင်းသင်းကြတာပေါ့၊ အဲဒီယောကျ်ားပျိုကလည်း ဘီလူးမကြီးကို လူသားထင်ပြီ ချစ်ချစ်ခင်ခင်နဲ့ ပေါင်းသင်းတာပေါ့၊ ဒီလိုနဲ့ သူတို့နှစ်ယောက် သားတော်လေးတစ်ပါး ဖွားမြင်ခဲ့တယ်''

''အဲဒီသားတော်လေးကရော ဘီလူးလား၊ လူလားဟင် ဖေဖေ''

''လူသားပါပဲ သမီးရယ်၊ သိပ်ကို ချောမောတဲ့ လူသား ကလေးပါပဲ၊ အဲဒီလိုနဲ့ တစ်နေ့မှာ''

သူပြောရင်းက ခဏနားပြီး တံတွေးတစ်ချက် မျိုချတော့ သမီးလေးက သူ့မျက်နှာကို စိတ်ဝင်တစား ကြည့်နေတယ်၊

''တစ်နေ့မှာတော့ ဘီလူးမကြီး လူယောင်မဖန်ဆင်း ရခင် မူလ ဘီလူးရုပ်ကြီးကို သူတို့သားအဖ မြင်လိုက်ရတယ်''

''အံမယ်လေး ... သူတို့ သိပ်ကြောက်သွားမှာပေါ့နော်၊ ဖေဖေ''

''ကြောက်တာပေါ့ သမီးရယ်၊ ကြောက်လွန်းလို့ သူတို့ သားအဖ ထွက်ပြေးကြတာပေါ့''

သမီးလေးရဲ့မျက်နှာပေါ်မှာ ဝမ်းသာပျော်ရွှင်သွားသော အရိပ်အယောင်ကလေးများ တဖျပ်ဖျပ် ထောက်ပလာသည်။

''ဟယ် ... သူတို့ လွတ်သွားကြတာပေါ့နော် ဖေဖေ''





သူ စိတ်မကောင်းစွာ ခေါင်းယမ်းပြလိုက်မိသည်။

''မလွတ်ပါဘူး သမီးလေးရယ်၊ ဘီလူးမကြီးက လိုက် ဖမ်းတော့ သူတို့ ပြန်မိတာပေါ့''

''ပြန်မိတော့ သူတို့ကို ရိုက်ရောလားဟင် ဖေဖေ''

''ရိုက်မှာပေါ့ သမီးရယ်၊ ပြီးတော့ သူတို့သားအဖ နှစ် ယောက် နောက်ထပ်ထွက်မပြေးနိုင်အောင် ကျောက်ဂူထဲကို ထည့်ပြီး အပေါက်ဝကို ကျောက်တုံးတွေနဲ့ ပိတ်ဆို့ထားရော''

''သူတို့ အသက်ရှူကျပ်ပြီး မသေဘူးလားဟင် ဖေဖေ''

သမီးလေးက သူ့ပုံပြင်ထဲ မျောပါလာပြီမို့ စိတ်ဝင်တစား ဖြတ် ဖြတ်မေးလေသည်။

သူပြုံးပြီး ခေါင်းခါပြကာ ...

''မသေပါဘူး သမီးရယ်၊ သူတို့က လူသားတွေပဲ ... ဉာဏ်ရှိတာပေါ့၊ ဘီလူးမကြီးက ဘယ်လိုပဲ ကျောက်တုံးနဲ့ ပိတ် ပိတ် ... သူတို့ ရအောင်ထွက်ပြေးကြတာပဲ၊ သုံးကြိမ်သုံးခါတိတိ ထွက်ပြေးလိုက်၊ ဘီလူးမကြီးက လိုက်ဖမ်းတော့ ပြန်မိလိုက်နဲ့ နောက်ဆုံး အခေါက်မှာတော့ ...''

''ဘာ ... ဘာဖြစ်လဲဟင် ဖေဖေ ... ဘာဖြစ်လဲ''

''နောက်ဆုံးအခေါက်မှာတော့ သိပ်ကို ခွန်အားကြီးပြီး ဉာဏ်ကောင်းတဲ့ သူ့သားက လူ့စည်း၊ ဘီလူးစည်း တားလိုက် တော့ ဘီလူးမကြီးက စည်းကျော်ပြီး မလိုက်နိုင်တော့ဘူးလေ၊



www.burmeseclassic.com

www.burmeseclassic.com



အဲဒီမှာ ဘီလူးမကြီးလည်း ရင်ကွဲနာကျပြီ သေရော"

"လူသား သားအဖက်တော့ လွတ်သွားတာပေါ့နော် ဖေဖေ"

"အင်း ... လွတ်သွားတာပေါ့ သမီးရယ်"

သမီးလေးက ဝမ်းသာအားရ လက်ခုပ်လက်ဝါး ထ, တီးသည်။

"ပျော်လိုက်တာ ပျော်လိုက်တာ"

လို့ ထအော်သည်။

သမီးလေးလို မပျော်နိုင်သော သူကတော့ သမီးလေး ရင်ထဲက မွန်းကျပ်လှောင်ပိတ်နေသည့် ခံစားချက်တွေကို စာနာနားလည်ကာ ဆို့နင့်နေမိသည်။

ကံဆိုးရှာတဲ့ သမီးလေးရယ် ...

အစွဲအလမ်းကြီးလှတဲ့ အမေ၊

ပျော့ညံ့လှတဲ့ အဖေကို ရွေးချယ်ခွင့်မရှိဘဲ သွေးသားတော်စပ်ရတဲ့အတွက် သမီးလေး ကံဆိုးရှာတယ်လို့ သူ တွေးမိဆဲ။

"ဘာတွေ ပြောနေကြတာလဲဟင်"

ရုတ်တရက် ကျောဘက်ဆီက မိုးခြိမ်းသလို ထွက်ပေါ်လာသော အသံကြောင့် သားအဖနှစ်ယောက်လုံး လန့်သွားမိကြသည်။





"ပြောလေ ... ငါ့ကွယ်ရာမှာ ငါ့မကောင်းကြောင်းတွေ ပြောနေကြတာ မဟုတ်လား"

ရုပ်ဆိုးလှသော မျက်နှာကြီးမှာ ဒေါသကြောင့် ရဲရဲနီလျက် ပိုပြီးကြောက်မက်ဖွယ် ဖြစ်နေရသည်။

သမီးလေးမှာ မအေဖြစ်သူကို မော့ကြည့်လျက် တဆတ်ဆတ် တုန်ယင်လာကာ ...

"ကြောက်တယ် ဖေဖေ၊ ဘီလူးမကြီး ကြောက်တယ်၊ မေမေက ဘီလူးမကြီး၊ အား ... မေမေ့ကိုကြောက်တယ်၊ မေမေ့ကို ကြောက်တယ်"

အော်ဟစ်ငိုယိုရင်းက ကြောက်အားလန့်အားနှင့် သူ့ပေါ်အတင်း ကုတ်ဖက်ပြေးတက်သော သမီးလေးကို သူ့မှာ ဘယ်လိုနှစ်သိမ့်ပေးရမှန်း မသိတော့ဘဲ သမီးလေးအကြောက်ပြေအောင် တင်းတင်းကျပ်ကျပ်သာ ဖက်ထားမိသည်။

"ဘာ ... ငါ့ကို ဘီလူးမကြီး ... ဟုတ်လား၊ ဟင် ကိုဇေယျ ... ရှင့်အကြံပက်စက်လှချေလား၊ ရှင် ... ဒါ ကျွန်မနဲ့ သမီးကို သွေးခွဲတာပေါ့လေ ... ဟုတ်လား"

ဒေဝီမှာ ကိုယ့်ကို ဘီလူးသဘက်လို ကြောက်ရွံ့ငိုယိုနေသည့် သမီးဖြစ်ပုံကြောင့် ယောကျ်ားဖြစ်သူကိုသာ မဲ၍ အော်ဟစ်ပေါက်ကွဲနေမိသည်။

"မင်း ... ငါ့ကိုမစွပ်စွဲနဲ့ ဒေဝီနှောင်း၊ မင်းရဲ့ အတ္တကြီး



www.burmeseclassic.com

www.burmeseclassic.com



လွှမ်းတဲ့ လုပ်ရပ်တွေကြောင့် သမီးလေး မင်းအပေါ် ဒီလို မြင်ရတာ''

သူ စိတ်ကိုလျှော့ကာ ဒေဝီ့ကိုနားလည်အောင် သတိပေးရန် ကြိုးစားသော်လည်း မအောင်မြင်ပါ။

''မဟုတ်ဘူး မဟုတ်ဘူး ... ရှင် သွေးခွဲလို့ ရှင့်ကြောင့် သမီးက ကျွန်မအပေါ် စိမ်းကားနေတာ၊ ရှင့်ကြောင့် သမီးက ကျွန်မအပေါ် ကြောက်နေတာ .. အဲဒါ ရှင့်ကြောင့် ရှင့်ကြောင့်''

ဒေဝီနှောင်းရဲ့ ရုပ်ဆိုးလှသောမျက်နှာပေါ်မှာ မျက်ရည်တွေက အဆက်မပြတ် စီးပြိုလျက်။

ဖယောင်းကို ပေါက်ပေါက်ထိုးနေသော လက်ညှိုးမှာလည်း တဆတ်ဆတ် တုန်ယင်လို့နေသည်။

''သမီးသာ မဟုတ်ဘူး ... ငါကိုယ်တိုင်လည်း မင်းကို ကြောက်နေမိတဲ့သူပဲ ဒေဝီနှောင်း၊ ငါတို့သားအဖက မင်းရဲ့ အကျဉ်းသားတွေလို ကိုယ့်ကိုယ်ကိုယ် ခံစားခဲ့ရတာ ကြာပြီ''

''ဘာ ... အကျဉ်းသား ... ဟုတ်လား၊ အံမယ်လေး ... ပြောရက်လိုက်ကြတာနော်၊ သားအဖနှစ်ယောက်ပေါင်းပြီး ပြောရက်လိုက်ကြတာ၊ သမီးဖြစ်တဲ့သူက ဘီလူးမကြီးတဲ့၊ ယောက်ျားကလည်း အကျဉ်းသားတဲ့''

ဒေဝီနှောင်း နံရံကို ခေါင်းနှင့်အကြိမ်ကြိမ် ပြေးတိုက်ကာ ပေါက်ကွဲနေမိတော့သည်။





ရင်တစ်ခုလုံး လှိုက်ဟာ နာကျင်၍နေသည်။

ပြောရက်လိုက်ကြတာ။

ကိုယ့်မှာတော့ ထားရစ်စရာမရှိအောင် ချစ်မြတ်နိုးလိုက်ရတာ။

ကိုယ့်ရင်ထဲက ချစ်ခြင်းတရားကို သူတို့က မြူတစ်မှုန်စာလောက်တောင် အရေးမစိုက်ကြ။

အမှိုက်သရိုက်လို တန်ဖိုးမထားကြ။

ဟောဒီ ရုပ်ဆိုးမက ကိုယ်နဲ့မထိုက်တန်တဲ့ သူတို့ သားအဖနှစ်ယောက်ရဲ့ ဖူးထွင့်နုညက်နေတဲ့ ရုပ်ကလေးတွေကြောင့်

ကိုယ့်ကို စွန့်ခွာထားရစ်ခဲ့မှာ ကြောက်မိတဲ့ စိတ္တဇကြောင့် အစိုးရိမ်လွန်ကဲမိတာကိုလည်း ငဲ့ညှာ နားလည်ပေးဖော် မရကြ။

နောက်ဆုံးကျတော့ သူတို့ နတ်သူပြည်သား ရုပ်ရည်ပိုင်ရှင် သားအဖက ကိုယ် ... ရုပ်ဆိုးမကြီးကို ဘီလူးမလို့ပဲ မြင်ယောင်ကာ သူစိမ်းဆန် သွေးကွဲကြပြီပေါ့။

ဟောဒီ ရုပ်ဆိုးမရဲ့ရင်တစ်ခုလုံး ကြေကွဲစိတ်၊ သိမ်ငယ်စိတ်တွေနှင့် သွေးရူးသွေးတန်း နာကျင်နင့်သီးလှတာ ဘယ်သူဖေးကူစာနာနိုင်မှာလဲ။

တကယ်တော့ ကံဆိုးသူက ဟောဒီက အကျည်းတန်မပါ။



www.burmeseclassic.com

www.burmeseclassic.com



ထို မုန်တိုင်းထန်ပြီးတဲ့နေ့ကစပြီး ဒေဝီနှောင်းရဲ့ စိတ္တဇမှာ ပိုပြီး ပြင်းထန်လာကာ အပြင်ကိုပင် မထွက်ရဲတော့အောင် ဖေဖေတို့ သားအဖနှစ်ယောက်ကို မျက်စိဒေါက်ထောက် ဂရုစိုက် စောင့်ကြပ်နေမိတော့သည်။

သမီးကိုတော့ အိမ်မှာ စာလာသင်နေကျ ဆရာများကိုပင် မလာစေတော့သည်အထိ အပြင်လောကနှင့် လုံးဝ အဆက်အသွယ် ဖြတ်လိုက်တော့သည်။

ည ညတွေဆို သမီးကိုခေါ်ပြီး ယောကျ်ားဖြစ်သူ အဝေးထွက်ပြေးသွားမှာစိုးသည်မို့ မျက်စိကျယ်အောင် ကော်ဖီတွေသောက်၊ လက်ဖက်သုပ်တွေစားနှင့် နေ့စဉ်ရက်ဆက် ကြာရှည်လာတော့ ဒေဝီနှောင်းတစ်ယောက် မခံနိုင်တော့။

တစ်နေ့ခင်းမှာ သတိလက်လွတ်နှင့် မှေးခနဲ အိပ်ပျော်သွားမိချိန် ...

နိုးလာသည့်အခါမှာ ...

အသက်တမျှ ချစ်ရလွန်းသော သမီးကလေးလည်း မရှိတော့။

အသည်းနှင့်နေအောင် ချစ်ရလွန်းသော ယောကျ်ားဖြစ်





သူလည်း မရှိတော့။

ထားရစ်ခဲ့ကြပြီ ...။

ထားရစ်ခဲ့ကြပြီ ...။

ရင်တစ်ခုလုံး ကြေကွဲစိတ်ဖြင့် ခါးသီးနာကျင်ရသည်မှာ ကမ္ဘာမြေ ပျက်သုဉ်းသွားသည့်နှယ်။

ကောင်းကင်တစ်ခွင်လုံး ပိန်းပိတ်အောင် မိုက်မှောင်၊ မိုးသက်လေပြင်းတွေ နေရာအနှံ့မှ ဝိုင်းဝန်းတိုက်ခိုက်၊ ကြေကွဲခြင်း၊ စိတ္တဇနာက နှလုံးသားကို ရက်ရက်စက်စက် ကိုက်ခဲခဲ့ပြီ။

နောက်ဆုံးမှာ ...

ဟောဒီ အကျည်းတန်မ၊ အထီးကျန်လှတဲ့ ကံဆိုးမိုးမှောင်ကျဘဝကြီးထဲမှာ တစ်ယောက်တည်း ... တစ်ယောက်တည်း။

တစ်ယောက်တည်းဆိုမှ တကယ့်ကို တစ်ကောင်ကြွက် တစ်ယောက်တည်း သွေးရူးသွေးတန်း ကျန်ရစ်ခဲ့ရပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



ချမ်းသာခြင်း အစစ်အမှန်ဆိုသည်ကို သူတို့သားအဖ ခုမှ ခံစားရတော့တာ ဖြစ်သည်။

ဟီးထဖိတ်လက်နေသော တိုက်ကြီးပေါ်မှနေ တဲသာ သာ အိမ်ကလေးထဲမှာ နေရပေမယ့် သားအဖနှစ်ယောက်သား လွတ်လပ်မှုဖြင့် ပျော်ရွှင်နေမိသည်။

ဆီဦးထောပတ်များ၊ နိုင်ငံခြားဖြစ် ချောကလက်များနှင့် ဝေးခဲ့ရပေမယ့် ပဲပုတ်ကြော်နှင့် ခေါပုတ်ကင်နှင့် သူတို့ စားမြိန် သည်ချည်း။

"ပျော်ရဲ့လားဟင် သမီးလေး"

ဟု သူမေးမိတော့။

သမီးလေးက သူ့လည်ပင်းကို ယီးလေးခိုစီးရင်းက ...

"ပျော်တယ် ပျော်တယ် ... အရမ်းပျော်တယ်"

လို့ သီချင်းလုပ်ဆိုနေခဲ့သည်။

အရင်က ကော့ညွတ်နေသော ထမင်းနှင့် ပုစွန်တုပ် ဆီပြန်လိုဟင်းမျိုးကို အကြိမ်ကြိမ်အခါခါ ချော့မော့ခါမှ တစ်လုတ်စ နှစ်လုတ်စ စိတ်မပါလက်မပါ စားတတ်သော သမီးသည်

ခုတော့ တောင်ပေါ်ဆန်ကြမ်းနှင့် အသားမပါ မုန်ညင်း ဟင်းချိုနှင့် ပဲပုတ်ကြော်သာပါသော ထမင်းဝိုင်းကို ခေါင်းမဖော် စတမ်း စားတတ်သည်။

"သနားလိုက်တာ သမီးလေးရယ်၊ ဖေကြီးနဲ့နေရတာ





သမီးလေး ဆင်းရဲရှာတယ်"

သမီးလေးရဲ့ ဆံပင်ပျော့လေးများကို သပ်တင်ပေးရင်း က သူ ညည်းမိတော့ ...

"ဟင့်အင်း ဟင့်အင်း ... မဆင်းရဲဘူးနော် ဖေကြီး၊ သမီး မဆင်းရဲဘူး၊ သမီးကို ဖေကြီးဆီ ပြန်မပို့ပါနဲ့နော်၊ သမီး ဖေကြီးနဲ့ပဲ နေမယ်နော် ... ဖေကြီး ... နော် နော်"

သမီးလေး ပြောနေပုံမှာ ကြောက်လန့်တကြား၊ ကြောက်လွန်းလှသည်မို့ မျက်ဝန်းကလေးများပင် လည်နေရှာသည်။ သူ မကြည့်ရက်သလို သမီးလေးကို ရင်ခွင်ထဲ အတင်းဆွဲသွင်းလိုက် ကာ ...

"မပို့ပါဘူး သမီးရယ်၊ ဖေကြီး ပြန်မပို့ပါဘူး၊ ဖေကြီး အသက်ရှင်နေသရွေ့ သူ ဘယ်တော့မှ သမီးကို ပြန်ခေါ်လို့ မရစေရဘူး၊ သူ ရှာလို့မတွေ့အောင် ဖေကြီးက ပုန်းနိုင်ပါတယ် ... စိတ်ချနော် သမီး"

တကယ်လည်း ကတိစကား တည်ခဲ့သည့်ဖေဖေ ဖြစ်ပါ သည်။

ပွဲရုံလုပ်ငန်းကိုသာ နေရိပ်ထဲမှာ လုပ်ကိုင်ခဲ့သော ဖေဖေ က ခုတော့ ...

ပေါက်တူးတစ်လက်နှင့် စိုက်ခင်းထဲမှာ နေပူမရှောင်၊ မိုးရွာမရှောင် ပင်ပန်းလှသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဖေကြီး ... အရမ်းပင်ပန်းတာပဲနော်"

လို့ အသားမာတက်ကာနေသော လက်ဖဝါးကြမ်းကြမ်းများကို ဆုပ်ကိုင်ရင်း စိတ်မကောင်းဖြစ်မိလျှင်တော့ ...

"မပင်ပန်းပါဘူး သမီးရယ် ... ဖေကြီး ပျော်တယ်ကွ၊ ဒီဘဝလေးကို ဖေကြီး အရမ်းကျေနပ်တယ်၊ အရမ်းလည်း စိတ်ချမ်းသာတယ်၊ ခုမှ ဖေကြီးနဲ့သမီးတို့ဘဝက လငပုပ်ဖမ်းတာက လွတ်လာတာ"

မှန်လိုက်ပါသည့်စကား။

ဘယ်လောက် ဆင်းရဲပါစေ၊

ဘယ်မျှ ပင်ပန်းပါစေ၊

သားအဖနှစ်ယောက် ဒီဘဝကို အကျေနပ်ကြီး ကျေနပ်ကာ စိမ်းလန်းကြီးထွားလာသော မုန်ညင်းပင်များ၊ ပန်းဂေါ်ဖီပွင့်ကြီးများ၊ ရွှေဖရုံသီးကြီးများကိုကြည့်ကာ ပျော်ရွှင်မဆုံးခဲ့။

ဘာပဲဖြစ်ဖြစ် ...

ဖေဖေ့ရဲ့စိုက်ခင်းက သမီးတစ်ယောက်ကိုတော့ ပညာရေး ဆုံးခန်းတိုင်စေခဲ့ပါသည်။

လူတစ်လုံး သူတစ်လုံး ဖြစ်စေခဲ့ပါသည်။

သမီးလေး ပညာရေးဘက်တွင်လည်း ပြည့်စုံ၊ ရုပ်ရည်မှာလည်း အလှပဆုံးဖြစ်သည့်အရွယ်ကျမှ ဖေဖေ့ခမျာ စိတ်လျှော့လိုက်ပြီထင့်။





"ဖေကြီးကို သမီး တစ်လှည့်ပြန်လုပ်ကျွေးမယ်နော်"

ဆိုသည့်စကားကို မတုံ့ပြန်နိုင်ခဲ့ပြီ။

သမီးတစ်သက် ကာယလုပ်အားဖြင့် ရှာဖွေကျွေးမွေးခဲ့သောဖေဖေ ... ခြေကုန်လက်ပန်းကျလေပြီ။

နောက်ဆုံးအချိန်ရောက်မှ ဖေဖေက သမီးလက်ကို တင်းတင်းဆုပ်ကိုင်ကာ တိုးညင်းနွမ်းလျလျသောလေသံဖြင့် ပြောရှာသည်မှာ ...

"ဖေကြီးမရှိတော့ရင် မေမေနဲ့ပဲ ပြန်နေနော်သမီး"... တဲ့။

မေမေဆိုသည့်အသံ ကြားသည်နှင့် ... သမီး အသားကလေးများ တဆတ်ဆတ်တုန်ကာ မျက်လုံးများ ဝိုင်းစက်သွားခဲ့ရသည်။

"သမီးလေး သိပ်ငယ်ပါသေးတယ် ... အရွယ်မရောက်သေးဘူး၊ မိန်းကလေးဆိုတာ မိဘအုပ်ထိန်းမှုအောက်မှာရှိမှ ဘဝလုံခြုံတာ"

ဟင့်အင်း ... ဖေကြီး မသေရဘူး၊ ဘာလို့ သေရမှာလဲ ... လို့ အကြောက်အကန် ငြင်းဆန်ချင်သော်လည်း အသံတို့က လည်ချောင်းကို ဆန့်မထွက်နိုင်ပြီ။

လည်ချောင်းထဲမှ ထစ်အ,ဆို့နင့်၍နေသည်က ဝမ်းနည်းကြေကွဲမှုများ ...။



www.burmeseclassic.com

www.burmeseclassic.com



"တကယ်တော့ သမီးရဲ့မေမေက သမီးကို သိပ်ချစ်ရှာတာပါ"

သိပ်ချစ်ရှာတာပါ ...တဲ့။

နောက်ဆုံးထွက်သက်အထိ ဖေဖေ တဖွဖွပြောသွားခဲ့သောစကားတစ်ခွန်း။

မေမေနှင့်အတူ ပြန်နေစေချင်၍ တိုက်တွန်းသောစကားဟု သူမ သဘောပေါက်ခဲ့ပါသည်။

ထို့နောက် ...

ကံအပြောင်းအလဲက ဆန်းကြယ်လှချည့်။

ဖေဖေကွယ်လွန်ပြီး သိပ်မကြာခင်မှာပင် ဦးအာကာမောင်ဆိုသော ရှေ့နေကြီးတစ်ယောက် သူမဆီ ရောက်လာခဲ့တော့သည်။

"သမီးတို့ ဒီမှာရှိမှန်း ဘဘသိတာ ကြာပါပြီ၊ သမီးဖေဖေက မမာတော့ စိတ်မချမ်းသာမှာစိုးလို့ ဘဘမလာခဲ့တာ"

မေမေလွှတ်လိုက်သည့်ရှေ့နေကြီးမှန်း သိသည်နှင့် သူမ ရိပ်မိလိုက်ပါသည်။

"မေမေက လိုက်ရှာခိုင်းလိုက်တာပေါ့နော်"

"သမီးက သိနှင့်နေတယ်ပေါ့လေ ... အကြားအမြင်ရထားသလား"

ဘဘရှေ့နေကြီးက အပြုံးနှင့် ခပ်ရွှန်းရွှန်းပြောသော်





လည်း မျက်နှာမှာမသာယာလှ။

"သမီး ပြန်လိုက်ခဲ့မှာပါ"

"သေချာတယ်နော် ...သမီး"

ဘဘရှေ့နေကြီးက မယုံသလို ပြန်မေးသည်။

လုံးဝထင်မှတ်မထားသလို အတော်ကလေး အံ့သြသွားပုံရသည်။

"ဖေဖေက မှာခဲ့တယ် ...မေမေနဲ့အတူ ပြန်နေပါတဲ့"

"ဪ"

သမီး အသံကလေးတုန်ကာ ကြေကွဲမျက်ရည်တို့ တပေါက်ပေါက် လိမ့်ဆင်းရပြန်သည်။

ဖေဖေ့နောက်ဆုံးစကားကို သမီးနားထောင်ရမှာပေါ့။

ဘဘရှေ့နေကြီးက သမီးကိုစိုက်ကြည့်ကာ သက်ပြင်းရှိုက်သည်။

"သမီးမေမေလည်း ကျန်းမာရေးမကောင်းဘူး"

မျက်ရည်တွေ မခြောက်သေးသောမျက်နှာကလေးနှင့်ပင် ဘဘရှေ့နေကြီးကို မော့ကြည့်မိပါ၏။

"ဘဘတို့ မြန်မြန်သွားမှ၊ သမီးမေမေက အိပ်ရာထဲလဲနေပြီ"

"ရှင်"

အာမေဋိတ်သံနှင့်အတူ ရင်ထဲမှာ တဝုန်းဝုန်း ဆောင့်



www.burmeseclassic.com

www.burmeseclassic.com



ခုန်သွားရသည်။

"နာရေးရှိလို့ ဘာဘ မပြောဘဲ စောင့်နေတာ"

ရိုင်ထဲမှာ သောကဖြင့် ပူပြင်းခါးသက်၍နေမိသည်။

သောကသည် လောလောလတ်လတ် ပူနွေးဆဲ။

နောက်ထပ် သောကအသစ်တစ်ခုရောက်လာပြန်ချေပြီ။

"သမီးကို စောင့်နေရှာတယ်"

မေမေ ...

ရင်ထဲမှခေါ်သံက နှလုံးသားတစ်ခုလုံးကို တွန်ကန်ရုန်းထွက်လျက် ထွက်သွားရသည်။

ဘယ်လောက် ဆိုးဝါးရက်စက်လိုက်တဲ့ ကံကြမ္မာလဲဆိုတာ ...။

ဆယ့်ငါးနှစ်တိတိခွဲခဲ့ရသော မေမေ့ကို ပြန်တွေ့ရချိန်မှာ မေမေက မီးစာကုန်ဆီခန်း အိပ်ရာထဲလဲပြီး နောက်ဆုံး ထွက်သက်ကို စောင့်နေရသည့်အချိန်။





ညှိုးဖျော့လျက်က သမီးဖောနှင့် အားတင်းထားရှာသော မေမေ။

အနှစ်နှစ်အလလက စုဆောင်းသိမ်းဆည်းထားခဲ့သော စကားလုံးများကို မမောနိုင်အောင် ရင်ဘတ်ထဲမှ ဖွင့်လှစ်ခြွေချခဲ့သည်။

မေမေ ဘာကိုနောက်ဆံတင်းရှာသည်လဲ။

တစ်ယောက်တည်း ဘဝခရီးကို ဖြတ်သန်းရမည့် သမီးရဲ့ရှေ့ရေးကို ရတက်မအေးနိုင်စွာ။

"သမီးလည်း အသက်နှစ်ဆယ်ရှိပြီ၊ ပညာရေးလည်း အတန်အသင့် တတ်ပြီ၊ မေမေ ရှာဖွေပေးခဲ့တဲ့စည်းစိမ်တွေလည်း ရှိတယ် ...၊

ဒါပေမဲ့ သမီးဘဝမှာ သမီးကို နှလုံးသားအစစ်နဲ့ ချစ်ပြီး လက်တွဲဖေးမပေးနိုင်မယ့်သူတော့ လိုတယ် ...၊ အဲဒီလူဟာ ဦးဆောင်နိုင်မယ့်သူဖြစ်တာထက် အဓိကက အစစအရာရာ သမီးကို နားလည်နိုင်မယ့်သူ ဖြစ်ဖို့ပဲ"

မေမေ့မျက်လုံးတွေ ညှိုးရော်နွမ်းလျလို့နေတာကို သူမ နားလည်လို့နေခဲ့ပါသည်။

မေမေ့နှလုံးသားက အကျည်းတန်ကြေကွဲခဲ့ရသည် မဟုတ်ပါလား။

"သမီးဘဝရှေ့ရေးအတွက် မေမေ ... ရှေ့နေကြီးကို



www.burmeseclassic.com

www.burmeseclassic.com



အသိပေးပြီး အားလုံး အစီအစဉ်ဆွဲထားတယ်''

သူမ မျက်လုံးပြူးသွားတော့ မေမေ ပြုံးသည်။

''မစိုးရိမ်ပါနဲ့ သမီးရယ် ... သမီးအတွက် အကောင်းဆုံးရွေးချယ်ခွင့်ရအောင် မေမေ စီစဉ်ပေးခဲ့မှာပါ''

ကုမ္ပဏီကြီးတစ်ခုလုံးကို ဦးဆောင်နိုင်သော မေမေက သမီးအတွက် ချမှတ်ပေးခဲ့သည့် အစီအစဉ်မှာလည်း အကွက်စေ့လှသည်။

''ကဲ ... မျက်သားကိုယ်တိုင်က အရွေးချယ်ခံဘဝမှာပဲ ရှိခဲ့တယ်ဆိုတာ လက်ရှိ ယုံပြီလား''

''ဆောရီးပါ အရိပ်ရယ် ... ခင်ဗျားကလည်း သူငယ်ချင်းအတွက် နာတတ်လိုက်တာ၊ အန်တီဒေဝီနှင့်ဘဘက တိုင်ပင်ပြီး စီစဉ်ခဲ့တာဆိုရင်တော့လည်း ကျွန်တော် ဘာမှမဝေဖန်တော့ပါဘူး''

''ဟင်း ... ခုမှ''

အရိပ် ... လက်ရှိကို မျက်စောင်းရှယ်လိုက်သည်။





''လူကြီးတွေက ကျွန်တော့်တို့လူငယ်တွေထက် သာတာတစ်ခုရှိတယ်''

''ဘာလဲဟင်''

''အတွေ့အကြုံပေါ့ ... သူတို့ဖြတ်သန်းခဲ့တဲ့ အတွေ့အကြုံပေါ့''

အရိပ်က ခေါင်းတဆတ်ဆတ်ညိတ်ကာ သူ့စကားကို ထောက်ခံလိုက်ပါသည်။

''လောလောဆယ်တော့ မျက်သားလည်း အခက်ရှေ့နေရတယ်''

''ဘာကိုလဲ''

''ငါတော့ အရမ်းစိတ်ညစ်နေပြီ''

''ဘယ်သူ့ကိုရွေးရမှန်း မသိတော့လို့ ထင်ပါရဲ့''

''အေးကွာ ... လေးယောက်စလုံးက အရည်အချင်းချင်း တူညီနေကြတယ်''

''တစ်ခုခုသာတာ ရွေးဖို့ကျတော့လည်း အားလုံးက



www.burmeseclassic.com

www.burmeseclassic.com



အရာတိုင်းမှာ တော့ပ်ချည်းပဲလေ၊ အနုပညာဆိုလည်း ဂစ်တာ၊ စန္ဒရား၊ တယော ... အကုန်ရတယ်"

"ဒါတင်ပဲလား"

"ဘယ်ကမလဲ ... ကိုယ်ခံပညာဆိုလည်း အကုန်တတ်တာချည်းပဲ၊ ကရာတေးဆို ခါးပတ်နက်အဆင့်ချည်းပဲ"

"ဒီလိုလုပ်ပါလား"

"ပေးစမ်းပါဦး ... အကြံဉာဏ်များရှိရင်"

"ရင်ခုန်ခြင်းနဲ့ တန်ဖိုးဖြတ်လိုက်လေ"

"အဟား ... အဲဒါကိုတော့ လေးယောက်လုံး မစွမ်းနိုင်ကြဘူး ဆရာ"

"တစ်ခုခုတော့ လွဲချော်နေပြီထင်တယ်"

"လုပ်စမ်းပါဦး ... မင်းက ဘယ်လိုထင်လဲ"

"အရွေးမခံတဲ့ အပြင်လူတစ်ယောက်ယောက်က မင်းနှလုံးသားထဲ ရောက်နှင့်ပြီ"

အရိုက်တည့်တည့် ခွင်းသောစကား။

နင့်သွားရသည်။

ဘာမှပြန်မပြောနိုင်။

"မတတ်နိုင်ဘူး ... ဆ ... ကံကြမ္မာရဲ့ အလိုတော်အရပေါ့"

"ကဲ ... အဲဒါဆိုလည်း ဖြစ်သင့်ဖြစ်ထိုက်တာကိုပဲ





စဉ်းစားရအောင်၊ ဟိုလေးယောက်ထဲက တစ်ယောက်ကိုပဲ ရွေးချယ်ဖို့ ဆုံးဖြတ်ရအောင်"

"ဘယ်လိုရွေးရမှာလဲ ... ထုတ်စမ်းပါဦး လက်ကျန်လေး၊ ကိုယ်တော့ သိပ်စိတ်ပျက်နေပြီ"

"နေဦး ... ကိုယ်ကြားဖူးတဲ့ စကားတစ်ခွန်းရှိတယ်"

"အင်း ... ဆိုစမ်းပါဦး"

"စိတ်ထားအမှန်ကို သိလိုလျှင် ခရီးအတူထွက်ကြည့်ပါတဲ့"

"ဒါဆို"

"အတူတူ ခရီးသွားကြမယ်လေ"

"ဗဲရီးရွတ် အိုက်ဒီယာ"

"နေဦး"

"ရွှေ့ကို မရွှေ့ရသေးတာ"

"တို့ချည်းပဲဆိုလို့လည်း မဖြစ်ဘူးလေ"

"ကုမ္ပဏီက လူရင်းတစ်ယောက် ခေါ်ချင်သေးတယ်ပေါ့"

"လိုအပ်တဲ့အကူအညီရှိရင်"

"အားကိုးစရာရှိရင်လို့ တိုက်ရိုက်ပြော"

"ဘယ်သူ့ ခေါ်ချင်လဲ"

"ဘယ်သူ့ခေါ်ရင် ကောင်းမလဲ"



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်သား တိုင်ပင်ထားသလို ခဏငြိမ်သက်သွားမိကြပြီး ...

နောက် ... လက်ညှိုးကိုယ်စီထောင်လျက် ပြောလိုက်မိကြသော နာမည်တစ်ခုမှာ တစ်ပြိုင်တည်း ကျသွားခဲ့သည်။

“လက်ရုံး”

## အခန်း (၁၃)

အခု မှန်တော့ ဒီခရီးထွက်ဖို့ကို သူ လုံးဝစိတ်မပါပါ။

သို့သော် ...

ကိုယ့်ကုမ္ပဏီရဲ့ဘော့စ်နှင့် စက္ကထရီနှစ်ယောက်တည်း အပြင်လူ သူစိမ်းယောက်ျားလေး လေးယောက်နှင့် ခရီးအတူထွက်ဖို့ကို သူ စိတ်မချနိုင်တာကြောင့်သာ လိုက်လာခဲ့မိခြင်းဖြစ်သည်။

ပြီးတော့ ဘော့စ်ရဲ့ကြင်ဖော်ရွေးချယ်ခြင်းကိစ္စကိုလည်း အရိပ်ရှင်းပြတာကြောင့် ခုချိန်မှာ သူ အမြင်ရှင်းသွားခဲ့ရပြီ ဖြစ်သည်။

လိုအပ်ရင်ကူညီဖို့ရာ သူ အဆင်သင့်ဖြစ်နေခဲ့သည်မို့ လိုက်လာခဲ့ရခြင်းပင်။

သူတို့ခုနစ်ယောက်သား မြိတ်ကျွန်းစုဆီသို့ ကားဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ခရီးထွက်လာခဲ့ကြသည်။

သာယာလှပသောရှုခင်းများထဲ သူတို့ ပျော်ပါသွားနိုက်...

ရုတ်တရက် ကားရှေ့တွင် လက်နက်ကိုင်လူတစ်စု ပေါ်လာခဲ့ပြီး ...

"ခင်ဗျားတို့ ဘာလိုချင်လို့လဲ"

လက်ရုံးက ရှေ့ထွက်ကာ မေးလိုက်သည်။

သူတို့တွေလက်ထဲမှာ လက်နက်ကိုယ်စီနှင့်မို့ အရိပ်ရင်ထဲ ထိတ်သွားရသည်။

ခါးပတ်နက်ပိုင်ရှင်လေးယောက်ကတော့ တုတ်တုတ်မျှ မလှုပ်။

"ရွှေရောကုမ္ပဏီရဲ့ဥက္ကဋ္ဌ ဒေါ်မြက်သားပြာကို ကျွန်တော်တို့ ထိန်းသိမ်းထားချင်လို့ပါ ...ရက်ပိုင်းပေါ့"

"ရှင်"

မျက်သားက အလန့်တကြားဖြင့် အရိပ်နား တိုးကပ်





သည်။

လူဆိုးတွေမှာ ရုပ်ရှင်ထဲက လူကြမ်းတွေလို စတိုင်ကျကျဖြင့် ပဲထုတ်မထားသော်လည်း တကယ်လက်ယဉ်မည့်ပုံ ရပါသည်။

အပြောအဆို ပြေပြစ်လှသော လူတစ်ယောက်မှာ ...ခေါင်းဆောင်ဖြစ်ဟန် တူပါသည်။

"ဘာရည်ရွယ်ချက်နဲ့ပါလိမ့်"

လက်ရုံးက ခေါင်းဆောင်ဖြစ်သူကို ရင်ဆိုင်လိုက်ကာ ထပ်မေးလိုက်သည်။

"အင်တာနက်ပေါ်က ဒေါ်မျက်သားပြာရဲ့ ဘဝကြင်ဖော်ရွေးချယ်တဲ့သတင်းကို ကျွန်တော် သိလိုက်ရတယ်လေ"

"အဲဒီတော့"

"ဟုတ်ကဲ့ ...ဒေါ်မျက်သားပြာက ခန့်မှန်းလို့ မရနိုင်လောက်အောင် ချမ်းသာမယ်လို့ ထင်ပါတယ်"

ထိုလူ့အပြောမှာ အေးဆေးပေါ့ပါးလှသော်လည်း မျက်သားကတော့ မျက်လုံးများပြူးကျယ်ဝိုင်းစက်နေမိသည်။

အရိပ်ရဲ့လက်ဖျားကို တင်းတင်းဆုပ်ထားမိသော မျက်သားလက်ချောင်းကလေးများမှာ တဆတ်ဆတ်တုန်ယင်နေပါသည်။

"ဒါဆို ခင်ဗျားတို့ရဲ့ရည်ရွယ်ချက်က ဒေါ်မျက်သားပြာ



www.burmeseclassic.com

www.burmeseclassic.com



ကို ပြန်ပေးဆွဲချင်လို့ပေါ့''

''ဟုတ်ကဲ့ . . . ဒေါ်မျက်သားပြာကို ကျွန်တော်တို့ ဒီမှာ ခဏထိန်းသိမ်းထားပြီး ရန်ကုန်မှာကျန်ခဲ့တဲ့ ရှေ့နေကြီး ဦးအာကာမောင်မောင်ကို တိတ်တဆိတ် ဆက်သွယ်မှာပါ''

ပြန်ပေးဆွဲတာဆိုသော အစီအစဉ်ကို သိလိုက်ရလျှင် အားလုံးမျက်လုံးများပြူးသွားရသည်။

သူရိန်ခတို့လေးယောက်သား မျက်သားနားကို မသိမသာ တိုးကပ်လာကြသည်။

''ရှေ့နေကြီးဆီ ဆက်သွယ်မှုဖြစ်မယ်''

''ရဲကို မြန်မြန်အကြောင်းကြားရမှာပေါ့'

''တိတ်တဆိတ် ဆက်သွယ်မှုဖြစ်မှာ''

''လောလောဆယ်တော့ ကျွန်တော်တို့တစ်တွေ ဆွမ်းခံရင်း ငှက်သင့်ပြီ''

တစ်ယောက်တစ်ပေါက် ကြိတ်ကြိတ် ကြိတ်ကြိတ် ပြောနေကြသောစကားများကြောင့် အရိပ် စိတ်ရှုပ်လာရသည်။

''ရှင်တို့တွေ ပြန်ပါ၊ ကျွန်မနဲ့မျက်သား နှစ်ယောက်တည်းနေခဲ့မယ်''

အရိပ် နားကြားပြင်းကတ်ကာ ထပြောလိုက်သည်။

ပြဿနာတစ်ခုကို ဘယ်လိုဖြေရှင်းကြမလဲဆိုတာ မစဉ်းစားဘဲ တစ်ယောက်တစ်ပေါက် ပြောနေကြကာ အံ့ဩမိသည်။





''ခင်ဗျားတို့ ခုနစ်ယောက်လုံး ကျွန်တော်တို့ဆီမှာ ကောင်းကောင်းမွန်မွန်နေရမှာပါ၊ စိတ်ချပါ . . . ကျွန်တော်တို့ ရည်ရွယ်ချက်ပြည့်ဖို့က အဓိက . . . လူကို အန္တရာယ်မပေးပါဘူး''

ခေါင်းဆောင်ဖြစ်သူရဲ့စကားကြောင့် သူရိန်ခတို့ လေးယောက် မျက်နှာပျက်သွားကြသည်။

သူတို့လည်း ပြန်လမ်းမရှိတော့ပြီ မဟုတ်လား။

လက်ရုံးက သူတို့နား ပြန်လာကာ . . .

''ကဲ . . . အားလုံး စည်းစည်းလုံးလုံး နေကြတာပေါ့၊ ဖောက်ပြီးပြေးဖို့တော့ မစဉ်းစားနဲ့ . . . လွတ်မှာမဟုတ်ဘူး''

လက်ရုံးရဲ့ ခပ်တိုးတိုး သတိပေးစကားကြောင့် . . . လေးယောက်သား မျက်နှာပျက်သွားကြသည်။

''ကျွန်တော်ကတော့ အရင်ပြန်ချင်ပြီ၊ စီစဉ်စရာရှိတာ စီစဉ်ချင်တယ်''

''ဘယ်လိုသွားပြောမှာလဲ''

''တောင်းပန်မှာပေါ့''

''ရမလားဗျာ၊ နေရာသိသွားပြီဆိုမှတော့ တစ်ယောက်တည်း ကွက်ပြီး ပြန်လွှတ်မလား၊ သူတို့က ခင်ဗျားတို့ ထက် အများကြီးကျော်ပြီး စဉ်းစားထားပြီးသား . . . လျှော့မတွက်နဲ့''

လက်ရုံး အပြတ်ပြောချလိုက်တော့မှ လေးယောက်သား



www.burmeseclassic.com

www.burmeseclassic.com



ငြိမ်ကျသွားသည်။

ဒါတောင် ဘယ်သူပြောမှန်းမသိ ခပ်တိုးတိုးပြောသံ တစ်ခွန်း ကြားလိုက်ရသေးသည်။

"သူ့ရဲ့ကောင်းကြီး လုပ်ချင်နေတယ်"

လက်ရုံး ကြားလိုက်ရသော်လည်း ဂရုမစိုက်တော့။

ယောကျ်ားမှန်လျှင် နောက်ကွယ်မှာ မကြားတကြား မပြောရဲဘူး မဟုတ်လား။

ပြဿနာကတော့ ရှုပ်ထွေးသလောက် အန္တရာယ်လည်း ကြီးလှသည်ဟု တွေးမိကာ လက်ရုံး စိတ်တွေ လေးလံနေမိတော့သည်။

မျက်နှာသုတ်ပဝါများခြုံကာ ရင်ရှားလျက် အနားရောက်လာသော မျက်သားနှင့်အရိပ်ကိုမြင်လိုက်ရလျှင် လက်ရုံး ရဲရဲ မကြည့်ရဲဘဲ နေရခက်သွားမိသည်။

"ရေချိုးကြမလို့လား"

"ဟုတ်တယ် ... ချွေးတွေသံတွေနဲ့ အိုက်စပ်နေတာပဲ





မနေနိုင်တော့ဘူး"

"အင်း ... သွားချိုးပေါ့၊ ခပ်မြန်မြန်ချိုး ... ဒီနား လေးတင်ချိုး အဝေးကြီးမသွားနဲ့"

လက်ရုံးပြောမယ့်ပြောပေမယ့် လူကိုကြည့်ပြီး 'မပြောရဲ။

ခေါင်းကြီးငုံ့စိုက်ကာ ပြောနေမိတာတောင် နားရွက်ဖျားမှာ ရဲရဲနီနေမိသည်။

အမှန်တကယ်ပြောရလျှင် သူစိတ်မချ။

ရင်ရှားထားသော မိန်းကလေးနှစ်ယောက် ... အနားကထွက်သွားမှ သူ ဟင်းခနဲသက်ပြင်းချနိုင်တော့သည်။

သူရိန်ခတို့လေးယောက်သားရဲ့ မျက်လုံးတွေကတော့ မိန်းကလေးနှစ်ယောက်ရဲ့ လှပသော နောက်ကျော ကောက်ကြောင်းများဆီ ရစ်ဝဲလိုက်ပါသွားခဲ့သည်။

"မျက်သားက မျက်နှာပိုလှပေမယ့် ဟိုအကျည်းတန်မက ဘော်ဒီပိုမိုက်တယ်ကွနော်"

အရိပ်ကို အကျည်းတန်မ,လို့ နှိမ့်နှိမ့်ချချ သုံးစွဲလိုက်တာမို့ လက်ရုံး ထောင်းခနဲ ဒေါသထွက်သွားရသည်။

ဆတ်ခနဲ ရန်လိုစွာ လှည့်ကြည့်လိုက်မိပြီးမှ သက်ပြင်းချကာ ကိုယ့်စိတ်ကိုယ် ပြန်ထိန်းလိုက်ရသည်။

ဒီလောက်ကလေးနဲ့ ရန်မဖြစ်သင့်ဘူး မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



ဘာပဲဖြစ်ဖြစ် အားလုံး စည်းရုံးရမယ့်အချိန်လေ။

အရိပ်တို့ ရေချိုးထွက်သွားကြရာ ထင်ထားတာထက် ပိုကြာမြင့်လာလျှင် သူစိတ်ပူလာသည်။

သူ့နည်းတူ ဟိုလေးယောက်သားလည်း လှုပ်လှုပ်ရှားရှားဖြစ်လာကာ ...

"ကြာနေပြီ ... ဘာများဖြစ်သလဲ သွားကြည့်လိုက်ရင် ကောင်းမယ်"

ဘယ်အချိန်ကတည်းက သွားချင်နေမှန်းမသိ ... လက်ရုံးဆီက စကားစောင့်သလို လှမ်းကြည့်ကြသည်။

"သွားချင်သွားကြလေ ... ကျွန်တော်တော့ ဒီကပဲ စောင့်နေတော့မယ်"

သူ့ဆီက ခွင့်ပြုစကား ကြားသည်နှင့် လေးယောက်သား လေဏ်လျှင်မြန်ခြင်းမျိုးဖြင့် ထွက်သွားကြတော့သည်။

သူ ပခုံးတွန့်လိုက်မိသည်။

ကယ်တင်ရှင်ဖြစ်ချင်သူတွေ များလှချေလား။

သူရိန်ခတို့လေးယောက် ထွက်သွားကြပြီး မကြာခင်မှာ ဆူညံသောအော်သံဟစ်သံများ ကြားရလေတော့သည်။

"လက်ရုံး ... ရေ"

ဆိုသော အရိပ်ရဲ့ ကြောက်လန့်တကြားအော်သံ ကြားလိုက်ရလျှင် သူ နေရာမှ စိုးရိမ်တကြီး ထလိုက်မိတော့သည်။





သူရောက်သွားချိန်မှာ ခွေခွေလေးတွေ လဲနေပြီဖြစ်သော လေးယောက်ကို တွေ့လိုက်ရသည်။

ထို့နောက် ... လက်နက်ကိုင်သမားများ၊

မျက်နှာသုတ်ပဝါများကို တင်းတင်းဆုပ်ကိုင်ထားကြသည့် မိန်းကလေးနှစ်ယောက်၊

အခြေအနေကို သူ သဘောပေါက်လိုက်ပြီ။

"ခင်ဗျားတို့ပြောတော့ လူကို အန္တရာယ်မပေးဘူးဆို"

လက်နက်ကိုင်သမားတစ်ယောက်မှာ သူ့ကို အကဲခတ်သလို စူးစိုက်ကြည့်နေသည်။

"ခင်ဗျားတို့ လိုချင်တာ ပိုက်ဆံပဲ မဟုတ်လား။ လိုချင်တာရရင် ပြီးရောပေါ့ဗျာ ... လူကိုတော့"

"ခင်ဗျားထင်သလို မဟုတ်ဘူး။ ရေစီးသန်လို့ ရေနက်ပိုင်းထဲ မကူးဖို့ လာသတိပေးတာ၊ အဲဒါကို ခင်ဗျားလူတွေက အထင်လွဲပြီး လာပြဿနာရှာကြတာ"

သူ ဘာကိုယုံကြည်ရမှန်း မသိတော့။

စိတ်တွေ ရှုပ်ထွေးလာရတော့သည်။

"ဘာပဲဖြစ်ဖြစ် ... ခင်ဗျားတို့ ခေါင်းဆောင်ကိုယ်တိုင်က ကျွန်တော်တို့ကို ကောင်းကောင်းမွန်မွန်ထားပါ့မယ်လို့ ပြောထားတာ မမေ့နဲ့လေ၊ ပြီးတော့ ကျွန်တော်တို့မှာ ဘာလက်နက်မှလည်း ပါတာမဟုတ်ဘူး၊ ခင်ဗျားတို့ကို ခုခံနိုင်စွမ်းလည်း ရှိတာမှ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်တာ''

သူ့စကားဆုံးလျှင် လူဆိုးများမှာ ငြိမ်သက်သွားကြသည်။ သူ သူရိန်ခတို့ကို သွားထူပေးလိုက်သည်။

ခါးပတ်နက်တွေမှာ လက်ရဲဖက်ရဲသော အကြမ်းဖက်သမားများနှင့်တွေ့တော့ ကွေးသွားကြရတော့သည်။

''ခင်ဗျားတို့က ဒီလိုနေရာမှာ ဟီးရိုးလာလုပ်ရသလား။ ဒါ ရန်ကုန်မြို့လယ်ကောင်မှာ ခါးပိုက်နှိုက်ကို ပိုင်းနှာတဲ့ပွဲ မဟုတ်ဘူးဗျ။ အနေအထားကိုက ကိုယ်က အကျဉ်းသားဘဝ ... သူတို့ပိုင်နက်ထဲမှာနေရတာ''

''ဘုန်းလက်ရုံး ... ခင်ဗျား ဆရာကြီးလေသံတော့ တော်တော်ပစ်တတ်တယ်နော် ... ခုမှ ရောက်လာပြီးတော့''

''ကဲ ... တော်ကြတော့၊ အချင်းချင်းတွေ စကား အနိုင်လုမနေကြပါနဲ့''

မျက်သားပြာက စိတ်မရှည်တော့သလို ထအော်သည်။

သူ အရိပ်ရှိရာဘက် လှည့်ထွက်လာခဲ့ကာ စိုးရိမ်စိတ်ဖြင့် တိုးတိုးကလေး မေးလိုက်သည်။

''ဘာဖြစ်သွားသေးလဲ အရိပ်''

''ဘာမှတော့မဖြစ်ပါဘူး လက်ရုံးရယ်''

သူ ဟူးခနဲ လေပူတွေ မှုတ်ထုတ်လိုက်မိသည်။

''အဲဒီလူတွေ ဟန်ရေးပြတဲ့နေရာမှာတော့ သိပ်တော်





တယ် ... သိလား''

အရိပ်က ခင်ှုးတိုးပြောပြလျှင် သူ ပြုံး၍သာ နားထောင်နေမိသည်။

''တကယ်လည်း ဟိုကဆော်ရော ကိုယ်လွတ်ရုန်းပြီးထွက်ပြေးကြတာ ... ဘော်ဒါစိတ် လုံးဝမရှိကြဘူး။ ယောကျ်ားမဟုတ်သလိုဘဲ''

အရိပ် မကျေမနပ်နှင့် ပွစိစိပြောနေဆဲ။

သူကတော့ ရေစိုနေသောအရိပ်ကလေး၏ အလှတရားတွေကြောင့် ရင်တွေ ထိန်းမရအောင် တဒိုင်းဒိုင်းခုန်နေမိသည်။

ရေချိုးပြီးခါစမို့ ထင်ပါရဲ့ ...

ညိုပြာသော အသားအရေက အချို့နေရာလေးတွေမှာ အနည်းငယ်လျော့နည်းပြီး စိုဝင်းလာသယောင်။

သို့သော် အကြည့်ရှိင်းသည် အထင်ခံရမည်စိုးသဖြင့် သူ သေချာစွာမကြည့်ရဲ။

သူ့ဘဝတစ်သက်မှာ မိန်းကလေးတစ်ယောက်ရဲ့ ရေစိုအလှကို ပထမဆုံး ခံစားဖူးခြင်းဖြစ်ပါသည်။

ပြီးတော့ ...

ပထမဆုံး ရင်ခုန်ဖူးခြင်းလည်း ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



''အမယ်လေး ...မြွေကြီး''

သစ်ကိုင်းပေါ်မှ လျှောခနဲဆင်းလာသော မြွေကြီးကို တွေ့လိုက်ရလျှင် မျက်သားပြာ အလန့်တကြား ထအော်လိုက်မိသည်။

သူရိန်ခနှင့် သုတအောင်တို့နှစ်ယောက် မျက်သားပြာနား လွှားခနဲရောက်သွားကြကာ မျက်သားပြာကို ပွေ့ချီမတတ် လျင်မြန်စွာ ခေါ်လာခဲ့ကြသည်။

မင်းဆက်စံနှင့် ရှင်းရန်ဝေးတို့နှစ်ယောက်လည်း မျက်သားပြာနား ချက်ချင်းရောက်လာကြသည်။

''လန့်သွားလားဟင် မျက်သား''

''မကြောက်နဲ့နော် ပြာ ...အောင်ရှိတယ်''

မျက်သားနားမှာ လေးယောက်လုံး ဝိုင်းနေကြသည်။

အရိပ်မှာတော့ ပါးပျဉ်းထောင်ထားသော မြွေကြီးရှေ့မှာ ကြောင်လျက် မလှုပ်မယှက်နေမိသည်။

လက်ရုံးရောက်လာတော့ အသက်ပင်မရှူမိ။

ခြေသလုံးမှာပတ်ထားသော ဓားမြှောင်ကို ဆွဲဖြုတ်ကာ မြွေကို လျင်မြန်စွာ ပစ်ပေါက်လိုက်သည်။





ဝိုးခနဲအသံနှင့်အတူ ဓားမြှောင်မှာ မြွေပါးပျဉ်းတည့်တည့်။

အရိပ်ကတော့ ကြောင်အ,နေဆဲ။

''အရိပ်''

အရိပ်ပခုံးကို သူ ဖွဖွဆုပ်ကိုင်လိုက်စဉ် အရိပ်မှာ သူ့ဘက် ခွေခနဲ ယိုင်လဲပြိုကျလာသည်။

''ကြောက် ...ကြောက်လိုက်တာ လက်ရုံးရယ်''

အရိပ်လေသံမှာ ကြောက်စိတ်မပြယ်တတ်သေးသလို တိုးသက်လှသည်။

''မကြောက်နဲ့တော့ အရိပ် ...ဟိုကောင် ရောသွားပြီ''

''လက်ရုံးရယ် ... ရှင်သာ ရောက်မလာရင် အရိပ်တော့ သေပြီ''

''ခု အရိပ်နားမှာ ကိုယ်ရှိနေပြီပဲ၊ အရိပ် ဘာမှမဖြစ်နိုင်တော့ဘူးလေ ...ဟုတ်ပြီလား''

လက်ရုံး ...အရိပ်ရဲ့နူးညံ့အိထွေးသော ပခုံးသားလေးကို ဖျစ်ညှစ်ဆုပ်ကိုင်လျက် အားပေးလိုက်မိသည်။

သူရိန်ခတို့လေးယောက်ကတော့ ခုထိ မျက်သားနားမှ မခွာနိုင်ကြသေး။

လက်ရုံးသာရောက်မလာရင် သူရိန်ခတို့လေးယောက် ရှိသည့်တိုင် သူမ မြွေပေါက်ခံရပြီး သေခဲ့လျှင်တောင် သိကြမှာ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဟု အရိပ် နာကျင်စွာတွေးလိုက်မိသည်။

"ကျွန်တော်တို့ ဒီအတိုင်းနေလို့တော့ မဖြစ်တော့ဘူး ... ခုတောင် ရက်တွေသိပ်ကြာနေပြီ"

"ဘာလုပ်ကြမှာလဲ"

"ထွက်ပြေးမှာလား"

"ရှူး"

လက်ရုံးက တိုးတိုးနေရန် အချက်ပြလိုက်သည်။

"ကျွန်တော်တို့ လူညီမှဖြစ်မယ်"

"စိတ်ချစမ်းပါ"

"အစောင့်ငနဲလာရင် ကျွန်တော် စပြီးလှုပ်ရှားမယ် ... ခင်ဗျားတို့ အခြေအနေကြည့်ပြီး ဝင်ချပေတော့"

"အိုကေ"

သူ စိတ်ကို ငြိမ်သက်အောင်ထားကာ အစောင့်ငနဲ အလာကို စောင့်နေမိသည်။

အစောင့်ငနဲနှစ်ယောက်အနက် တစ်ယောက်မှာ မူးပြီး





ခပ်လှမ်းလှမ်းမှာ အိပ်ပျော်နေပြီ။

သူတို့တဲရှေ့ကို တစ်ယောက်က ငုတ်တုတ်ထိုင်ငိုက်ရန် ရောက်လာချေလျှင် ...

"ဟေ့လူ ... ကျုပ် အိမ်သာတက်ချင်လို့"

သူ ခပ်အုပ်လုပ် ပြောလိုက်သည်။

အစောင့်ငနဲမှာ သူ့ကို မျက်မှောင်ကြုတ်လျက် ကြည့်သည်။

"လုပ်ပါဗျာ ... ကျုပ် ဗိုက်အရမ်းနာနေလို့ပါ၊ ခင်ဗျား ကျေးဇူး မမေ့ပါဘူး၊ ကျုပ်တို့ဘော့စ် ပြန်လွတ်တဲ့အခါကျ ... ခင်ဗျားကို သတ်သတ်ကျေးဇူးဆပ်အောင် ပြောပေးမယ်"

"ဟေ့လူ ... ခင်ဗျားလာဘ်မထိုးနဲ့နော်၊ အပြင်ထွက် ချင်တိုင်း"

"ယောကျ်ားပါဗျ ... တစ်ခွန်းတည်းသော စကားကို သာ ဆိုတတ်သူပါ"

အစောင့်ငနဲ သော့ဖွင့်ပေးရန် ပြင်လေသည်။

"မြန်မြန်လုပ်နော် ... ကျုပ် အိပ်ချင်နေပြီ"

"စိတ်ချပါ"

အစောင့် သော့ဖွင့်ပေးသည်။

အပြင်ရောက်သည်နှင့် သူ လျှပ်တစ်ပြက် လှုပ်ရှားလိုက် သည်။



www.burmeseclassic.com

www.burmeseclassic.com



အစောင့်ငနဲရဲ့ဖက်ပိုးပေါ် သူလက်ဝါး ဖြောင်းခနဲရောက်သွားသည်နှင့် ...

ငနဲခမျာ အသံပင် မထွက်လိုက်နိုင် ... ခွေကျသွားသည်။

မှူးပြီးအိပ်နေသော ငနဲတစ်ကောင် ရှိသေးသည်။

သူ လုစ်ခနဲပြေးကပ်လျက် အချိန်အကြာကြီး အိပ်ပျော်အောင် ဖန်တီးပေးလိုက်သည်။

အစောင့်နှစ်ယောက်တော့ ငြိမ်သွားပြီ။

သူရိန်ခတို့လေးယောက် သူ့နောက်ကို တဖျပ်ဖျပ်ရောက်လာကြသည်။

"မိန်းကလေးနှစ်ယောက်ကို သွားခေါ်ရမယ်"

"ကျွန်တော် သွားလိုက်မယ်"

မင်းဆက်စံ အမောတကော ပြောသည်။

"အားလုံး အတူတူသွားကြမှာပေါ့"

သုတအောင် မင်းဆက်စံကို ဘုရိုတ်သည်။

အရေးထဲ ဖာတ်လိုက်ဖြစ်ချင်သူတွေ အပြိုင်အဆိုင်မို့ သူ စိတ်ရှုပ်လာသည်။

"မဖြစ်ဘူး ... ကျွန်တော် တစ်ယောက်တည်းသွားမယ်၊ လူများရင် ရိပ်မိကုန်မယ်၊ ခင်ဗျားတို့ မှောင်ရိပ်ခိုပြီး စောင့်နေကြ"





လေးယောက်သား မကျေနပ်ချင်ကြပေမယ့် လက်ရုံးကို မလွန်ဆန်ရဲကြသည်မို့ ဘုရိုတ်,ရိုတ်လျက် အမှောင်ထဲ တိုးဝင်သွားကြသည်။

လက်ရုံး သတိကြီးစွာထားလျက် အရိပ်တို့ကို ထားရာ တဲဆီ ချဉ်းကပ်ခဲ့ရသည်။

သူ့ကိုမြင်လျှင် အရိပ်မှာ မျက်လုံးကလေးများ ပြူးကျယ်ဝိုင်းစက်သွားရှာသည်။

သူ "ရှူး" ခနဲ တိတ်တိတ်နေရန် အချက်ပြလိုက်ပြီး သော့တွဲကို လှမ်းပြလိုက်သည်။

နှစ်ယောက်သား ဝမ်းသာပျော်ရွှင်သွားကြကာ တံခါးနားအပြေးရောက်လာကြတော့သည်။

သူ သော့ကို သွက်လက်စွာ ဖွင့်လိုက်သည်။

"လာ ... မြန်မြန်ထွက်ကြ"

"လက်ရုံး ... အရိပ်တို့ ထွက်ပြေးကြတော့မှာပေါ့နော် ... ဟုတ်လား၊ အရိပ်တို့ကို လက်ရုံး လာကယ်ထုတ်တာပေါ့နော်၊ လက်ရုံး ဘာဖြစ်သွားသေးလဲဟင် ... ဒဏ်ရာရသွားသေးလား"

အရိပ်မှာ သူ့ကို အံ့သြဘနန်း။ ပြီးတော့ စိုးရိမ်တကြီးကြည့်ကာ စကားတွေ အဆက်မပြတ် ပြောလိုက်၊ မေးလိုက်နှင့် စိတ်တွေ လှုပ်ရှားနေရှာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ် ဘာမှမဖြစ်ဘူး အရိုပ်၊ ကိုယ်တို့ စကားပြောဖို့ အချိန်မရှိတော့ဘူး ... ဒီနေရာက အမြန်ဆုံးသွားမှဖြစ်မယ်"

သူ အားမလိုအားမရနှင့် အရိုပ်လက်ကိုဆွဲကာ မြန်မြန် ထွက်လာခဲ့သည်။

မျက်သားပြာက သူနှင့်အရိုပ်ကို အမိပ္ပာယ်နက်ရှိုင်းသော မျက်ဝန်းများဖြင့် စိုက်ကြည့်နေသည်။

ဘာဖြစ်လို့ အဲလိုမျက်ဝန်းမျိုးနှင့် စိုက်ကြည့်ရပါလိမ့်။

သူ့စိတ်ထဲ တစ်မျိုးကြီးဖြစ်သွားရသည်။

"အဆင်ပြေရဲ့လား ဘော့စ်"

"ရပါတယ် ... သွားနှင့်ကြပါ"

ဘော့စ်ရဲ့လေသံမှာ စိမ်းသက်နေသယောင် စိတ်ထဲ ထင်မိသည်။

အရိုပ်ကိုတော့ လက်တွဲထားသည်မို့ သူ အားနှင့်ဆွဲခေါ်၍ ရသည်။

အတော်လေးသွားမိတော့မှ မျက်သားပြာကို သတိတရနှင့် လှည့်ကြည့်မိသည်။

မျက်သားပြာမှာ သူ့ ယောက်ျားခြေလှမ်းကို လိုက်မမီဘဲ နောက်မှာ ပြတ်လျက်ကျန်ခဲ့သည်။

"ခဏစောင့်လိုက်ရအောင် လက်ရုံး ... အရိုပ်လည်း မောနေပြီ"





အရိုပ်စကားအတိုင်း သူ မျက်သားပြာကို စောင့်ရန် ရပ်လိုက်သည်။

မျက်သားပြာမှာ သူတို့စောင့်နေတာကိုမြင်လျှင် အားနာ၍လားမသိ ... ပြေးမတတ် အားကုန်သွက်သွက် လှမ်းလာခဲ့လျှင်

အမှောင်ထဲမှာမို့ အရှိန်နှင့် မှောက်လျက်လဲကျလေတော့သည်။

"ဟယ် ... မျက်သား ချော်လဲသွားပြီ"

"အရိုပ် ဒီမှာစောင့်နေနော် ... ကိုယ် သွားကြည့်ပေးလိုက်ဦးမယ်"

သူ မျက်သားပြာဆီ နောက်ပြန်လှည့်ရလေတော့သည်။

မျက်သားပြာမှာ နေရာမှမထနိုင်။

ခြေကျင်းဝတ်ကို အုပ်ကိုင်ကာ ရှုံ့မဲ့ညည်းညူနေသည်။

"နာသွားလား မျက်သား"

"အင်း ... လက်ရုံးတို့ ခရီးဖင့်သွားပြီနော်၊ အားနာလိုက်တာ"

"ရပါတယ် ... အားနာစရာမှ မဟုတ်တာ၊ မထနိုင်ဘူးလား ... ကျွန်တော် ထူပေးမယ်နော်"

သူ မျက်သားပြာကို ခွင့်တောင်းပြီးမှ လက်မောင်းရင်းဆီမှနေ ဆွဲထူပေးလိုက်သည်။

"အ ... ကျွတ် ကျွတ်"



www.burmeseclassic.com

www.burmeseclassic.com



"မထောက်နိုင်ဘူးလား"

"အား . . . ဟုတ်တယ် လက်ရုံးရယ်၊ ထောက်လိုက်ရင် တအားနာတယ်"

"ကဲ . . . ကျွန်တော် ကုန်းပိုးခေါ်သွားမယ်၊ ဒီနေရာက မြန်မြန်ခွာမှ ဖြစ်မယ်၊ စိတ်ချရတဲ့နေရာရောက်မှ မျက်သားရဲ့ ခြေထောက်ကို ကြည့်ပေးမယ်နော်"

ပြောရင်းက သူ မျက်သားပြာကို ကုန်းပိုးလိုက်ပါသည်။

ကိုးရိုးယားကားတွေထဲမှာ ကုန်းပိုးကြသည့်အခန်းတွေ မြင်ရလျှင် မြင်ပြင်းကတ်ခဲ့သော လက်ရုံးတစ်ယောက် ခုတော့ ဝင့်လည်ချေပြီ။

အန္တရာယ်အန့်ကလည်း ရသေးသည်မို့ ကုန်းပိုးရသည့်ကြားက သွက်သွက်သွားရသေးသည်။

"ခြေထောက်ထိသွားတယ် . . . ဟုတ်လား မျက်သား"

အရိပ်က သူတို့ဆီပြေးလာကာ ပူပန်စွာ မေးသည်။

"အေးကွာ . . . မထောက်နိုင်တော့ဘူး"

သူတို့သုံးယောက်လုံး အတော်လေးသွားမိမှ သူရိန်ခ တို့ လေးယောက်နှင့် ပြန်ဆုံသည်။

သူ မျက်သားကို ကုန်းပိုးထားတာကို မြင်ကြသည်နှင့် သကောင့်သားလေးကောင် အူယားဖားယား ပြေးချလာကြတော့သည်။





"ဘာ . . . ဘာဖြစ်လဲဟင် မျက်သား"

"ခြေထောက်နာနေတာလား"

"လက်ရုံး . . . အောက်ချလိုက်ပါ . . . ဒဏ်ရာကို ကြည့်ရအောင်"

"ဖြစ်မှဖြစ်ရလေ မျက်သားရယ်၊ ဒါကြောင့် ကျွန်တော် ပြောသားပဲ . . . ကျွန်တော် သွားခေါ်လိုက်ပါ့မယ်လို့၊ လက်ရုံးက ပြောမှမရတာကို"

လက်ရုံးသည် နားတွေရော၊ မျက်စိတွေရော ရှုပ်ထွေးင်နောက်ကျိလာကာ မျက်သားပြာကို ကုန်းပိုးထားရာမှ မြေပြင်ပေါ် ပြန်ချပေးလိုက်သည်။

ထမင်းလျက်ခဲကို ပုရွက်ဆိတ်အုပ် အုံသလို မျက်သားပြာနားမှာ လေးကောင်သား အလုအယက် အုံနေတော့သည်။

"ကဲ . . . မြန်မြန်လုပ်ကြ၊ ခဏနားပြီးရင် ခရီးဆက်ကြမယ်၊ ဒီနယ်မြေက သူတို့နယ်မြေ . . . စိတ်မချရသေးဘူး၊ မျက်သားပြာ ခြေထောက်သက်သာရင် ဆက်သွားကြမယ်"

"ဟာ . . . မျက်သားခြေထောက်က ယောင်နေတာ . . . လမ်း ဘယ်လျှောက်နိုင်ပါ့မလဲ"

"မလျှောက်နိုင်သေးရင် ရှင်တို့လေးယောက် တစ်လှည့်စီ ပိုးလာခဲ့ကြတော့၊ ဒီမှာ လက်ရုံးက အသက်ထွက်တော့မယ်"

အရိပ်က အားလုံးကို ပတ်ခြုံမျက်စောင်းထိုးပြီး အရှေ့မှ



www.burmeseclassic.com

www.burmeseclassic.com



ဆောင့်အင်အင်နှင့် ထွက်သွားပြီ။

အရေးထဲ ကုန်းပိုးဖို့ကို သစ်ရွက်မှာ တုတ်ခြစ်ကာ မဲချဆုံးဖြတ်နေလေသော သကောင့်သားလေးယောက်ကို သူ ... စိတ်မရှည်နိုင်တော့။

ထားပစ်ခဲ့ကာ အရိပ်နှင့်အတူ ရှေ့မှ ထွက်ခဲ့သည်။

အန္တရာယ်ကြားထဲမှ ဒီလူတွေမို့ အမှတ်ကပ်ယူချင်သေးသည်ကို သူ ခံစား၍မရ။

သို့သော် ...

သူကိုယ်တိုင်ကတော့ ...

"လက်ရုံး အရမ်းပင်ပန်းနေပြီနော်"

ဆိုသော လေသံနွမ်းနွမ်း စကားလေးတစ်ခွန်းထဲမှာ အမောတွေအားလုံး လွင့်ပြယ် ပြေပျောက်သွားခဲ့ရတော့သည်။

ဆန်းကြယ်စွ။

လူဆိုးတွေလက်ထဲမှာတုန်းက ဘာပဲဖြစ်ဖြစ် အချိန်တန်လျှင် စားဖို့ မပူပင်ခဲ့ရပေမယ့် ...





ခုတော့ အချိန်တန်လျှင် ဆန္ဒပြတတ်သော ဝမ်းဗိုက်ပြဿနာကို ဖြေရှင်းဖို့ လိုခဲ့ပြီ။

"ငှက်ပျောပင်တွေ လိုက်ရှာရအောင် ... ငှက်ပျောသီးစားလည်း ဗိုက်ပြည့်တာပဲ"

"အုန်းသီးစားလည်း ဖြစ်ပါတယ်"

ထုံးစံအတိုင်း သူရိန်ခတို့လေးယောက် တစ်ယောက်တစ်မျိုးစီ ထင်ကြေးပေးကြပြန်သည်။

သူ ဘာမှဝင်မပြောဘဲ ဝါးစိမ်းတစ်လုံးကို မြည့်နေအောင်ချွန်လိုက်သည်။

ပြီးလျှင် ဝါးချွန်ကို ဆ,လျက် သူ ထွက်လာခဲ့လိုက်သည်။

"လက်ရုံး ... တောကောင်သွားရှာမလို့လားဟင်"

အရိပ်က သူ့နောက်ကို ပြေးလိုက်လာသည်။

"အင်း"

"လက်ရုံးမှာ ဝါးချွန်နဲ့ ဓားမြှောင်ပဲပါတာ ဘယ်လိုဖြစ်မလဲ ... ကျားတွေ, ဝက်ဝံတွေနဲ့တွေ့ရင် ဒုက္ခရောက်သွားမှာပေါ့၊ အသီးအနှံတွေပဲ ရှာစားရအောင်ပါ လက်ရုံးရယ်"

အရိပ်ပြောပုံက စိုးရိမ်တကြီး။ သို့သော် မောင်ငယ်တစ်ယောက်ကို ချော့မော့ဖျောင်းဖျသည့်လေသံချိုနှင့်မို့ သူ ပြုံးရင်း အရိပ်ခေါင်းလေးကို ပုတ်လိုက်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"စိတ်မပူပါနဲ့ အရိပ်ရယ်၊ ဒါ တောနက်ကြီးမှ မဟုတ်တာ ... တောကောင်ကြီးတွေ မရှိပါဘူး"

"ဒါဆို လက်ရုံးအဖော်ရအောင် အရိပ်လိုက်ခဲ့မယ်နော်"

သူ ဟက်ခနဲ ရယ်ချလိုက်မိသည်။

ဟိုလေးယောက်က သူ ဝါးချွန်နှင့်ထွက်လာတာ မြင်ရဲ့သားနဲ့ မသိကျိုးကျွန်ပြုနေကြသလောက် အရိပ်ကတော့ မိန်းမသားတန်မဲ့ ကူညီညာဖို့ စကားဆိုရှာသည်လေ။

"မလိုပါဘူး အရိပ်ရယ် ... စိတ်လည်းပူမနေနဲ့၊ အရိပ်ပါရင် အရိပ်ကို စိုးရိမ်နေရတာနဲ့ ကိုယ် အလုပ်ဖြစ်မှာ မဟုတ်ဘူး၊ နေခဲ့ ... မီးမွှေးဖို့ သစ်ကိုင်းခြောက်တွေ ရှာထားနော်"

သူ အရိပ်ရဲ့ခေါင်းလေးကို ဖိတွန်းပြီး လွှတ်လိုက်သည်။

သူ လှည့်ထွက်လာခဲ့ချိန်မှာ စိုးရိမ်ပူပန်မဆုံးသည့် မျက်နှာလေးနှင့် ကျန်ရစ်ခဲ့မည့် အရိပ်ကလေးကို မျက်လုံးထဲ မြင်ယောင်နေမိသည်။

အရိပ်ဟာ တကယ်ပဲ သူရဲ့ အရိပ်ကလေး ဖြစ်ခဲ့ပြီလား။

မျက်ဝန်းရိပ် ...၊

ကြည်နူးရိပ် ...!

ပြီးတော့ ...





သူ ယုန်လေးတစ်ကောင်နှင့် ငှက်ပျောတစ်ခိုင် ရလာခဲ့သည်မို့ ယုန်ကို အရိပ် အသင့်မွှေးထားပေးသည့် မီးမှာကင်လိုက်ပြီး ယုန်ကင်နှင့် ငှက်ပျောသီးများ ခွဲဝေစားကြသည်။

သူ ရှာဖွေထားသည့်အစာကို အများဆုံး ဝေစုခွဲစားသည် အထင်မခံလိုသဖြင့် အားလုံးကို အညီအမျှ ခွဲဝေပေးပြီးမှ ကျန်တာ သူစားသည်။

"လက်ရုံးကလည်း အဲသလောက်ကလေးနဲ့ ဝပါ့မလား"

ယူဦးလေ ... ရော့၊ အရိပ်ဆီက ယူစားဦး ... အရိပ်မကုန် ဘူး"

အရိပ်က ယုန်ပေါင်ကိုဖဲ့ကာ သူ့လက်ထဲ အတင်းထည့်သည်။

"ကိုယ် ယုန်သားမကြိုက်ဘူး အရိပ် ... ငှက်ပျောသီးပဲ စားတော့မယ်၊ ငှက်ပျောသီးက အရသာရှိတယ်"

အရိပ်က သူ့ကို စိတ်မကောင်းသောမျက်ဝန်းများဖြင့် ကြည့်သည်။

သူ သိပေမယ့် တမင် မသိယောင်ဆောင်ထားရသည်။

သို့သော် ...



www.burmeseclassic.com

www.burmeseclassic.com



မသိချင်ယောင်ဆောင်မရတော့သည်မှာ

"ဟယ်" ခနဲ အော်လျက် အရိပ်လက်ထဲမှ ယုန်သားကင်မှာ အောက်ကို ပြုတ်ကျသွားခဲ့ခြင်းပင်။

အရိပ်မှာ သဲထဲပြုတ်ကျသွားခဲ့သော ယုန်သားကင်ကို ကြည့်ကာ မျက်နှာမကောင်း။

"ဆောရီးပဲ လက်ရုံးရယ်၊ လက်ရုံးက တပင်တပန်း ရှာဖွေခဲ့ရတာ ... အရိပ် နမော်နမဲ့နိုင်လို့ ပြုတ်ကျသွားရတယ်"

"နမြောစရာကြီး၊ ရေဆေးပြီး စားလိုက်ပါလား ... အကောင်းပဲ"

အစားသမား မင်းဆက်စံက သဲထဲကျသွားသော ယုန်သားကင်ကို နမြောခြင်းကြီးစွာ ကြည့်လျက် အကြံပေးသည်။

အရိပ်မှာ ကိုယ်မစားလိုက်ရခြင်းထက် လက်ရုံး ပင်ပင်ပန်းပန်း ရှာဖွေကျွေးသည့် အစားတစ်လုတ် ဖြစ်သည်မို့ ပို၍ နမြောမိခြင်းပင်။

"နေပါစေတော့ ... ငှက်ပျောသီးပဲ စားပါတော့မယ်၊ အရိပ်က နဂိုထဲက အစားသေးတာ ရပါတယ်"

လက်ရုံး ဘာမပြော ညာမပြောနှင့် သူ့ဝေစုကို အရိပ်လက်ထဲ ထည့်ပေးလိုက်ကာ သူကတော့ မြေပေါ်ပြုတ်ကျသွားသည့် အရိပ်ဝေစုကိုပဲ သဲနှင့်ရှုပ်ရှုပ် ဖြစ်သည့်ကြားက ကောက်ယူစားလေသည်။





အားလုံးမှာ "ဟင်" ခနဲ အံ့ဩတကြီး ဖြစ်သွားခဲ့ကြရသည်။

"အို ... အဲလို မလုပ်ပါနဲ့ လက်ရုံးရဲ့ ... သဲပေနေတာကြီး မစားပါနဲ့၊ ရော့ပါ ... ကိုယ့်ဝေစု ကိုယ်ပြန်ယူစားပါ"

အရိပ် ငိုတော့မလို မျက်ရည်များရစ်ဝဲကာ အသံလေးများ တုန်ယင်လျက် လက်ရုံးလက်ထဲ အသားကင်ကို အတင်းပြန်ထည့်ပေးသည်။

လက်ရုံးက အတင်းရုန်းကာ ငြင်းသည်။

"ဟင့်အင်း ... စားနော် အရိပ်၊ စားစေချင်လို့ ကိုယ့်ရှယ်ယာကိုကျွေးတာ၊ အရိပ်မစားရင် ကိုယ့်စေတနာကို အသိအမှတ်မပြုရာ ရောက်သွားလိမ့်မယ်၊ စား ... ကိုယ့်စေတနာကို တန်ဖိုးထားရင် စား"

သူ့ကိုယ်တိုင်ပင် ခွဲ့တော့မလို လက်ပြင်တော့ အရိပ်မှာ စိတ်မကောင်းဖြစ်ရသည့်ကြားကပဲ စားရတော့သည်။

သည်အစားတစ်လုတ်ဟာ အရိပ်လည်ချောင်းထဲ မျိုမကျနိုင်ပြီ။

ဘာပဲဖြစ်ဖြစ် ...

အရိပ် နှလုံးသားကတော့ သိလိုက်ရသည်မှာ ဘုန်းလက်ရုံးဆိုသည့် ယောကျာ်းတစ်ယောက်ဟာ နာမည်နှင့်လိုက်အောင်ပင် ယောကျာ်းပီသလွန်းသော ယောကျာ်းတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ပါလားဟု။

အရာရာတွင် ဦးဆောင်နိုင်စွမ်းရှိလျက် ယောကျ်ားပီသစွာ အနစ်နာခံတတ်သူ၊ စိတ်သဘောထား မြင့်မြတ်ပြည့်ဝလွန်းသူ၊ အကြင်နာတရားဖြင့် နူးညံ့သော နှလုံးသားရှိသူတစ်ဦးပါလား။

အရိပ် ... သူ့ရဲ့ဖြူစင်လှသည့် စိတ်ထားကိုလည်း လေးစားမြတ်နိုးလျက် နင့်နင့်သီးသီး သံယောဇဉ် တွယ်ရစ်မိလေပြီ။

အရိပ် ဘယ်လို ရှန်းထွက်ရမလဲ လက်ရှုံးရယ်၊

ခပ်သဲ့သဲ့ အသံများ ...

တဂျိုးဂျိုး တဂျွတ်ဂျွတ် အသံများကြောင့် သူ မျက်စိကို မှိတ်ကာ အာရုံပိုစိုက်ပြီး နားထောင်လိုက်သည်။

အသံက ချုံထဲက။

သူ ချုံနားကို ခြေသံမကြားရအောင် နင်းလျက် ဖြည်းညင်းစွာ ချဉ်းကပ်လိုက်သည်။





ချုံထဲမှာ လှုရှိပ်လိုလိုသဏ္ဍာန်တစ်ခု မသဲကွဲ။

သူ ချုံကို အသာကလေး ဟလျက် ကြည့်လိုက်သည်။

ဟင် ...

သူ အံ့အားသင့်သွားရသည်။

မင်းဆက်စံ ...

လက်ထဲမှာ အသားဖတ်တစ်စ။

သူ သိလိုက်ပါပြီ။

ခြော် ... သူ့ခမျာ အစားကြီးရှာသည်မို့ ရသည့် ဝေစုနှင့် မလောက်။ ထိုစဉ် ...

သူ့နောက်နားဆီမှ ခြေသံဖျတ်ခနဲ ကြားလိုက်ရသည်။

သူ လှည့်ကြည့်လိုက်တော့ မျက်မှောင်ကြီးကြုတ်ကာ တစ်စုံတစ်ခုကို မကျေမနပ်ဖြစ်နေသည့် အရိပ်ကလေး။

သူ နှုတ်ခမ်းပေါ် လက်ညှိုးကို ကန့်လန့်ဖြတ်တင်လျက် တိတ်တိတ်နေရန် အချက်ပြလိုက်ပြီး အရိပ်ကို ချုံနှင့်ဝေးရာဆီသို့ ဆွဲခေါ်လာခဲ့ရသည်။

ခပ်လှမ်းလှမ်းရောက်မှ ...

"မျက်နှာကြီးက စူပုပ်လို့ ဘာဖြစ်တာလဲ အရိပ်"

"မပြောချင်တော့ဘူး"

"မပြောချင်လည်း မပြောပါနဲ့တော့"

သူ ပြုံးတုံ့တုံ့လုပ်လျက် လှည့်ထွက်ဖို့ပြင်တော့ အရိပ်က



www.burmeseclassic.com

www.burmeseclassic.com



သူ့အကျႌကို ပြန်ဆွဲထားသည်။

"ပြောမှာပေါ့ ... မပြောချင်တော့ဘူးဆိုတာ စိတ်ကုန်လို့ ပြောတာ"

"ဩော် ... မသိပါဘူး၊ ကဲ ... ပြော၊ ဘာကေ့စ် (case) လဲ"

"ရိက္ခာထုပ် ပျောက်နေတယ်"

"ဟုတ်လား"

သူ မအံ့သြ။ ရယ်ချင်စိတ်သာ ဖြစ်လာလျက် ...

"တောကြောင်တွေ, ဘာတွေများ အလစ်ဝင်ဆွဲသွားလား မသိဘူး"

"မဖြစ်နိုင်တာ ... ဘာအကောင်မှ မလာဘူး၊ အခု မင်းဆက်စံလည်း ပျောက်နေတယ်"

"အပေါ့အပါးသွားနေတာ ဖြစ်မှာပေါ့"

အရိပ်က သူ့ကို မျက်မှောင်ကြီးကုတ်ကာ စူးစူးကြည့်သည်။

"ခုနက လက်ရုံး ချုံထဲကို ဘာချောင်းနေတာလဲ"

လက်ရုံးပြုံးလျက် ပခုံးတွန့်လိုက်မိသည်။

စုံထောက်မလေးနဲ့ တွေ့နေပါပြီ။

ဘယ်လောက်များ စေ့စပ်ပါးနပ်လိုက်သလဲဆိုတာ။

"ဟိုဟာ ... ဟိုလေ ... အကောင်များလားလို့ပါ"





"လက်ရုံးနော် ... သိရဲ့သားနဲ့ ညာတယ်"

အရိပ်ကလေး သူ့ကို မျက်စောင်းမြှားတစ်စင်း ပို့လွှတ်သည်။

သူ ပြုံးစိစိကြီးသာ လုပ်နေမိသည်။

"အဲဒါ မင်းဆက်စံလက်ချက်ဆိုတာ လက်ရုံးသိတယ် မဟုတ်လား၊ အဲဒီလူကို သတိပေးထားပါ ... မနေ့ကလည်း ငှက်ပျောသီးတွေ ပျောက်တယ်"

"အဲဒါ ကိုယ် စားလိုက်မိတာပါ ... ညဘက် ကင်းစောင့်ရင်း ဗိုက်ဆာလို့"

"ညာပြန်ပြီ၊ လက်ရုံးကလေ အမြဲတမ်း ဟိုလူ့အတွက် ကာကွယ်လိုက်, ဒီလူ့အတွက် အနစ်နာခံလိုက်၊ ဘာလဲ ... နိုဗယ်လ်ဆု လိုချင်လို့လား၊ သိကြားမင်းဖြစ်ချင်လို့လား"

ခါးကလေးထောက်ကာ သူ့ကို စကားနာထိုးနေပုံက သူ့အတွက် မခံချင်စိတ် ကရုဏာဒေါသောနှင့် ပြောနေမှန်း သိသာလှသည်မို့ သူ ချစ်စနိုးလေး ဖြစ်နေမိသည်။

ဆတ်ခနဲ ငယ်ထိပ်ကို ထုလိုက်မိလျက် ...

"နိုဗယ်လ်ဆုလည်း မလိုချင်ဘူး၊ သိကြားမင်းလည်း မဖြစ်ချင်ဘူး၊ ကိုယ် ယောကျ်ားပီသတဲ့ ယောကျ်ားတစ်ယောက် ဖြစ်ချင်တာ ... သိပြီလား"

အရိပ်ကလေးက သူ့ကို ငေးကြည့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုငေးကြည့်နေသော မျက်ဝန်းကလေးတွေ ဘာကြောင့် စိုလဲ့နေသည်လဲ။

သူ ဘာသာမပြန်တတ်ချေ။

သို့သော် ထိုမျက်ဝန်းကလေးက နှလုံးသားထဲ တစ်သက်စာ စွဲငြိနေတော့မှာတော့ သေချာသည်။

မေးခနဲ အိပ်ပျော်သွားခဲ့ပြီးမှ အသိစိတ်က နိုးကြားကာ သူ ဆတ်ခနဲ ပြန်နိုးလာခဲ့သည်။

နာရီကို ကြည့်လိုက်တော့ ဆယ့်နှစ်နာရီ ထိုးတော့မည်။

သူ ခေါင်းကို ဘယ်ညာယမ်းခါလိုက်ပြီး အကြောအခြင်တို့ကိုလည်း လျှော့လိုက်သည်။

သူနှင့် ခပ်လှမ်းလှမ်းမှာ အရိပ်နှင့်မျက်သားပြာတို့ နှစ်ယောက် ခွေခွေကလေး အိပ်ပျော်နေကြသည်။

သူချစ်စနိုးကလေး စိုက်ကြည့်နေမိပြီးမှ သက်ပြင်းချကာ အကြည့်တို့ကို ပြန်လွှဲလိုက်ရသည်။

သူ ထွက်လာခဲ့လိုက်တော့ အဝနားမှာ သူရိန်ခနှင့်





မင်းဆက်စံတို့ နှစ်ယောက် ပိုးလိုးပက်လက် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေကြသည်။

ဒီည ကင်းစောင့်ရမည့်တာဝန်က သုတအောင်နှင့် ရှင်းရန်ဝေး။

သူ မီးဖိုနားဆီ ခြေသံမကြားအောင် ဖွနင်းလျှက် ထွက်လာခဲ့သည်။

နှစ်ယောက်သား ငုတ်တုတ်ထိုင်လျှက်က ဒူးနှစ်ဖက်ပေါ် လက်တင်ပြီး မှောက်အိပ်နေကြသည်။

သူ "အဟမ်း" ဟု ချောင်းဟန့်သံ ပေးလိုက်သည်။

အအိပ်ဆတ်လိုက်ကြသည်မှာ တုတ်တုတ်မျှမလှုပ်။

"သုတအောင် ... ရှင်းရန်ဝေး ..."

အသံကို ကီးနည်းနည်းမြှင့်ကာ ခေါ်ကြည့်သည်။

နိုးတော်မမူကြ။

သူ ပြုံးမိလျှက် ပခုံးတွေကို တစ်ယောက်တစ်ချက်စီ ခပ်ဆတ်ဆတ်လေး ပုတ်လိုက်သည်။

"အံမယ်လေး"

"အား ... ကယ်ကြပါဦး"

သတ္တိခဲ မောင်မင်းကြီးသားနှစ်ယောက်မှာ ခုမှပဲ လန့်နိုးကာ ဝုန်းခနဲ ခုန်ထကြသည်။

"အား ... လက်ရုံးရာ ... လန့်လိုက်တာဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"အေးဗျာ ... အသံမပေး ဘာမပေးနဲ့"

"ပေးပါ့ဗျာ ... ခင်ဗျားတို့မနိုးတာပါ"

သူပြောတော့ နှစ်ယောက်သား ရှက်သွားကြသည်။

"ကဲ ... သွားအိပ်ချေကြတော့၊ ကျွန်တော် တစ်လှည့် စောင့်ပေးဦးမယ်"

"ဖြစ်ပါ့မလား ... မနေ့ညကလည်း ခင်ဗျားစောင့်ထားတာ"

"ယောကျ်ားပဲဗျာ၊ ဒီလောက်အိပ်ပျက်တာလောက်ကတော့ ခံနိုင်ရည်ရှိပါတယ်၊ ခုနကလည်း တစ်ရေးအိပ်ထားသောတာပဲ ... အိပ်ရေးဝပါပြီ"

နှစ်ယောက်သား ခေါင်းကုတ်လိုက်၊ ဆံပင်ဖွလိုက်နှင့် သူ့ကို အားမနာနိုင်တော့ဘဲ ဝမ်းသာအားရ ထွက်သွားကြတော့သည်။

သူ မီးဖိုထဲ သစ်ကိုင်းခြောက်တစ်ချောင်း ထပ်ထည့်ကာ အားဖြည့်လိုက်သည်။

လရောင်အောက်မှာ တစ်ယောက်တည်းနေရတာ ဘယ်လောက်များ အထီးကျန်လိုက်သလဲ။

လွမ်းမော လရောင်။

ပြာလဲ့နေသော လရောင်မှုန်မှုန်က တကယ့်ကို လွမ်းမောစေတော့သည်။





တကယ်တော့ သူက အထီးကျန်သည်ဟုလည်း မဆိုသာ။

မျက်လုံးများ မှေးမှိတ်လိုက်တော့ ဖြူစင်လွန်းလှသည့် မျက်နှာကလေးက ထင်ရှားစွာ ပေါ်လာသည်။

ဘယ်မှာ အထီးကျန်လို့လဲ။

နှလုံးသားထဲမှာ အမြဲ သူရှိနေသည်ပဲ။

အတူနေ အတူစားရသည့် ဒုက္ခပြွမ်းသည့် နေ့စွဲကလေးတွေကပဲ အရိပ်ကလေးကို သံယောဇဉ် တွယ်ရစ်သထက် တွယ်ရစ်မိစေခဲ့ပြီ။

ချစ်မိသွားပြီး ကလေးရေ။

တကယ်ပဲ မြဲနိုင် ရင့်သန်လှသည့် သံယောဇဉ်တွေက တစ်ဆင့်တိုးကာ နင့်နင့်သီးသီး ချစ်မိခဲ့ချေပြီ။

ဘယ်လိုလုပ်ရပါ့။

ခုနေခါမှာ ဖွင့်ပြောလို့ကလည်း မဖြစ်။

အခွင့်အရေးသမားဟု အထင်ခံရပါက နှလုံးသားသိက္ခာ ကျဆင်းရချေတော့မည်။

သူ့နှလုံးသားက မျိုသိပ်မစွမ်းတော့သည့်အဆုံး ...

'သိပ်ချစ်တယ် အရိပ်ကလေးရယ်'

ဟု သဲပြေပွပွပေါ် ချရေးလိုက်မိတော့သည်။

ကြင်သူမသိလည်း ကိစ္စမရှိတော့ပြီ။



www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်သတ်စွဲလမ်းစိတ်ဖြင့် သူ ဖြေသိမ့်နေတတ်ခဲ့ပါပြီ။

ဘုရားရေ ...

အရိပ် ကိုယ့်မျက်စိကို ကိုယ်မယုံနိုင်။

အိပ်ချင်မှုန်ဝါးဖြစ်နေလို့ အမြင်များမှားသလားလို့ မျက်လုံးတွေကို အခါခါ ပွတ်သပ်ကြည့်မိသည်။

'သိပ်ချစ်တယ် အရိပ်ကလေးရယ်'

... တဲ့။

ဖျောက်ဖျက်လို့ရနိုင်တဲ့ သဲပြင်ပေါ် မရေးဘဲ ... လူကိုတိုက်ရိုက်ဖွင့်ပြောလိုက်ပါလား လက်ရုံးရယ်၊

အရိပ်ရဲ့ တဒိန်းဒိန်း ခုန်လှုပ်နေသော အပျိုစင် နှလုံးသားရှိုင်းလေး နွမ်းလျသွားရသည်။

သဲမြေပေါ်က စာတန်းကလေးကို ဖတ်မဝသလို မမှိတ်မသုန် စိုက်လို့ကြည့်မိဆဲ ... သူက သစ်ကိုင်းခြောက်ကလေးဖြင့် ပြန်ဖျက်လိုက်ချေပြီ။





ရင်ထဲ နင့်လို့သွားရသည်။

လက်ရုံးက ဖျတ်ခနဲ မော့ကြည့်လိုက်သည်။ အံ့သြစိတ်ဖြင့် ငေးကြောင်သွားမိ၏။

အရိပ်ရဲ့ မျက်နှာက ညိုမည်းကြမ်းတမ်းတာတွေ မရှိတော့ဘဲ နုမွတ်ဝင်းဖန့်လို့နေသည်။ ဖြူစင်နုဖပ်လွှန်းတဲ့ မျက်နှာလေးမှာ ပါးမို့လေးတွေက ပန်းသွေးရောင်ရဲနေသည်။ နှုတ်ခမ်းစိုအိအိလေးက နီမြန်းနုထွေးစွာ။

လက်ရုံးက အရိပ်၏ နုဖပ်သန့်စင်နေသော မျက်နှာလှလှလေးကို အံ့သြမှင်တက်မိစွာ ငေးမောနေမိရင်း လက်ညှိုးဖြင့် ညွှန်လျက် ...

"အရိပ်မျက်နှာ ... အရိပ်ရဲ့ မျက်နှာ"

"ဟင် ... ဘာဖြစ်လို့လဲ လက်ရုံးရဲ့ ... အရိပ်မျက်နှာက ဘာဖြစ်နေလို့လဲ"

အရိပ်က ရုတ်တရက် ကြောင်အစွာနဲ့ ကိုယ့်မျက်နှာကိုယ် ပြန်စမ်းကြည့်မိရင်းမှ လက်ရုံးကို ပြန်မေးမိသည်။

"အရိပ်ရဲ့မျက်နှာက ခုကျတော့ ညိုမည်းမနေတော့ပါလား ... နုဖပ်ပြီးတော့ သန့်စင်နေတာပဲ၊ အဲဒါက ဘယ်လိုဖြစ်တာလဲ ... ဟင် အရိပ်"

အံ့သြဟန်နဲ့ နားမလည်နိုင်စွာ မေးလိုက်တဲ့ လက်ရုံးစကားကြောင့် အရိပ်မှာ သူမမျက်နှာက ရုပ်ဖျက်တဲ့ ဆေးတွေ



www.burmeseclassic.com

www.burmeseclassic.com



ကွာကျသွားတာပဲ ဖြစ်မည်ဟု သတိထားမိသွား၏။

သတိလစ်ဟင်း ပေါ့ဆမိတဲ့ သူမကိုယ်သူမ စိတ်ထဲက အပြစ်ဖို့လိုက်မိရင်း

"ဩော် ... ဘာမှမဟုတ်ပါဘူး၊ ဆေးတွေကွာကျသွားတာပါ ... ဟင်း ဟင်း ... အရိပ်က ရုပ်ဖျက်ထားတာလေ"

အရိပ်စကားကြောင့် လက်ရုံးက ထပ်ပြီး အံ့ဩသွားဟန်ဖြင့် မျက်ခုံးတွေ ပင့်တက်သွားကာ ...

"ဒီလောက်ချောပြီး နုဖပ်သန့်စင်နေတဲ့ မျက်နှာလေးကို ဆေးတွေလူးပြီး ရုပ်ဖျက်တယ် ... ဟုတ်လား၊ ဘယ်လိုအကြောင်းတွေကြောင့်များလဲ အရိပ်ရယ်"

အရိပ်က လျှို့ဝှက်တဲ့အပြုံးလေးကို လှစ်ခနဲ ပြုံးလိုက်ရင်း ...

"အရိပ်မှာ အကြောင်းရှိလို့ပေါ့ လက်ရုံးရယ်၊ ရုပ်ဖျက်ပြီးနေဖို့ လိုအပ်တဲ့အကြောင်းတွေ ရှိနေလို့ပါ၊ ခုတော့ ဒီလောက်ပဲသိထားပါဦး လက်ရုံးရယ် ... နောင်တော့ လက်ရုံးကို အရိပ်အကြောင်းစုံရှင်းပြပါ့မယ်"

"ကိုယ်တော့ ဘယ်လိုမှနားမလည်နိုင်တော့ဘူး အရိပ်"

လက်ရုံးက ခေါင်းတခါခါနဲ့ ပြောလိုက်မိသည်။

တကယ်ပဲ အရိပ်ရဲ့မျက်နှာလေးဟာ ပြစ်မျိုးမဲ့မထင်တဲ့ အလှတရားတွေနဲ့ ပြည့်စုံနေတာပါ။





(Donald Duck) ဘဲရုပ်ဆိုးမလေးလို့ အရိပ်ကို နာမည်ပြောင်ပေးပြီး ခေါ်မိတဲ့အဖြစ်က နောင်တရ အားနာစရာဖြစ်ရပြီပေါ့ အရိပ်ကလေးရယ်။

တုဖက်ကင်းတဲ့ အလှတရားနဲ့ အနှိုင်းမဲ့ လင်းလက်နေတဲ့ အရိပ်ရဲ့ အလှမျက်နှာလေးကို ရင်ခုန်ငေးမောကြည့်မိရင်း လက်ရုံး ... စိတ်ထဲမှ တောင်းပန်နေမိသည်။

အံ့ဩဘနန်းနဲ့ သူမကို ငေးစိုက်ကြည့်နေတဲ့ လက်ရုံးကို အရိပ် မျက်လုံးချင်းမဆုံရဲ။

ချက်ချင်းပင် ဘာလို့ အရှက်တရားက ကြီးစိုးသွားရတာလဲ။

အခုန်မြန်လွန်းသည့် ရင်ကိုလည်း မထိန်းချုပ်နိုင်။

အရိပ်ကပဲ မဝံ့မရဲလေး စကားစလိုက်သည်။

"ဘာတွေရေးနေတာလဲ ဟင်"

သူ မျက်နှာကြီး ငံ့ကျသွားသည်။

ဟောတော့ ... သူကပဲ ရှက်ရတယ်ရှိသေး။

အရိပ် ငိုရအခက်၊ ရယ်ရအခက် ဖြစ်သွားရသည်။

"ဘာမှမဟုတ်ပါဘူး ... ပျင်းလို့လျှောက်ရေးနေတာ"

"ဩော် ... ပျင်းလို့ လျှောက်ရေးနေတာတဲ့လား"

အရိပ် ခပ်ဖွဖွကလေး ရေရွတ်လိုက်မိသည်။

နာကျင်ရိပ် စွက်နေမှာ ကိုယ့်ဘာသာ သိလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ကို သိပ်ချစ်တယ်တဲ့၊ စာတန်းကလေးက ရင်ထဲက မြတ်နိုးစွာ ဖြစ်တည်လို့လာတာ မဟုတ်ဘူးတဲ့လား။

ပျင်းလို့ လျှောက်ရေးထားတာတဲ့လား။

"အရိပ် ... တစ်ရေးနိုးလာတာလား"

သူက မသိကျိုးကျွန်ပင် စကားပြန်စသည်။

"ဟုတ်တယ် ... လက်ရုံးကင်းစောင့်နေတာ မြင်လို့ ထလာတာ၊ ဟိုလူတွေက ကင်းတာဝန်ကျရဲ့နဲ့ ဘာလို့ လက်ရုံးနဲ့ ဂျူတီချိန်းပြီး အိပ်နေကြတာလဲ"

အရိပ် ဒေါသူပုန်ထမိပြန်ချေပြီ။

သူကတော့ အပြုံးမပျက်ပင် ...

"ကိုယ် အိပ်ရေးဝလို့ ဂျူတီချိန်းလိုက်တာပဲ အရိပ်ရဲ့"

"အိုး ... မနေ့ကလည်း သူရိန်ခနဲ့ မင်းဆက်စံတို့ အလှည့်ကို လက်ရုံးပဲ စောင့်ပေးသေးတယ် မဟုတ်လား၊ နှစ်ရက်ဆက်တိုက် အိပ်ပျက်နေရင် သေရောပေါ့၊ မိုးလင်းတော့လည်း ခရီးဆက်ရ, တောကောင်ရှာရနဲ့ ... လက်ရုံးချည်းပဲ အစစအရာရာ ပင်ပန်းရတယ်၊ ဟိုလေးယောက်က ပေါ်ကြော့ပဲ၊ လက်ရုံးရှာဖွေလာခဲ့တာ အခန့်သား စား[illegible]ချိန်တန် အိပ်လိုက်နဲ့ တောလည်ထွက်လာတယ်များ ထင်နေသလား မသိဘူး"

ဒေါသသံလေးနဲ့ အရိပ် တစွာစွာပြောပုံကလေးကို သူ ချစ်စနိုးလေးကြည့်ကာ သဘောကျလွန်း၍ တဟားဟား ရယ်မိ





သည်။

သတိလက်လွတ် ရယ်လိုက်မိပြီးမှ တခြားသူတွေ လန့်နိုးသွားမှာစိုးကာ ပြန်ရပ်လိုက်ရသည်။

"ရပါတယ်ကွာ ... ကိုယ် ဘာမှ မဖြစ်ပါဘူး၊ ခံနိုင်ရည် ရှိပါတယ်၊ ကဲ ... ဆယ့်နှစ်နာရီကျော်ကျော်ပဲ ရှိသေးတယ် ... အရိပ်ကလေး သွားပြန်အိပ်ချေဦး"

"မအိပ်ပါဘူး၊ လက်ရုံးတစ်ယောက်တည်း သနားလို့ ထလာခဲ့တာ၊ လက်ရုံးနားမှာ အပျင်းပြေအောင် စကားတွေ ထိုင်ပြောပေးမယ်"

လက်ရုံးက သိတတ်လွန်းလှသည့် ချစ်သူကလေးကို အသည်းယားစွာ နားရွက်ဖျားလေးကို ဆွဲဖျစ်လိုက်သည်။

"ကျေးဇူးတင်ပါတယ် အရိပ်ကလေးရယ်၊ ကိုယ် တစ်ယောက်တည်း နေတတ်ပါတယ် ... အရိပ် သွားအိပ်ချေပါ"

သူ တဖွဖွတိုက်တွန်းတော့ အရိပ်က သူ့ကို ဒူးခနဲ့ မျက်မှောင်ကြုတ်ကြည့်သည်။

"ဘာဖြစ်လို့ အ[illegible]လွှတ်နေရတာလဲ"

"တစ်ယော[illegible]ဝိနိုးလာလို့ ကိုယ်နဲ့အရိပ်ကို နှစ်ယောက်တည်း တွေ့သွားရင် မကောင်းဘူးလေ ... အရိပ်လေး သိက္ခာကျသွားမှာပေါ့"

အရိပ်မှာ အထင်လွဲပြီး ခုန ဘုဆတ်ဆတ် ပြောလိုက်



www.burmeseclassic.com

www.burmeseclassic.com



မိသည့်အတွက် စိတ်မကောင်း ပြန်ဖြစ်သွားရသည်။

"လိမ္မာတယ်နော် အရိပ်လေး ... သွားအိပ် ... သွား၊ မိန်းကလေးဆိုတာ သိက္ခာရှိမှ ဂုဏ်တက်တာ၊ မိန်းမတစ်ယောက်ရဲ့သိက္ခာဟာ သူ့ရဲ့တန်ဖိုးပဲ၊ ကိုယ် အရိပ်လေးကို တန်ဖိုးထားလို့ ပြောနေတယ်ဆိုတာ နားလည်တယ်မဟုတ်လား"

အရိပ် ညင်သာစွာ ခေါင်းညိတ်ပြလိုက်မိပါသည်။

ဘယ်လောက်တောင် ယောကျ်ားပီသလွန်းသည့် ယောကျ်ားတစ်ယောက်လဲကွယ်။

သူ့နှလုံးသားကို ပိုင်ဆိုင်သိမ်းပိုက်ခွင့်ရသည့် မိန်းကလေးမှာ ဘယ်လောက်ကံကောင်းလိုက်မလဲ။

အရိပ်က ကိုကံကောင်းခြင်းလက်ဆောင်ကို သူ့ထံမှ တိတ်တခိုး မျှော်လင့်ချင်ပါသည်။

## အခန်း (၁၄)

နှစ် ရက်ခန့်ကြာလျှင် ...

တောထဲမှာ သူတို့ စမ်းတဝါးဝါးပြေးဆဲ မလှမ်းမကမ်းဆီမှ သေနတ်သံတွေကို မကြာခဏ ကြားရလေလျှင် ...

လက်ရုံးတစ်ယောက် သိလိုက်ပြီ။

"ဟိုလူတွေ ဒီအနားတစ်ဝိုက်မှာ ရှိနေပြီ၊ ဒါကြောင့် သေနတ်သံပေးပြီး လှမ်းခြောက်နေတာ"

သေနတ်သံတွေ ကြားကတည်းက အားလုံး မျက်ကလူးဆန်ပျာဖြစ်ကာ တောင်ပြေးရမှန်းမသိ မြောက်ပြေးရမှန်းမသိနှင့် တုန်လှုပ်ချောက်ချားသွားကြတော့သည်။

"အားလုံး ... အရမ်းကြောက်မနေကြပါနဲ့၊ စိတ်ကို တည်ငြိမ်အောင် အရင်ထိန်းကြပါ၊ အမိက,က လူစုမကွဲဖို့ပဲ၊ စည်းစည်းလုံးလုံးနဲ့ လူစုပြီးပြေးမှ ဖြစ်မယ်၊ တစ်ဦးကောင်းချွန်ပြီ



www.burmeseclassic.com

www.burmeseclassic.com



မပြေးပါနဲ့ ... ဒုက္ခတွေ့လိမ့်မယ်''

လက်ရုံး အားလုံးကို သေချာမှာသည်။

သူကတော့ အရိပ်တစ်ယောက်ကို မလွတ်စတမ်း တင်းကျပ်နေအောင် လက်ချင်းဆုပ်ကိုင်လျက် ပြေးသည်။

အရိပ်ကလေးကို သူ စိတ်မချနိုင်ဘူးလေ။

သူတို့ အသည်းအသန်ပြေးဆဲ မျက်စိတွေလည်နေရင်းမှ သူတို့ရှေ့ လူတစ်စုမှာ ဘွားခနဲ ပေါ်လာခဲ့သည်။

အားလုံးမှာ အံ့အားအသင့်ကြီး သင့်သွားရသည်မို့ ကြောင်ပြီး ကြက်သေ သေနေမိကြသည်။

ပထမဆုံး သတိပြန်ဝင်လာသူက အရိပ် ...။

''ဘဘ''

ဟု အော်ကာ ရှေ့နေကြီးဆီ ဝမ်းသာအားရပြေးသည်။

''အေး ... ဘဘ လိုက်လာတာ၊ စိတ်အေးအေးထားတော့၊ ဘာမှ မဖြစ်တော့ဘူး ...သီလား''

ဘဘရဲ့ အားပေးစကား ကြားရတော့မှ သူ ဟင်းခနဲ





သက်ပြင်းမောကြီး ချနိုင်တော့သည်။

ဘဘနှင့်အတူ ဒေသခံပြည်သူတွေရော၊ ပြည်သူ့ရဲတွေရော ရောက်လာပြီမို့ သူ စိတ်အေးရချေပြီ။

သိပ်မကြာသော အချိန်အတွင်းမှာပင် လက်နက်ကိုင် လူတစ်စုကို ဖမ်းဆီးမိတော့သည်။

သူကတော့ အရာအားလုံး ငြိမ်းချမ်းသွားခဲ့ရပြီမို့ ချစ်လှစွာသော အရိပ်ကလေးရဲ့ အဖြူထည်မျက်နှာကလေးကိုသာ မြတ်နိုးလှစွာ တစိုက်မက်မက်ကြည့်ပြီး အမောပြေနေမိတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## အရိုင်းကလေးရဲ့ ရင်ထဲမှာ

သူတို့အုပ်စု ရန်ကုန်ပြန်ရောက်ပြီးနောက် မကြာခင်မှာပင် မျက်သားပြာရဲ့ ဘဝကြင်ဖော် ရွေးချယ်ကြေညာမည့် အစီအစဉ်ကို သတင်းကြားရတော့သည်။

တကယ်တော့ ဒီအစီအစဉ်ကို အရင်ထဲက သူ စိတ်မဝင်စားပါ။

အရွေးချယ်ခံသည့် ယောက်ျားထဲမှာလည်း သူ မပါဝင်သည်မို့ သူ့အတွက် အနေသာကြီးပင်။

ပြီးတော့ မျက်သားပြာ ဘယ်သူ့ကိုရွေးရွေး သူ စိတ်မဝင်စားပါ။

သူရိန်ခတို့လေးယောက်ထဲက တစ်ယောက်ကို ရွေးမှာတော့ အသေအချာပဲမို့ သူ ထူးပြီးစိတ်မဝင်စားတော့ပြီ။

သူ့အတွက် အရေးကြီးသည်က အရိုင်းကလေးပင်။

သက်ပိုင်ရဲစာပေ



အရိုင်းကလေးသည်သာ သူ့ကို ရင်ခုန် စိတ်လှုပ်ရှားအောင် လုပ်နိုင်စွမ်းရှိသည်လေ။

ခုတော့ မျက်သားပြာရဲ့ ကြင်ဖော်ကိစ္စနှင့် အရိုင်းကလေးသည်လည်း မအားလပ်ရ။

မျက်သားပြာရဲ့ကိစ္စ ပြီးတော့မှပဲ အရိုင်းကလေးကို အေးအေးဆေးဆေး နှစ်ကိုယ်ကြားကလေး ချစ်ရေးဆိုတော့မည်ဟု သူ တိတ်တိတ်ဆိတ်ဆိတ် အစီအစဉ်ဆွဲထားမိသည်။

ပေါလောဆယ်တော့ ကုမ္ပဏီရဲ့ဥက္ကဋ္ဌဖြစ်သူ ဒေါ်မျက်သားပြာရဲ့ ကြင်ဖော်ရွေးချယ်ပွဲမှာ ဝန်ထမ်းတစ်ယောက်အနေနှင့် သူလည်း တက်ရောက်ရတော့သည်။

ပြီးတော့ အခမ်းအနားကလည်း ကုမ္ပဏီရဲ့အစည်းအဝေးခန်းမမှာပဲ ကျင်းပတာဖြစ်သည်။

သူရိန်ခတို့လေးယောက်ကတော့ အနောက်တိုင်း ဝတ်စုံကို အခန့်ညားဆုံးဖြစ်အောင် အပြိုင်အဆိုင် ဝတ်ဆင်လျက် ခန်းမထဲမှာ လမ်းသလားကာ ဟန်ရေးပြနေကြသည်။

"တောထဲမှာတုန်းက မျက်သားခြေထောက်နာတော့ ကျွန်တော် မိုင်ဝက်လောက် ကုန်းပိုးခေါ်ခဲ့တာ"

"တောထဲမှာတုန်းက မျက်သား ဗိုက်ဆာမှာစိုးလို့ တောနင်းပြီး သားကောင်ရှာခဲ့တာ"

"တောထဲမှာတုန်းက ..."

သက်ပိုင်ရဲစာပေ

www.burmeseclassic.com

www.burmeseclassic.com



ညှော်ပရိသတ်တွေကို လေးယောက်သား "တောထဲမှာ တုန်းက …" အစချီကာ ဝင့်ကြွားပြောဆိုနေကြတာ ကြားရတော့ သူ ကျိတ်ပြုံးမိသည်။

ကြွားကြပါစေလေ …။

အပြိုင်အဆိုင် ကြင်ဖော်ဖြစ်ချင်နေကြသည်ကိုး။

မကြာခင်မှာပဲ …

အခမ်းအနားကို လှပစွာ ဖွင့်လှစ်လိုက်ကာ အမွှေထိန်း ရှေ့နေကြီး ဘဘဦးအာကာမောင်မောင် စင်မြင့်ပေါ်သို့ တက်လာပြီး …

"ကြွရောက်လာကြသည့် ညှော်ပရိသတ်အပေါင်းတို့ ခင်ဗျာ …မကြာခင်အချိန်အတွင်းမှာပဲ ရွှေရောကုမ္ပဏီကြီး၏ ဥက္ကဋ္ဌမှုနေပြီး သူမ,ရွေးချယ်ထားသည့် ဘဝကြင်ဖော် ခင်ပွန်းလောင်းကို ထုတ်ဖော်ကြေညာတော့မှာ ဖြစ်ပါတယ်"

ဘဘ နိဒါန်းပျိုးပေးပြီး မကြာခင်မှာပဲ မျက်စိလွှဲမရနိုင်လောက်အောင် နုဖပ်ချောမွေ့ကာ ကြည်စင်ဝင်းမွတ်နေသည့် နတ်သမီးလေးတစ်ပါးမှာ တန်ဖိုးကြီး လှပအိညက်လှသည့် ဝတ်စုံကလေးနှင့် စင်မြင့်ပေါ်သို့ သိမ်မွေ့ညင်သာစွာ တက်လာခဲ့လေသည်။

ပရိသတ်များအားလုံးမှာ ဟင်ခနဲ အံ့သြသွားရသည်။

စင်မြင့်ပေါ်သို့ တက်လာသည့် မိန်းမလှကလေးမှာ





မျက်သားပြာမဟုတ်။

လှက်ရုံးလည်း အံ့သြစွာ ထိုမိန်းမလှလေးကို အသေအချာ စိုက်ကြည့်မိတော့သည်။

သူ့အကျင့်အတိုင်း မိန်းမလှလေးရဲ့မျက်ဝန်းများကို အရင်ကြည့်မြင်လိုက်လျှင် …

စူးတောက်သော၊ ထက်မြက်သော၊ သို့သော် နူးညံ့သိမ်မွေ့သော မျက်ဝန်းကလေးများ။

အဲဒီ မျက်ဝန်းကလေးများကို သူ အသေအချာသိပါရဲ့။

သူ့ရင်ထဲ ဒိုင်းခနဲ ခုန်လှုပ်သွားခဲ့ရသည်။

အရိပ်ကလေးရဲ့ မျက်ဝန်းများ။

သူ အံ့သြလို့နေဆဲ …

အတွင်းရေးမှူးဝတ်စုံဝတ်ထားသော မျက်သားပြာမှာ စင်မြင့်ပေါ်တက်လာပြီး ပထမမိန်းမလှလေး၏နံဘေးတွင် ဝင်ရပ်လိုက်သည်ကို တွေ့လိုက်ရသော ညှော်ပရိသတ်များမှာ အံ့သြဝေခွဲမရ ဖြစ်သွားကြရသည်။

ဘာတွေ ဖြစ်ကုန်ပြီလဲ။

အားလုံး အံ့သြတုန်းဖြစ်ကြဆဲ မိန်းမလှလေးက စကားစလေသည်။

"ကျွန်မက မြရိပ်ထင်ပါ"

ဘုရားရေ …



www.burmeseclassic.com

www.burmeseclassic.com



အာမေဒိတ်သံများ ခန်းမတစ်ခုလုံး လွှံ့ကျသွားခဲ့ရသည်။

နုတ်ခမ်းဖေါ်ထော် တွဲတွဲ၊ မျက်ရစ်မပါသော မျက်ပေါက်ကျဉ်းကျဉ်း၊ အသားညိုပြာသော ရုပ်ဆိုးမကလေးဟာ ခုတော့ နတ်သမီးလေးတမျှ သိပ်လှသော မြရိပ်ထင်ပါတဲ့လား။

"ဟုတ်ကဲ့ … ကျွန်မက ကွယ်လွန်သွားခဲ့ပြီဖြစ်တဲ့ ဟော့ဒီရွှေရောကုမ္ပဏီရဲ့ဥက္ကဋ္ဌ ဒေါ်ဒေဝီနှောင်းရဲ့ သမီးအစစ်ပါ"

သူမက အတွင်းရေးမှူးဝတ်စုံဝတ်ထားသော မျက်သားပြာဘက် လက်ဝါးကလေးဖြန့် ညွှန်ပြကာ …

"သူကတော့ ကျွန်မကို ကူညီပေးခဲ့တဲ့ ကျွန်မရဲ့ သူငယ်ချင်း ဖြစ်, အတွင်းရေးမှူးလည်း ဖြစ်တဲ့ မျက်သားပြာပါ၊ ကျွန်မနဲ့ မျက်သား နေရာချင်းလဲပြီး သရုပ်ဆောင်ခဲ့တာကတော့ ဒီနေ့ အစီအစဉ်အတွက် လှည့်ကွက်ကလေးတစ်ခုပါလို့ပဲ ဖွင့်ဟဝန်ခံပါရစေရှင်"

အရိပ် … အရိပ်ဟာ … ဒီကုမ္ပဏီရဲ့ဥက္ကဋ္ဌ။

ဒေါ်ဒေဝီနှောင်းရဲ့သမီး။

ဒါဆို ကြွင်ဖော်ရွေးချယ်တဲ့အစီအစဉ်ဟာ အရိပ်ကလေးအတွက်ပေါ့။

အရိပ်ကလေးဟာ သူရိန်ခတို့ ဆန်ခါတင်လေးယောက်ထဲက တစ်ယောက်သောသူကို ရွေးချယ်မှာ သေချာပါတယ်၊





သွားပြီပေါ့ …။

သဲထက် အက္ခရာတင်ခဲ့သော သူ့နှလုံးသားမော်ကွန်းလေး ကြေမွဖျက်ဆီးခဲ့ရပြီပေါ့။

သူ မခံမရပ်နိုင်အောင် ရင်ထဲ မောဟိုက်နွမ်းလျလို့လာခဲ့သည်။

လက်လှမ်းလို့ မရွယ်ခင်ကပင် သူ့ရဲ့အချစ်ပန်းဖူးကလေးကို လက်လွှတ်ဆုံးရှုံးရတော့မှာပါလား။

သူ ခန်းမထဲမှာ ဆက်နေနိုင်စွမ်း မရှိတော့။

ချက်ချင်း ထရပ်ကာ ပြန်ရန်ပြင်ခိုက် …

"လက်ရုံး ဘယ်လဲ"

အနားကိုရောက်လာသူက ဘဘ။

"ဦးစီးစီကြီးဖြစ်နေလို့ ဘဘရာ … ပြန်တော့မလို့"

"ပြန်လို့ဖြစ်မလားကွ နေရမှာပေါ့၊ ကိုယ့်ဥက္ကဋ္ဌရဲ့ တစ်ဘဝလုံးစာအတွက် အရေးအကြီးဆုံးပွဲပဲဟာ၊ ထပြန်သွားရင် မင်း သိပ်ရိုင်းသွားမှာပေါ့"

သူ သက်ပြင်းချမိလျက် ဘဘစကားကို နာခံစွာ နေရာမှာ ပြန်ထိုင်လိုက်ရသည်။

"ကျွန်မရဲ့သတို့သားလောင်းဖြစ်သူရဲ့အမည်ကို ဖွင့်ဟမကြေညာခင် ကျွန်မ သူ့ကို ဘာဖြစ်လို့ ဘဝလက်တွဲဖော်အဖြစ် ရွေးချယ်ရသလဲဆိုတာ အရင် အသိပေး ရှင်းလင်းပြပါရစေ"



www.burmeseclassic.com

www.burmeseclassic.com



ခန်းမတစ်ခုလုံး သစ်ရွက်လေတိုးသံသဲ့သဲ့ကလေးမျှပင် မကြားဖူးအောင် တိတ်ဆိတ်ငြိမ်သက်လို့နေသည်။

"သူဟာ ကျွန်မ,မျှော်လင့်ခဲ့သလို ကျွန်မအပေါ် နားလည်မှုအပြည့်အဝ ပေးနိုင်တဲ့သူပါ၊ ပြီးတော့ ကျွန်မကို အစစအရာရာ လက်တွဲကူညီ ဖေးမနိုင်သူပါ၊ ယောကျ်ားပီသတဲ့အရည်အချင်းနဲ့ သတ္တိလည်း ရှိသူတစ်ယောက်ပါ၊ ဒါကြောင့် ကျွန်မ သူ့ကို ချစ်မြတ်နိုးလေးစားစွာနဲ့ ဘဝတစ်သက်တာ လက်တွဲအားကိုးသွားဖို့ ဆုံးဖြတ်လိုက်မိတာ ဖြစ်ပါတယ်"

အရိပ်ကလေးမှာ စင်မြင့်ပေါ်မှနေ ခင်ပွန်းလောင်းကို ညွှန်းစာဖွဲ့နေသလောက် လက်ရုံးကတော့ ခေါင်းကြီးငိုက်စိုက်ချတာသာ နေမိသည်။

သူ တစ်သက်လုံး အရိပ်ကလေးကို လက်လွှတ်ဆုံးရှုံးရတော့မှာလေ။

ချစ်သည့်အကြောင်းကိုလည်း အရိပ်အမြွက်မျှပင် မပြောသာတော့ပြီ။

သူတစ်ယောက်တည်း နွမ်းလျကြေကွဲနေရခိုက် အရိပ်ကတော့ သူမရဲ့ခင်ပွန်းလောင်းအကြောင်း စိတ်ပါလက်ပါ ပြော၍နေဆဲ။

"သူဟာ ယောကျ်ားပီသစွာ ဦးဆောင်နိုင်သူ, တာဝန်ယူ ခေါင်းဆောင်နိုင်သူတစ်ယောက်ရဲ့ အရည်အချင်းတွေနဲ့ ပြည့်စုံ





တဲ့အတွက် ကျွန်မနဲ့လက်ထပ်ပြီးတဲ့နောက်မှာ ဟော့ဒီ ရွှေရောကုမ္ပဏီရဲ့ ဥက္ကဋ္ဌအဖြစ်နှင့် ကုမ္ပဏီကို ဦးဆောင်စေမှာ ဖြစ်ပါတယ်၊ ကျွန်မကတော့ သူ့ရဲ့ ဇနီးကြင်ရာအဖြစ် လက်တွဲကူညီသွားမှာ ဖြစ်ပါတယ်၊ သူဟာ အပြင်ကလူ မဟုတ်ပါဘူး"

ညှိသည်များအားလုံးမှာ အပြင်ကလူ မဟုတ်ပါဘူးဆိုသည့် စကားကြောင့် စိတ်ဝင်တစား ရုတ်ရုတ်သဲသဲ ဖြစ်သွားရသည်။

တစ်ချိန်လုံး ကိုယ်နိုးနိုးနှင့် ထင်ကြေးပန်ပြီး ဂုဏ်ယူဝင့်ကြွားစွာ ခေါင်းမော့ပြုံးပြ၍နေခဲ့သော သူရိန်ခတို့လေးယောက်မှာတော့ ချက်ချင်း ထိတ်ထိတ်ပျာပျာ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြသည်။

"ဟုတ်ကဲ့ ... သူဟာ ဟောဒီကုမ္ပဏီက ကျွန်မတို့ရဲ့ လုပ်ဖော်ကိုင်ဖက် တစ်ဦးလည်း ဖြစ်ပါတယ်၊ ဒါပေမဲ့ ကျွန်မရဲ့ ကြင်ယာရွေးချယ်ပွဲမှာ ယောကျ်ားမာန, ယောကျ်ားသိက္ခာနဲ့ ဝင်ရောက် ယှဉ်ပြိုင် အရွေးချယ်မခံခဲ့တဲ့ လူတစ်ယောက်ပါ"

အားလုံး ပဟေဠိပေါင်းများစွာနှင့် ဆူညံ၍နေသည်။

ထင်ကြေးပေးသံများ စဲသွားသည့်အချိန်အထိ အရိပ်ကစောင့်ကာ အသံကို မြှင့်၍ ...

"သူကတော့ ကျွန်မရဲ့ ..."

ကြေညာလိုက်သော နာမည်တစ်ခုကို သူ မကြားမိ



www.burmeseclassic.com

www.burmeseclassic.com



တော့။

သူ့ခန္ဓာကိုယ်တစ်ခုလုံး လေထဲ လွင့်တက်မြောက်ပါသွားသလို ခံစားလိုက်ရသည်။

''ကွန်ဂရက်ကျူးလေးရှင်း လက်ရုံး''

သူ့ကို ပထမဆုံး လက်ဆွဲနှုတ်ဆက်ဂုဏ်ပြုသူမှာ ဘဘဦးအာကာမောင်မောင်။

ထို့နောက် ...

သူ့အနား ပြုံးဆင်းလာကြသော လူအုပ်ကြီး ...၊

သူ့ရဲ့ ကုမ္ပဏီဝန်ထမ်းများ ...၊ ညီ့သည်များ ...။

ဒါ အိပ်မက်လှလှလေးတစ်ခုလား။

ဟင့်အင်း ... မယုံကြည်နိုင်။

သူ ရင်ခုန်သံတွေကို မထိန်းချုပ်နိုင်တော့ ...

ပေါက်ကွဲသွားပါစေ။

ပွင့်ထွက်သွားပါစေ။

ဖွင့်လွှတ်လိုက်တော့ကာ လူအုပ်ကြီးကို အတင်းတိုးဝှေ့လျက် ပြေးသွားမိတော့သည်။

စင်မြင့်ပေါ်သို့ လှမ်းခနဲ သူ ခုန်တက်လိုက်ချိန်။

အံ့အားသင့် ထိတ်လန့်သွားသော သူ့ရဲ့ နတ်မိမယ်ကလေး။

သူ ခါးကျဉ်ကျဉ်လေးမှနေ အားရပါးရ မြှောက်ချီကာ





မွှေ့ယမ်းလိုက်မိတော့သည်။

ဟေးခနဲ အားပေးသံများမှာ ခန်းမတစ်ခုလုံး ပွင့်ကွဲထွက်တော့မတတ်။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## ပန်းနုသွေးခြယ် မင်္ဂလာဦး

BURMESE CLASSIC .com

"မောလိုက်တာ အရိပ်ကလေးရယ် ... တစ်နေ့လုံး ညည်း ခံရ စီစဉ်ရနဲ့"

စကားလေးနှင့်အတူ လေချိုသွေးရင်း လက်ရုံး ညာတာ ပါတေးနှင့် ချစ်ဖနီးချောကလေးကို ရင်ခွင်ထဲ ဆွဲသွင်းဖို့ ကြံရွယ်သည်။

"အံမယ် ... ဘာလဲ ... အဆင့်တွေ မကျော်ပါနဲ့နော်"

သူ ပါးစပ်အဟောင်းသား ဖြစ်သွားရသည်။

"ဘာလဲဟင် အရိပ်ကလေး ... ဘာအဆင့်လဲ"

"မသိချင်ယောင် မဆောင်နဲ့ ... ခုချိန်ထိ သူများကို ချစ်တယ်လို့ တစ်ခွန်းမှ မပြောရသေးဘဲနဲ့"

"အာ ... ဟုတ်သားပဲ"

သူ့နဖူး သူရိုက်လိုက်မိသည်။





"ဆောရီးကွာ ... ဟို ... ဟို ... မေ့ ... မေ့ ... အဲ ... ဟုတ်ဘူး ... မအားလို့"

"ဘာ ... မအားလို့ ... ဟုတ်လား"

"ဟုတ်ဘူး ... မအားလို့ဆိုတာက နှစ်ကိုယ်ကြားလေး ပြောချင်တာ မအားသေးလို့ စောင့်နေတာလေ"

"ဟင်း ... သွားပါ ... သတ္တိဖြင့်မရှိဘဲနဲ့၊ သဲပေါ်မှာလည်း သူများကိုချစ်တယ်လို့ စာရေးပြီး ပြန်ဖျက်ပစ်တယ် မဟုတ်လား"

"ဟာ ... အရိပ်ကလေး သိတယ် ... ဟုတ်လား"

"သိတာပေါ့ ... သူမဖျက်ခင်ကတည်းက ဒီက ဖတ်ပြီး သွားပြီဥစ္စာ"

"အာ ... ရှက်လိုက်တာကွာ၊ ကဲ ... မထူးတော့ပါဘူး ... သိပြီးသားဆိုမှတော့ အားလုံးသိအောင်ပဲ အော်ပြောလိုက်တော့မယ် ...

အရိပ်ကလေးကို ချစ်တယ်၊
အရိပ်ကလေးကို ချစ်တယ်၊
ချစ်တယ် ချစ်တယ်
ချစ်တယ် ချစ်တယ်
ချစ်တယ် ချစ်တယ် ချစ်တယ်"

အချစ်သံစဉ်ကို ဖောက်ခွဲဟစ်ကြွေးရင်း လက်ရုံး...



www.burmeseclassic.com

www.burmeseclassic.com



အရိပ်ရဲ့ ကိုယ်လုံးကျစ်ကျစ်လေးကို ရင်ခွင်ထဲဆွဲယူပြီး သိမ်းကျုံးပွေ့ဖက်ပစ်လိုက်၏။

"ဟိတ် ...မကဲနဲ့ကွာ"

အရိပ်က ချစ်စဖွယ်မျက်စောင်းလေး ရွယ်ပြီး ကိုယ်လုံးလေးကို တွန့်လိမ်၍ရုန်းသည်။

ဒါပေမဲ့ အဲဒီရုန်းကန်မှုက ဘယ်လိုမှ အားမပါဘဲ ဟန်ဆောင်ရုန်းလေးဆိုတာ လက်ရုံးက သိပြီးသား။

ရှက်သွေးတို့ဖြင့် ပန်းသွေးရဲနေတဲ့ အရိပ်ရဲ့ နုမွတ်ဝင်းပတဲ့ ပါးပြင်လေးပေါ်သို့ ကာလရှည်ကြာ အောင့်အည်းမျိုသိပ်ထားခဲ့ရတဲ့ လက်ရုံးရဲ့ အနမ်းပွင့်တွေက တစ်ပွင့်ပြီးတစ်ပွင့် တသဲသဲ ကြွေကျသွားတော့သည်။

နလုံးသားသည်းနုမှ ချစ်ခြင်းများစွာဖြင့်

သက်ပိုင်ရဲ

BURMESE CLASSIC .com

www.burmeseclassic.com